Kayah Earthrights Action Network

# ကျွန်ုပ်တို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်



ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေး
လှုပ်ရှားဆောင်ရွက်မှုကွန်ယက်

**Kayah Earthrights Action Network**

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်

# အဖွဲ့အစည်းအကြောင်းအကျဉ်းချုပ်

KEAN
Kayah Earthrights Action Network

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက် Kayah Earthrights Action Network (KEAN) သည် ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင်စတင်ဖွဲ့စည်းခဲ့ပြီး ကယားပြည်နယ်အတွင်းလူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးအတွက် စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် အဖွဲ့အစည်းစတင်ဖွဲ့စည်းချိန်မှစတင်၍ဒေသခံပြည်သူများအားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများဝေမျှခြင်း၊ လယ်ယာမြေအခွင့်အရေးဆိုင်ရာအသိပညာပေးခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းကြောင့်ထိခိုက်မှုများနှင့်ပတ်သက်သောအသိပညာပေးခြင်းလုပ်ငန်းများဖြင့်စတင်လုပ်ဆောင်ခဲ့ပါသည်။ လက်ရှိတွင်ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ဒေသခံတိုင်းရင်းသားများ၏မြေယာဆိုင်ရာအခွင့်အရေး၊ သတ္တုဆိုင်ရာအခွင့်အရေး၊ သစ်တောဆိုင်ရာအခွင့်အရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းကြောင့်ထိခိုက်မှုများနှင့်ပတ်သက်သောကဏ္ဍ(၄)ခုတွင်ဒေသခံများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့်အတူတစ်ကွပူးပေါင်းဆောင်ရွက်နေပါသည်။ ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ထိုကဏ္ဍ(၄)ခုနှင့်ပတ်သက်သောအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုများကိုပြုလုပ်ရာတွင် အသိပညာပေးခြင်း၊ သုတေသနပြုခြင်းနှင့်စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းတို့ကိုအသုံးပြု၍လုပ်ဆောင်နေပါသည်။

**မျှော်မှန်းချက်။ ။**

ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိဒေသခံပြည်သူလူထုများ အခြေခံလူ့အခွင့်အရေးနှင့်လူမှုတရားမျှတမှုများရရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့်၄င်းတို့၏သဘာဝဝန်းကျင်တွင်နေထိုင်သွားနိုင်ရန်၊

**ရည်မှန်းချက်။ ။**

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်သောအကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိဒေသခံများ လူ့အခွင့်အရေးတိုးတက်ရရှိစေရေး၊ လူမှုတရားမျှတမှုရှိစေရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လုပ်ဆောင်သွားမည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ဒေသခံများအားစွမ်းရည်မြှင့်တင်ခြင်း၊ လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာချိုးဖောက်မှုများကိုမှတ်တမ်းတင်ခြင်းနှင့်ဒေသခံများ၏အခွင့်အရေးတိုးတက်စေရေးအတွက်ဒေသခံတို့နှင့်ပူးပေါင်း၍ စည်းရုံးလှုံ့ဆော်ခြင်းတို့ကိုလုပ်ဆောင်သွားမည်။

# မာတိကာ


| | |
|---|---|
| အဖွဲ့အစည်းအကြောင်းအကျဉ်းချုပ် | ၁ |
| မာတိကာ | ၃ |
| စကားလုံးရှင်းလင်းချက် | ၅ |
| အစီရင်ခံစာအကျဉ်းချုပ် | ၆ |
| နောက်ခံအကြောင်းအရာ | ၉ |
| ၁။ ကျွန်ုပ်တို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှု | ၁၁ |
| ၂။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ | ၁၁ |
| ၂.၁။ ရိုးရာဓလေ့အရမြေအမျိုးအစားနှင့်အဓိပ္ပါယ်သတ်မှတ်ချက်များ | ၁၃ |
| ၂.၁.၁။ စိုက်ပျိုးရေးမြေ | ၁၃ |
| ၂.၁.၂။ သာသနာမြေ | ၁၄ |
| ၂.၁.၃။ အထွင့်အမြတ်ထားရာမြေ | ၁၄ |
| ၂.၁.၄။ သချိုင်းမြေ | ၁၄ |
| ၂.၁.၅။ စားကျက်မြေ | ၁၅ |
| ၂.၁.၆။ သစ်တောမြေ | ၁၅ |
| ၂.၁.၇။ ကာကွယ်တောမြေ | ၁၅ |
| ၂.၁.၈။ အများပိုင်မြေ | ၁၅ |
| ၂.၁.၉။ ရွာမြေ | ၁၅ |
| ၂.၁.၁၀။ မျိုးနွယ်စုပိုင်မြေ | ၁၅ |
| ၂.၁.၁၁။ သတ္တုတူးဖော်အသုံးပြုရန်မြေ | ၁၆ |
| ၂.၂။ ရိုးရာဓလေ့အရမြေပိုင်ဆိုင်ခြင်း | ၁၆ |
| ၂.၃။ ရိုးရာဓလေ့အရမြေလုပ်ပိုင်ခွင့်ပြုခြင်း | ၁၆ |
| ၂.၄။ ရိုးရာဓလေ့အရမြေပိုင်ဆိုင်သူ၏အခွင့်အရေး | ၁၇ |
| ၂.၅။ ရိုးရာဓလေ့အရလယ်ယာမြေပိုင်ဆိုင်သူနှင့်အသုံးပြုသူများလိုက်နာရမည့်စည်းမျဉ်းစည်းကမ်း | ၁၇ |
| ၂.၆။ ရိုးရာဓလေ့အရမြေယာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း | ၁၈ |
| ၂.၇။ ရိုးရာဓလေ့အရမြေအငြင်းပွားမှုဖြေရှင်းခြင်း | ၁၉ |

၂.၈။ ရိုးရာဓလေ့အရမြေနှင့်ပတ်သက်သောနစ်နာကြေး၊ လျော်ကြေးသတ်မှတ်ခြင်း ၁၉
၂.၉။ ရိုးရာဓလေ့အရမြေအသုံးချခြင်း ၂၀
၂.၁၀။ ရိုးရာဓလေ့အရမြေကိုစီမံခန့်ခွဲခြင်း ၂၀
၂.၁၁။ ရိုးရာဓလေ့အရမြေနှင့်ပတ်သက်သောပြစ်မှုနှင့်ပြစ်ဒဏ်များ ၂၀
၂.၁၂။ ရိုးရာဓလေ့အရမြေအမွေပေးခြင်း ၂၁
၂.၁၃။ ရိုးရာဓလေ့အရနယ်နိမိတ်သတ်မှတ်ခြင်း ၂၁
၃။ ရိုးရာဓလေ့အရမြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ရင်ဆိုင်နေရသောခြိမ်းခြောက်မှုများ ၂၄
၄။ ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အပေါ် လက်ရှိလယ်ယာမြေဆိုင်ရာပြဌာန်း ၂၆
ဥပဒေနှင့်နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်သက်ဆိုင်သောယန္တရားများ၏အသိအမှတ်ပြုမှုများ
၅။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရေးကြီးပုံ ၄၆
၅.၁။ မြေသည်ဌာနေတိုင်းရင်းသားတို့၏အသက်ဖြစ်ခြင်း ၄၈
၅.၂။ ရိုးရာဓလေ့ဆိုင်ရာအသိပညာဗဟုသုတများနှင့်ရေရှည်တည်တံ့စေသောအလေ့အကျင့် ၅၀
များဖြစ်ခြင်း
၅.၃။ မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်ရှိသောသဘောသဘာဝဖြစ်ခြင်း ၅၀
၅.၄။ ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာတုံ့ပြန်ခြင်း ၅၃
၅.၅။ လူနေမှုဘဝတည်ငြိမ်မှု၊ ပဋိပက္ခများနည်းပါးစေခြင်း ၅၅
၆။ ဖြစ်ရပ်မှန်လေ့လာခြင်း ၅၆
၇။ အချက်အလက်ကောက်ယူမှုပုံစံစနစ် ၅၉
၇.၁။ မေးခွန်းပုံစံများအသုံးပြု၍အချက်အလက်များကောက်ယူခြင်း ၅၉
၇.၂။ သင်တန်းနှင့်ဆွေးနွေးပွဲများ ၅၉
၇.၃။ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ခြင်း ၅၉
၇.၄။ တွေ့ဆုံမေးမြန်းခြင်း ၆၀
၇.၅။ ပုံပြောမှတ်တမ်းတင်ခြင်း ၆၀
၇.၆။ ဖြစ်ရပ်မှန်လေ့လာခြင်း ၆၀
၇.၇။ မြေပုံရေးဆွဲခြင်း ၆၀
၇.၈။ အချက်အလက်များဆန်းစစ်ခြင်း ၆၁
၈။ အချက်အလက်ကောက်ယူသောဒေသ ၆၆

၉။ သုတေသနပြုခြင်းဖြစ်စဉ်၏အားသာချက်နှင့်အကန့်အသတ် ၆၇

၁၀။ အကြံပြုချက် ၆၈

၁၁။ နိဂုံး ၆၉

နောက်ဆက်တွဲများ

(က) ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအသုံးပြုမှု/စီမံခန့်ခွဲမှုအကြောင်းဆန်းစစ်လေ့လာခြင်းပုံစံ

(ခ) ကျေးရွာနယ်နိမိတ်အတွင်းရှိလယ်ယာမြေနှင့်သက်ဆိုင်သောအချက်အလက်များကောက်ယူမှုပုံစံ

(ဂ) ကျေးရွာ၏လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာမေးခွန်းပုံစံ

# စကားလုံးရှင်းလင်းချက်။

၁။ UNDRIP (United Nations Declaration on the Rights of Indigenous People) ကမ္ဘာ့ကုလသမဂ္ဂဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း

၂။ ILO-C.169 (International Labor Organization Convention concerning Indigenous and Tribal Peoples) အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂ၏ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်

၃။ VGGT (Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forest) အမျိုးသားစားနပ်ရိက္ခာလုံခြုံစိတ်ချရေးဆိုင်ရာ မြေယာ၊ သားငါးနှင့်သစ်တောများလုပ်ပိုင်ခွင့်အားစီရင်အုပ်ချုပ်ခြင်းအတွက်လိုက်နာရမည့်လမ်းညွှန်ချက်များ

၄။ Customary Land Use Management System ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်

၅။ Free, Prior, Informed and Consent လွတ်လပ်သော၊ ကြိုတင်အကြောင်းကြား အသိပေးခြင်းနှင့်သဘောဆန္ဒရယူခြင်း

UNDRIP နှင့် ILO-C.169 သည်ဌာနေတိုင်းရင်းသားများ၏မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးနိုင်ငံတကာတွင်ရှိသောအဓိကယန္တရားကြီးနှစ်ခုဖြစ်သည်။ UNDRIP ကို၂၀၀၇ခုနှစ်တွင်ကမ္ဘာ့ကုလသမဂ္ဂ၏အထွေထွေညီလာခံတွင် နိုင်ငံအများစု၏သဘောတူညီချက်ဖြင့်အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ UNDRIP ကိုလိုက်နာရန်တာဝန်ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ILO-C.169 ကို ၁၉၈၉ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏အစည်းအဝေးတွင်အတည်ပြုခဲ့ပြီး နိုင်ငံပေါင်း၂၂နိုင်ငံကသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ILO-C.169 ကိုလိုက်နာအကောင်အထည်ဖော်ရန်သဘောတူလက်မှတ်ထိုးထားခြင်းမရှိသေးပေ။ VGGT ကို ၂၀၁၂ခုနှစ်တွင်ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအဖွဲ့၏ စားနပ်ရိက္ခာဖူလုံမှုအစီအစဉ်မှနိုင်ငံအစိုးရများအနေဖြင့်မိမိနိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်ပြီး လမ်းညွှန်မှုအဖြစ်အသုံးပြုနိုင်ရန်အတွက်အတည်ပြုခဲ့သည်။

# အစီရင်ခံစာအကျဉ်းချုပ်

ကျွန်ုပ်တို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အစီရင်ခံစာသည် ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ ဒေသခံဌာနေတိုင်းရင်းသားများ၏ဘိုးစဉ်ဘောင်ဆက်အသုံးပြုခဲ့သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်သည် ၎င်းတို့၏ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ နိုင်ငံရေး၊ လူမှုစီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်မည်သို့အပြန်အလှန်ဆက်နွယ်မှုရှိပုံနှင့်မည်သို့သောခြိမ်းခြောက်မှုများကြုံတွေ့နေရသည်ကို ဖော်ညွှန်းထားသောအစီရင်ခံစာတစ်ခုဖြစ်ပါသည်။ ဤအစီရင်ခံစာအားဖြင့်ကယား(ကရင်နီ)ပြည်နယ်တွင်ရှိသောဒေသခံဌာနေတိုင်းရင်းသားများသာမက အခြားသောဒေသရှိဒေသခံဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များသည် လူမျိုးစုတစ်စု၏ရေရှည်ရပ်တည်မှု၊ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ငြိမ်းချမ်းတည်ငြိမ်သော ဒီမိုကရက်တစ် သို့မဟုတ် ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံတည်ဆောက်မှုတို့အတွက်အရေးပါမှုတို့ကိုလည်းသိရှိသုံးသပ်နိုင်မည်ဖြစ်ပါသည်။

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်သောကွန်ယက်သည် ဤအစီရင်ခံစာပေါ်ထွက်လာစေရန်အတွက် ကယားပြည်နယ်၏ မြို့နယ်(၃)မြို့နယ်အတွင်းရှိကျေးရွာအုပ်စု(၁၅)စုမှကျေးရွာပေါင်း(၅၂)ရွာကိုအခြေခံကောက်ယူ၍ပြုစုထားခြင်းဖြစ်သည်။ ဤသုတေသနပြုခြင်းတွင် ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာအသုံးပြုမှုစနစ်ကို ၎င်းတို့နှင့်ပူးပေါင်း၍အချက်အလက်များကောက်ယူခြင်းနှင့်မှတ်တမ်းတင်ခြင်း၊ ဦးတည်အုပ်စုများနှင့်ဆွေးနွေးခြင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အပေါ်ခြိမ်းခြောက်မှုများနှင့်၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရမှုအခက်အခဲအခြေအနေများစသည်တို့ကို မှတ်တမ်းတင်ကောက်ယူခဲ့ပါသည်။

ဒေသခံဌာနေတိုင်းရင်းသားများသည် နိုင်ငံရေးအခြေအနေအရခေတ်စနစ်မည်သို့ပင်ပြောင်းစေကာမူ၎င်းတို့နှင့်ကိုက်ညီသောရိုးရာဓလေ့ထုံးတမ်းများကိုရာစုနှစ်များစွာကျင့်သုံးသုံးစွဲလာခဲ့ကြသည်။ ၎င်းတို့အထဲမှ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်သည်လည်း၎င်းတို့နှင့်ကိုက်ညီသောစနစ်များ၊ ကျင့်ထုံးများဖြင့်ကျင့်သုံးလာခဲ့သော်လည်းဖိနှိပ်အုပ်ချုပ်သောအာဏာရှင်အဆက်ဆက်သည်လည်းနည်းမျိုးစုံသုံးကာ၎င်းတို့နှင့်ကိုက်ညီမှုမရှိသောစနစ်များဖြင့် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များအဆုံးသတ်သွားစေရန်လုပ်ဆောင်နေသည်ကိုတွေ့ရှိရပါသည်။ ယခင်ကဒေသခံဌာနေတိုင်းရင်းသားများ၏မြေကိုအခွင့်အာဏာသုံး၍အဓမ္မသိမ်းဆည်းမှုများပြုလုပ်ရာမှ နောက်ပိုင်းတွင်ပုံစံအသစ်သုံး၍သိမ်းဆည်းမှုများကိုပြုလုပ်လာသည်ကိုတွေ့ရှိရပါသည်။ ၎င်းတို့အထဲမှသိသာထင်ရှားသောဖြစ်စဉ်တစ်ခုမှာ ၂၀၁၂ခုနှစ်မှစတင်၍မြေနှင့်ပတ်သက်သောမူဝါဒနှင့်ဥပဒေများအသစ်ထပ်မံပြဌာန်း၍ ဒေသခံဌာနေတိုင်းရင်းသားများ၏မြေယာများကိုတရားဝင်သိမ်းဆည်းနိုင်ရန်ပြုလုပ်လာသည်ကိုတွေ့ရှိရပါသည်။ အပေါ်ယံအားဖြင့်ထိုမူဝါဒနှင့်ဥပဒေသစ်များသည် ဒေသခံဌာနေတိုင်းရင်းသားများ၏မြေယာများကိုအကာအကွယ်ပေးသယောင်ရှိသော်လည်း အမှန်တစ်ကယ်တွင်ဒေသခံဌာနေတိုင်းရင်းသားများပိုင်ဆိုင်သောမြေများကိုလုံခြုံစိတ်ချသောအကာအကွယ်များပေးနိုင်မှုမရှိခြင်း၊ ပြဌာန်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများသည်လည်း ဒေသခံဌာနေတိုင်းရင်းသားများနားလည်သိရှိနိုင်မှုအတွက်ရှင်းလင်းလွယ်ကူသောယန္တရားများမရှိခြင်း၊ ထိုယန္တရားကိုအကောင်အထည်ဖော်မည့်လူ့အရင်းအမြစ်များလုံလောက်မှုမရှိခြင်းတို့ဖြစ်ပေါ်နေပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားတို့ဘိုးဘေးစဉ်ဆက်အသုံးပြုလာခဲ့သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများနှင့်ကိုက်ညီမှုမရှိ ရုံမျှမက ထိုဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များအားအဆုံးသတ်သွားစေရန်ဦးတည်နေသည်ကိုတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ဈေးကွက်စီးပွားရေးစနစ်သို့ဦးတည်သွားနေသောလမ်းကြောင်းများအရ တစ်ဘက်တွင်လည်းဒေသခံဌာနေတိုင်းရင်းသားများအတွက်အခွင့်အရေးများရှိသော်လည်း အခြားတစ်ဘက်တွင်လည်းခြိမ်းခြောက်မှုများနှင့်ပြည့်နက်နေပါသည်။

မြန်မာနိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သော ၂၀၀၈အခြေခံဖွဲ့စည်းပုံဥပဒေအရ နိုင်ငံအတွင်းရှိမြေထု၊ ရေထုနှင့်လေထုအားလုံး၏မူရင်းပိုင်ရှင်သည်နိုင်ငံတော်ဖြစ်သည်ဟုသတ်မှတ်ထားပါသည်။ ထို့အပြင်နိုင်ငံတော်အစိုးရ၏ မြေနှင့်သက်ဆိုင်သောမူဝါဒနှင့်ပြဌာန်းဥပဒေများတွင်လည်း ဌာနေတိုင်းရင်းသားများ၏မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ထိရောက်လုံခြုံသောအကာအကွယ်များပေးမှုများအလွန်အားနည်းနေရုံမျှမက ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကိုအကာအကွယ်ပေးနိုင်ရန်သဘောတူချုပ်ဆိုထားသည့်နိုင်ငံတကာရှိသဘောတူစာချုပ်များ၊ လမ်းညွှန်ချက်များ၊ အခွင့်အရေးကြေငြာစာတမ်းများကိုလည်းအကောင်အထည်ဖော်မှုအလွန်အားနည်းနေလျက်ရှိပါသည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားများ၏

ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းပိုင်ဆိုင်လာခဲ့သောမြေနှင့်သစ်တောများ၊ သဘာဝသယံဇာတများသည်လည်းမြိမ်းခြောက်မှုများ၊ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေရပါသည်။

ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများသည် လူမျိုးစုအရသော်လည်းကောင်း၊ မျိုးနွယ်စုအရသော်လည်းကောင်း၊ ဒေသအရသော်လည်းကောင်းကွဲပြားမှုများရှိသော်လည်း ၄င်းတို့နှင့်ကိုက်ညီမှုရှိသောဓလေ့များအပေါ်အခြေခံ၍အစဉ်အဆက်ကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။ ထိုဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာအမျိုးအစားသတ်မှတ်ခြင်း၊ မြေယာစီမံခန့်ခွဲခြင်း၊ ပိုင်ဆိုင်မှုသတ်မှတ်ခြင်း၊ အငြင်းပွားမှုများဖြေရှင်းခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ နစ်နာကြေးလျော်ကြေးများသတ်မှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်းစသောအကြောင်းအရာများပါဝင်သည်။ အထက်ပါဖြစ်စဉ်အများစုတွင်စာအားဖြင့်တိတိကျကျရေးမှတ်ထားခြင်းများမရှိသော်လည်း ယနေ့ထိတိုင်လက်ဆင့်ကမ်းကျင့်သုံးနေဆဲဖြစ်ပါသည်။ အုပ်ချုပ်သူအစိုးရအဆက်ဆက်၏အုပ်ချုပ်ရေးယန္တရားများသည်ဒေသခံဌာနတိုင်းရင်းသားများ၏နေထိုင်ရာဒေသများသို့ရောက်ရှိလာသော်လည်း ဒေသခံဌာနေတိုင်းရင်းသားများသည်၄င်းတို့ဘိုးဘေးစဉ်ဆက်အသုံးပြုလာခဲ့သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကို ခေတ်နှင့်အညီမွမ်းမံခြင်းများပြုလုပ်၍ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်နေဆဲဖြစ်ပါသည်။

ထို့ကြောင့်ဒေသခံဌာနေတိုင်းရင်းသားများ၏ပျော့ပျောင်းညင်သာမှုရှိပြီးလူ့အခွင့်အရေးနှင့်လူမှုတရားမျှတမှု၊ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်မှုနှင့်အပြန်အလှန်နားလည်လေးစားမှု၊ လွတ်လပ်မှုဖြင့်အများသဘောတူဆုံးဖြတ်နိုင်သောဓလေ့ထုံးတမ်းများဖြင့်စီမံခန့်ခွဲလာခဲ့သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကိုလစ်လျူရှုခြင်းများ၊ အဆုံးသတ်သွားစေရန်လုပ်ဆောင်နေမှုများသည်ဒေသခံဌာနေတိုင်းရင်းသားများအားနစ်နာစေရုံမျှမက တိုင်းပြည်၏လူမှုရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့်ရေရှည်တည်တံ့သောဝန်းကျင်ဖြစ်ရေးတို့အတွက်အဟန့်အတားဖြစ်ပါသည်။ထို့ကြောင့်ဒေသခံဌာနေတိုင်းရင်းသားများကိုအသိအမှတ်ပြုရုံမျှမက၄င်းတို့ကျင့်သုံးလာခဲ့သောဓလေ့ထုံးတမ်းမြေယာစနစ်များကိုအသိအမှတ်ပြုခြင်း၊၄င်းတို့လုပ်ကိုင်စားသောက်သောနယ်မြေနှင့်ပိုင်ဆိုင်သောမြေများကိုတရားဝင်အသိအမှတ်ပြု၍အကာအကွယ်များပေးခြင်းအားဖြင့် အနာဂတ်တွင်ပိုမိုကောင်းမွန်သောလူ့မှုဝန်းကျင်တစ်ခုစီသို့ဦးတည်သွားနိုင်ရန်အတွက် ဤအစီရင်ခံစာအားဖြင့်အကြံပြုနိုးဆော်အပ်ပါသည်။

***ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ***

လူမျိုးစုတစ်စု၏ရေရှည်ရပ်တည်မှု၊

ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ငြိမ်းချမ်းတည်ငြိမ်သော

**ဖယ်ဒရယ်ပြည်ထောင်စု**

နိုင်ငံတစ်နိုင်ငံတည်ဆောက်မှုတို့အတွက်

အလွန်အရေးပါသောအခန်းကဏ္ဍတွင်တည်ရှိနေပါသည်။


W
E
Shan State
Loikaw
Shadaw
Demoso
Hpruso
Bawlakhe
Hpasawng
Thailand
Mese
Kayin State
Legend
main roads
rivers_lake_centerlines
Township in Kayah (Karenni) state
States_Regions

# နောက်ခံအကြောင်းအရာ

ဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုအသိအမှတ်မပြုခြင်းနှင့်၎င်းတို့ပိုင်ဆိုင်သောမြေများကိုနည်းပေါင်းစုံဖြင့်သိမ်းဆည်းခြင်းများကြောင့် ကယား(ကရင်နီ)ပြည်ရှိဒေသခံဌာနေတိုင်းရင်းသားများသည် ၎င်းတို့ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ထိန်းသိမ်းလာခဲ့သောမြေများကိုဆုံးရှုံးရသည်သာမက ၎င်းတို့ကျင့်သုံးလာခဲ့သောမြေယာစီမံခန့်ခွဲမှုစနစ်များသည်လည်းခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရပါသည်။ ကယားပြည်နယ်သည်မြန်မာနိုင်ငံ၏အရှေ့ဘက်တွင်တည်ရှိပြီး မြောက်ဘက်တွင်ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့်မြောက်ဘက်တွင်ကရင်ပြည်နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊ မဲဟောင်ဆောင်ခရိုင်နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ကယား(ကရင်နီ)ပြည်နယ်ရှိစုစုပေါင်းလူဦးရေ၏(၅၅)ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီးစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်စားသောက်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုမြေပြန့်ဒေသများတွင် ရေသွင်းခြင်းဖြင့်အဓိကစိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင်မိုးရေကိုအဓိကမှီခိုလျက်စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသည်။

ဒေသခံဌာနေတိုင်းရင်းသားများသည် မိမိတို့၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်အညီရိုးရာဓလေ့မြေယာအသုံးပြုမှုစနစ်ကိုအသုံးပြု၍ မိမိတို့ဘိုးဘွားစဉ်ဆက်မှပိုင်ဆိုင်လာသောမြေနှင့်အရင်းအမြစ်များကိုလွတ်လပ်စွာစီမံခန့်ခွဲခဲ့ပါသည်။ ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်နှင့်ကျင့်ထုံးများသည် နှုးညံ့သိမ်မွေ့မှုရှိပြီးအသက်ဝင်စွာလှုပ်ရှားနေမှုကိုကြည့်ခြင်းအားဖြင့် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်၏အဆင့်မြင့်မှုကိုဖော်ပြနေပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များသည် ဒေသခံဌာနေတိုင်းရင်းသားများ၏ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အပြန်အလှန်နားလည်မှု၊ လူ့ဂုဏ်သိက္ခာ တန်ဖိုးထားမှု၊လွတ်လပ်စွာစီမံခန့်ခွဲမှု၊ အများ၏ပူးပေါင်းပိုင်ဆိုင်မှုများသည် ဒေသခံဌာနေတိုင်းရင်းသား၏လူနေမှုဘဝအခြေအနေများနှင့်သဟဇာတဖြစ်နေသည်ကိုလေ့လာတွေ့ရှိရပါသည်။ ဤရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များသည် ဒေသခံဌာနေတိုင်းရင်းသားများ၏ လူမှု-နိုင်ငံရေးကိုပိုမိုတည်ငြိမ်အေးချမ်းစေသည်သာမက ၎င်းတို့၏နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပိုမိုထိန်းသိမ်းထားနိုင်ပြီး အနာဂတ်မျိုးဆက်များအတွက်ရေရှည်တည်တံ့သောစနစ်ဖြစ်သည်ကိုတွေ့ရှိရပါသည်။

အခြားတစ်ဘက်တွင်လည်း ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာအသုံးချမှုစနစ်များသည်အခြားသူများ၏နယ်ချဲ့လွှမ်းမိုးမှု၊ အသိအမှတ်ပြုခြင်းမခံရမှုစသောခြိမ်းခြောက်မှုများနှင့်ကြုံတွေ့နေရပါသည်။ နိုင်ငံရေးအရသော်လည်းကောင်း၊ နိုင်ငံခြံစနစ်အရသော်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားများ၏နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးများသည် အခြားသူများ၏လက်အောက်ခံအဖြစ်သို့ရောက်အောင် အတင်းအဓမ္မသွတ်သွင်းခြင်းခံနေရပါသည်။ လက်ရှိပြဋ္ဌာန်းထားသောမူဝါဒနှင့်ဥပဒေများသည်လည်း ဒေသခံတိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းအရပိုင်ဆိုင်ထိန်းသိမ်းလာခဲ့သောမြေကိုအစိုးရ၏သစ်တောမြေများအဖြစ်သို့လည်းကောင်း၊ ကာကွယ်တောများအဖြစ်သို့လည်းကောင်း၊ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းမြေများအဖြစ်သို့လည်းကောင်း၊ အစိုးရပိုင်ဆိုင်သောမြေများအဖြစ်သို့လည်းကောင်း၊ စစ်တပ်ပိုင်မြေများအဖြစ်သို့လည်းကောင်း၊ ပြင်ပမှပိုင်ဆိုင်အသုံးပြုနိုင်ရန်အတွက်ဦးတည်တွန်းပို့နေပါသည်။ ထို့အပြင် လက်ရှိပြဋ္ဌာန်းထားသောဥပဒေများသည်လည်းဗဟိုချုပ်ကိုင်မှုစနစ်များပြီးဒေသခံဌာနေတိုင်းရင်းသားများ၏ နယ်နိမိတ်ပိုင်ဆိုင်မှုများ၊ ဓလေ့ထုံးတမ်းအရမြေပိုင်ဆိုင်မှုများကိုလစ်လျူရှုသည်သာမက ဒေသခံဌာနေတိုင်းရင်းသားများအချင်းချင်းအကြားတွင်ပဋိပက္ခများစွာကိုပိုမိုဖြစ်ပေါ်စေနေပါသည်။ ထို့ကြောင့်ဒေသခံဌာနေတိုင်းရင်းသားများ၏ လုံခြုံစိတ်ချသောမြေပိုင်ဆိုင်မှုများရရှိလာစေရန်အတွက် ***၎င်းတို့နှစ်ပေါင်းများစွာကျင့်သုံးလာခဲ့သော ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကိုတရားဝင်အသိအမှတ်ပြုခြင်း၊ ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုထင်ဟပ်စေမည့်ဥပဒေများပြဋ္ဌာန်း၍အကာအကွယ်ပေးခြင်းနှင့်၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကို ရေရှည်တည်တံ့အားကောင်းစေရန်အတွက်ပံ့ပိုးပေးခြင်း၊ အထူးအခွင့်အရေးများဖန်တီးပေးခြင်းဖြင့်*** ငြိမ်းချမ်းတည်ငြိမ်သောလူ့ဘောင်အဖွဲ့အစည်းသို့ဦးတည်သွားနိုင်ရန်ဖြစ်ပါသည်။



# ၁။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ

ဌာနေတိုင်းရင်းသားများမိမိတို့ကိုယ်တိုင်နားလည်သော ဗဟုသုတနှင့်မိမိတို့ဒေသနှင့်ကိုက်ညီသောနည်းစနစ်များဖြင့် နှစ်ပေါင်းများစွာမိရိုးဖလာနည်းများဖြင့်ဆင့်ကဲအသုံးပြုလာပြီး လွတ်လပ်မှု၊ နားလည်မှု၊ အပြန်အလှန်အသိအမှတ်ပြု လေးစားမှု၊ လူမှုတရားမျှတမှုများကိုအခြေခံသောမြေယာစီမံခန့်ခွဲခြင်းစနစ်ကိုဆိုလိုပါသည်။ ထို့အပြင်၎င်းတို့သိရှိနားလည်အသုံးပြုသောမြေယာစီမံခန့်ခွဲမှုစနစ်သည် ရိုးရှင်း၍ပျော့ပျောင်းညင်သာမှုရှိပြီး ၎င်းတို့၏ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဂေဟစနစ်ထိန်းသိမ်းမှုတို့နှင့်လိုက်လျောညီထွေမှုရှိ၍ ပုဂ္ဂလိကအကျိုးစီးပွားထက်ပတ်ဝန်းကျင်နှင့်အများအကျိုးစီးပွားကိုဦးတည်သောစနစ်တစ်ခုဖြစ်ပါသည်။ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး၎င်းတို့ဘိုးဘေးစဉ်ဆက်အသုံးပြုခဲ့သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုအခြေခံကာ ယနေ့ထိတိုင်ကျင့်သုံးအကောင်အထည်ဖော်နေဆဲဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ကျေးရွာပြင်ပမှသူများကခေတ်မမှီတော့ခြင်း၊ ခိုင်လုံသောစာပေအထောက်အထားများမရှိခြင်း၊ စီမံခန့်ခွဲမှုစွမ်းရည်မရှိခြင်းစသောပြစ်တင်ပြောဆိုမှုများ၊ အထင်မြင်လွဲမှားမှုများရှိသော်လည်း ဌာနေတိုင်းရင်းသားများသည် ယနေ့ထိတိုင်ကျင့်သုံးအကောင်အထည်ဖော်၍၎င်းတို့၏မြေကိုဆက်လက်စီမံခန့်ခွဲနေဆဲဖြစ်ပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်သည် ဒေသန္တရနှင့်လူမျိုးစုများအလိုက်အချို့သောနေရာများတွင်မတူကွဲပြားမှုများရှိသော်လည်း ယေဘုယျအားဖြင့်လွတ်လပ်စွာစီမံခြင်း၊ ဒေသနှင့်ကိုက်ညီမှုရှိခြင်း၊ လူမှုတရားမျှတမှုကိုအခြေခံ၍ဖွဲ့စည်းတည်ဆောက်ထားသောစနစ်တစ်ခုဖြစ်ပါသည်။

# ၂။ ကျွန်ုပ်တို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်

မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများသည် မြန်မာနိုင်ငံသို့စတင်အခြေချနေထိုင်စဉ်မှစ၍ မိမိတို့နှင့်ကိုက်ညီသောဓလေ့ထုံးတမ်းများဖြင့်မိမိတို့၏မြေနှင့်သဘာဝအရင်းအမြစ်များကိုစီမံခန့်ခွဲလာခဲ့ကြသည်။ ကယား(ကရင်နီ)ပြည်ရှိဌာနေတိုင်းရင်းသားများသည်လည်းမျိုးနွယ်စုများအလိုက် မိမိတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများဖြင့်၎င်းတို့နေထိုင်ရာဒေသတွင်ဘိုးဘွားစဉ်ဆက်ကျင့်သုံးလာခဲ့ကြသည်။ ဌာနေတိုင်းရင်းသားတို့သည် မိမိတို့နေထိုင်ရာဒေသအရသော်လည်းကောင်း၊ ကွဲပြားသောမျိုးနွယ်စုများအရသော်လည်း တစ်ဒေသနှင့်တစ်ဒေသကွဲပြားမှုများရှိသော်လည်း ၎င်းတို့၏မြေယာစီမံခန့်ခွဲမှုစနစ်များသည်၎င်းတို့နှင့်သဟဇာတဖြစ်နေပါသည်။ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များဖြင့်မိမိတို့ပိုင်ဆိုင်သောမြေနှင့်သဘာဝအရင်းအမြစ်များ၊ ပြင်ပမှသူများလွှမ်းမိုးမှုများမရှိအောင်ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ဌာနေတိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင်၎င်းတို့ဒေသရှိမြေအားလုံးတို့သည် ပိုင်ရှင်ကိုယ်စီရှိကြပြီး သက်ဆိုင်ရာကျေးရွာ သို့မဟုတ် မျိုးနွယ်စုတို့မှထိုမြေများကိုပိုင်းဝန်းစီမံခန့်ခွဲကြပါသည်။

ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များတွင် မြေအမျိုးအစားသတ်မှတ်ခြင်း၊ မြေပိုင်ဆိုင်ခွင့်ပြုခြင်း၊ မြေလုပ်ပိုင်ခွင့်ပြုခြင်း၊ မြေအသုံးပြုသူများရရှိမည့်အခွင့်အရေး၊ မြေအသုံးပြုသူလိုက်နာရမည့်စည်းမျဉ်းစည်းကမ်း၊ မြေစီမံခန့်ခွဲခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်း၊ နှစ်နာကြေးနှင့်လျော်ကြေး (ဒဏ်ကြေး)သတ်မှတ်ခြင်းနှင့်ပြစ်မှုပြစ်ဒဏ်သတ်မှတ်ခြင်း၊ အမွေခွဲဝေခြင်းနှင့်နယ်နိမိတ်သတ်မှတ်ခြင်းစသည်တို့ပါဝင်သည်။ မြေအားလုံးနှင့်သက်ဆိုင်သောစီမံခန့်ခွဲမှုများသည်မိမိတို့၏ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ လူမှုတရားမျှတမှုတို့အပေါ်တွင်အခြေခံ၍ လွတ်လပ်စွာစီမံခန့်ခွဲ၍လုပ်ဆောင်အကောင်အထည်ဖော်ခဲ့သည်။ ကယား(ကရင်နီ)ပြည်အတွင်းရှိဌာနေတိုင်းရင်းသားများသည်လည်း ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများဖြင့်မြေနှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုများကို အောက်ဖော်ပြပါအချက်များတွင်လေ့လာတွေ့ရှိနိုင်ပါသည်။



## ၂.၁။ ရိုးရာဓလေ့အရမြေအမျိုးအစားနှင့်အဓိပ္ပါယ်သတ်မှတ်ချက်များ

ကယား(ကရင်နီ)ပြည်နယ်ရှိဌာနေတိုင်းရင်းသားများသည် မိမိတို့၏မြေယာစီမံခန့်ခွဲစနစ်ဖြင့်မိမိတို့၏ဒေသနှင့်ကိုက်ညီသောမြေအမျိုးအစားများကိုသတ်မှတ်၍လုပ်ဆောင်ခဲ့ပါသည်။ မြေအမျိုးအစားနှင့်ပတ်သက်ပြီးငင်းတို့၏ဓလေ့ထုံးတမ်းနှင့်ဒေသအရမတူကွဲပြားမှုရှိသော်လည်း ယေဘုယျအားဖြင့်အောက်ပါအတိုင်းဖြစ်ပါသည်။ ၎င်းတို့မှာ -

- စိုက်ပျိုးရေးမြေ
- ဘာသာရေး သို့မဟုတ် သာသနာဆိုင်ရာအသုံးပြုရန်မြေ
- အထွဋ်အမြတ်ထားရာမြေ
- သချိုင်းမြေ
- စားကျက်မြေ
- သစ်တောမြေ
- ကာကွယ်တောမြေ
- အများပိုင်မြေ သို့မဟုတ် ဘုံပိုင်မြေ
- ရွာမြေ
- မျိုးနွယ်စုပိုင်မြေ
- သတ္တုတူးဖော်ရန်မြေ (သဲ၊ ထုံးကျောက်)စသည်တို့ဖြစ်ပါသည်။

### ၂.၁.၁။ စိုက်ပျိုးရေးမြေ

စိုက်ပျိုးရေးမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ရွှေ့ပြောင်းတောင်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးထားသောမြေကိုဆိုလိုသည်။

(၁) လယ်မြေ

လယ်မြေဆိုသည်မှာဆန်စပါးကိုအဓိကစိုက်ပျိုးရန်အတွက်အသုံးပြုသောမြေဖြစ်ပြီးငင်းမြေပေါ်တွင်ပဲ၊ ပြောင်း၊ ကြက်သွန် စသည့်အခြားသောသီးနှံများစိုက်ပျိုးရန်အတွက်အသုံးပြုသောမြေမျိုးကိုဆိုလိုသည်။

(၂) ယာမြေ

ယာမြေဆိုသည်မှာ မြေပြန့်ဒေသတွင်သော်လည်းကောင်း၊ တောင်ပေါ်ဒေသတွင်သော်လည်းကောင်းရာသီအလိုက်သီနှံများကိုအတည်တကျစိုက်ပျိုး၍ စိုက်ပျိုးရိတ်သိမ်းပြီးနောက်ထပ်မံမြေပြုပြင်စိုက်ပျိုးနိုင်သည့်မြေမျိုးကိုဆိုလိုသည်။

(၃) ရွှေ့ပြောင်းတောင်ယာမြေ

ရွှေ့ပြောင်းတောင်ယာမြေဆိုသည်မှာ သဘာဝတရားတစ်ခုပေါ်အခြေခံ၍ အချိန်ကာလတစ်ခုအတွင်းမြေကိုအနားပေးပြီးအလှည့်ကျရွှေ့ပြောင်းတောင်ယာစနစ်ဖြင့်ရာသီအလိုက်သီနှံများကိုစိုက်ပျိုးနိုင်သောမြေမျိုးကိုဆိုလိုသည်။

(၄) နှစ်ရှည်ပင်စိုက်ပျိုးထားသောမြေ

နှစ်ရှည်ပင်စိုက်ပျိုးထားသောမြေဆိုသည်မှာတစ်ဆက်တစ်စပ်တည်းစိုက်ပျိုးထားပြီးအပင်အမျိုးအစားအလိုက်နှစ်ကာလတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်သည့် သီးပင်နှင့်သစ်ပင်များစိုက်ပျိုးသည့်မြေကိုဆိုလိုသည်။

(၅) ဥယျာဉ်ခြံမြေ

ဥယျာဉ်ခြံမြေဆိုသည်မှာ တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်းစိုက်ပျိုးထားပြီးအကြိမ်ကြိမ်ခူးဆွတ်သော်လည်းအပင်သက်တမ်းကုန်သည်အထိပြန်လည်စိုက်ပျိုးရန်မလိုသည့် သစ်သီးဝလံပင်များစိုက်ပျိုးသည့်မြေကိုဆိုလိုသည်။

### ၂.၁.၂။ သာသနာမြေ

သာသနာမြေဆိုသည်မှာ ဌာနေတိုင်းရင်းသားများမိမိတို့ကိုးကွယ်ယုံကြည်ရာဘာသာအလိုက် ဘာသာရေး အဆောက်အအုံများဆောက်လုပ်ရန်နှင့်သာသာရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကျင်းပရန်အတွက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ထားရှိသောမြေကိုဆိုလိုသည်။

### ၂.၁.၃ အထွဋ်အမြတ်ထားရာမြေ

အထွဋ်အမြတ်ထားရာမြေဆိုသည်မှာ ဘိုးဘွားစဉ်ဆက်ကတည်းက ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအရကျေးရွာသူကျေးရွာသားများမှ တန်ဖိုးထားထိန်းသိမ်းကာကွယ်ထားသောမြေအမျိုးအစားဖြစ်သည်။ ၎င်း အထွဋ်အမြတ်ထားရာမြေများမှာ ပူဇော်ပသရာမြေ၊ သစ္စာရေသောက်ရာမြေနှင့်သမိုင်းအရထိန်းသိမ်းထားသောမြေများ ပင်ဖြစ်သည်။

(၁) ပူဇော်ပသရာမြေ

ပူဇော်ပသရာမြေဆိုသည်မှာ ကျေးရွာတွင်မည်သည့်လုပ်ငန်းများမဆိုမစတင်မီ တောလိုက်ပွဲများပြုလုပ်ပြီး ရှေးဦးစွာရိုးရာဓလေ့အရ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြေစောင့်နတ်များကို ပူဇော်ပသရသောမြေဖြစ်ပြီး မိမိတို့ကျေးရွာကောင်းစားရန်၊ ဘေးအန္တရာယ်အမျိုးမျိုးမှကာကွယ်ရန်၊ သဘာဝဘေးများမကျရောက်စေရန်၊ စီးပွားရေး နှင့်လူမှုရေးကဏ္ဍတွင်ချစ်ကြည်ရင်းနှီးမှုရရှိရန်အတွက် ပူဇော်ပသရန်ထားရှိသောမြေဖြစ်သည်။

(၂) သစ္စာရေသောက်ရာမြေ

သစ္စာရေသောက်ရာမြေဆိုသည်မှာ ကျေးရွာအတွင်းတွင်နေထိုင်သောကျေးရွာသူ/သားများမှကျေးရွာမှချမှတ် ထားသောရိုးရာဓလေ့စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်အတွက်သော်လည်းကောင်း၊ ဇနီးမောင်နှံတို့မှတစ်ဦးနှင့် တစ်ဦးအပြန်အလှန်သစ္စာပြုရန်အတွက်သော်လည်းကောင်းအသုံးပြုရန်ထားရှိသောမြေကိုဆိုလို သည်။

(၃) သမိုင်းအရထိန်းသိမ်းထားသောမြေ

သမိုင်းအရထိန်းသိမ်းထားသောမြေဆိုသည်မှာ ရှေးဘိုးဘေးဘီဘင်ခေတ်ကတည်းကဘာသာရေးအရသော် လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်း ကောင်းဘုန်းတန်ခိုးအာဏာရှိခဲ့သူများ၏ နေထိုင်ရာဒေသ၊ အဆောက်အအုံ၊ ကျောက်တိုင်၊ သစ်တောများကိုနောင် လာနောက်သားများမှအထွဋ်အမြတ်တန်ဖိုးထားကာ သမိုင်းအရထိန်းသိမ်းထားသောမြေဖြစ်သည်။

### ၂.၁.၄။ သင်္ချိုင်းမြေ

သင်္ချိုင်းမြေဆိုသည်မှာ သေဆုံးသွားသောသူများအားမြှုပ်နှံရန်မြေနေရာဖြစ်ပြီး သေဆုံးသူများ၏ကျန်ရှိသော အဝတ်အစား၊ စောင်စသောအသုံးအဆောင်ပစ္စည်းများကိုမီးရှို့ရန်ထားရှိသောမြေဖြစ်သည်။ သင်္ချိုင်းမြေတစ်ခုအတွင်း တွင်ပင်ဓလေ့ထုံးထမ်းအရသင်္ချိုင်းမြေအမျိုးမျိုးကွဲပြားခြားနားကြသည်။

(၁) ရိုးရိုးသေသူများမြှုပ်နှံရာမြေ

ရိုးရိုးသေသူများမြှုပ်နှံရာမြေဆိုသည်မှာ သာမန်ဖျားနာပြီးသေဆုံးသွားသောကလေးသူငယ်၊ လူငယ်နှင့်သက် ကြီးရွယ်အိုများကိုမြှုပ်နှံသောမြေနေရာဖြစ်သည်။

(၂) အစိမ်းသေသူများမြှုပ်နှံရာမြေ

အစိမ်းသေသူများမြှုပ်နှံရာမြေနေရာဆိုသည်မှာ မတော်တဆဖြစ်ရပ်ကြောင့်သေဆုံးသွားသူများနှင့်မိမိကိုယ် ကိုအဆုံးစီရင်ပြီးသေဆုံးသွားသူများကိုမြှုပ်နှံသည့်မြေနေရာဖြစ်သည်။

(၃) မွေးကင်းစကလေးသေဆုံးသူများမြှုပ်နှံရာမြေ

မွေးကင်းစကလေးသေဆုံးသူများမြှုပ်နှံရာမြေဆိုသည်မှာ အမိဝမ်းထဲ၌သော်လည်းကောင်း၊ မီးတွင်းထဲတွင်သော်လည်းကောင်း သေဆုံးသွားသောကလေးငယ်များကိုသီးသန့်မြှုပ်နှံရန်ထားရှိသောမြေဖြစ်သည်။

(၄) ဧည့်သည်များမြှုပ်နှံရာမြေ

ဧည့်သည်များမြှုပ်နှံရာမြေဆိုသည်မှာ အခြားဒေသမှလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အကြောင်းအမျိုးမျိုးကြောင့်သေဆုံးသွားသူများကိုမြှုပ်နှံရန်အတွက်သီးခြားထားရှိသောမြေဖြစ်သည်။

(၅) မျိုးနွယ်စုဝင်များမြှုပ်နှံရာမြေ

မျိုးနွယ်စုဝင်များမြှုပ်နှံရာမြေဆိုသည်မှာ မျိုးနွယ်စုဝင်ထဲမှတစ်ဦးဦးသည်အကြောင်းအမျိုးမျိုးကြောင့်သေဆုံးသွားခဲ့သော်သဂြိုလ်မြှုပ်နှံရန်အတွက် သီးသန့်ထားရှိသောမြေဖြစ်သည်။

## ၂.၁.၅။ စားကျက်မြေ

စားကျက်မြေဆိုသည်မှာ ကျေးရွာအတွင်းရှိ ကျွဲ၊ နွားတိရိစ္ဆာန်များကျက်စားနိုင်ရန်အတွက်သီးသန့်သတ်မှတ်ထားရှိသောမြေကိုသော်လည်းကောင်း၊ သီးသန့်သတ်မှတ်ထားခြင်းမရှိသောမြေကိုလည်းကောင်းကိုဆိုလိုသည်။

## ၂.၁.၆။ သစ်တောမြေ

သစ်တောမြေဆိုသည်မှာ ကျေးရွာများမှထိန်းသိမ်းကာကွယ်သတ်မှတ်ထားသော တော၊ တောင်၊ သစ်ပင်များတည်ရှိသောမြေကိုဆိုလိုသည်။

## ၂.၁.၇။ ကာကွယ်တောမြေ

ကာကွယ်တောဆိုသည်မှာ ကျေးရွာနယ်နိမိတ်အတွင်းတွင်ရေဦးရေထွက်များကာကွယ်ထိန်းသိမ်းရန်အတွက်သော်လည်းကောင်း၊ အဖိုးတန်သစ်ပင်များနှင့်ဆေးဖက်ဝင်သစ်များကိုထိန်းသိမ်းကာကွယ်နိုင်ရန်အတွက်သော်လည်းကောင်း၊ သစ်တောအတွင်းရှိသားရဲတိရိစ္ဆာန်များကိုကာကွယ်နိုင်ရန်အတွက်သော်လည်းကောင်း သီးသန့်ထားရှိကာကွယ်ထားသောမြေကိုဆိုလိုသည်။

## ၂.၁.၈။ အများပိုင်မြေ သို့မဟုတ် ဘုံပိုင်မြေ

အများပိုင်မြေ သို့မဟုတ် ဘုံပိုင်မြေဆိုသည်မှာဒေသခံကျေးရွာလူထု၏အဖွဲ့ဝင်အားလုံးကဘုံအဖြစ်ထားရှိကာထိန်းသိမ်းပြီးအသုံးပြုထားသောမြေကိုဆိုလိုသည်။ အများပိုင်မြေများသည်မြေတစ်ခုတည်းသာပါဝင်ခြင်းမဟုတ်ဘဲထိုမြေနှင့်ဆက်စပ်လျက် ရှိသောသစ်တောသယံဇာတနှင့်ရေသယံဇာတများပါဝင်သည်။

## ၂.၁.၉။ ရွာမြေ

ရွာမြေဆိုသည်မှာ ကျေးရွာသူကျေးရွာသားများနေထိုင်ရန်အိမ်နှင့်အခြားအဆောက်အအုံများဆောက်လုပ်သည့် မြေနေရာဖြစ်သည်။

## ၂.၁.၁၀။ မျိုးနွယ်စုပိုင်မြေ

မျိုးနွယ်စုပိုင်မြေဆိုသည်မှာ ကျေးရွာအတွင်းရှိသက်ဆိုင်ရာမျိုးနွယ်စုများအလိုက်သီးသန့်ပိုင်ဆိုင်၍စီမံခန့်ခွဲသောမြေကိုဆိုလိုသည်။ မျိုးနွယ်စုပိုင်မြေများသည် မြေတစ်ခုတည်းသာပါဝင်ခြင်းမဟုတ်ဘဲထိုမြေနှင့်ဆက်စပ်လျက်ရှိသောသစ်တောသယံဇာတနှင့်ရေသယံဇာတများပါ ပါဝင်သည်။

### ၂.၁.၁၁။ သင်္ချိုင်းတူးဖော်အသုံးပြုရန်မြေ

သင်္ချိုင်းတူးဖော်အသုံးပြုရန်မြေဆိုသည်မှာကျေးရွာအတွင်းရှိကျေးရွာသားများသင်္ချိုင်းတူးဖော်အသုံးပြုနိုင်ရန် အတွက်သတ်မှတ်ထားရှိသောမြေကိုဆိုလိုသည်။

## ၂.၂။ ရိုးရာဓလေ့မြေယာပိုင်ဆိုင်ခြင်း

ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ ဌာနေတိုင်းရင်းသားတို့သည်မြေကိုပိုင်ဆိုင်ခွင့်ရှိပြီး ထို မြေနှင့်ပတ်သက်ကာလွတ်လပ်သောစီမံခန့်ခွဲမှုများကိုပါပြုနိုင်ခွင့်ရှိသည်။ ဌာနေတိုင်းရင်းသားများ၏မြေယာပိုင်ဆိုင်မှု နှင့်ပတ်သက်ပြီးတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ မျိုးနွယ်စုအနေဖြင့်သော်လည်းကောင်း၊ ကျေးရွာအလိုက် သော်လည်းကောင်းပိုင်ဆိုင်မှုကိုခွင့်ပြုထားသည်။ ဌာနေတိုင်းရင်းသားတို့၏မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးမြေကို မည်ကဲ့သို့ပိုင်ဆိုင်ခွင့်ရှိသည်ကိုအောက်ပါအချက်များတွင်လေ့လာတွေ့ရှိနိုင်ပါသည်။

(၁) တစ်ဦးချင်းမြေကိုပိုင်ဆိုင်ခြင်း

တစ်ဦးချင်းမြေပိုင်ဆိုင်ခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်မြေကိုအမွေရရှိခြင်းဖြင့်သော်လည်းကောင်း၊ ကျေးရွာအတွင်းရှိမိမိမျိုးနွယ်စု သို့မဟုတ် အခြားမျိုးနွယ်စုပိုင်သောမြေကိုဝယ်ယူခြင်းဖြင့်သော်လည်းကောင်း၊ မြေကိုအ လျော်ရခြင်းဖြင့်သော်လည်းကောင်း၊ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့်သော်လည်းကောင်းပိုင်ဆိုင်ခြင်းကိုဆိုလိုသည်။

(၂) မျိုးနွယ်စု/အစုအဖွဲ့အလိုက်မြေကိုပိုင်ဆိုင်ခြင်း

ကယား(ကရင်နီ)ပြည်အတွင်းဌာနေတိုင်းရင်းသားတို့သည် ကျေးရွာတစ်ရွာအတွင်းတွင်ပင်လျှင်ကွဲပြားခြားနားသောမျိုး နွယ်စုများရှိကြပြီးမိမိတို့သက်ဆိုင်ရာမျိုးနွယ်စုအလိုက်မြေကိုပိုင်ဆိုင်ကြသည်။ ထိုမျိုးနွယ်စုပိုင်မြေများသည်ကျေးရွာ တစ်ရွာအတွင်းရှိမြေဧရိယာပေါ်တွင်သာမက ၎င်းမျိုးနွယ်စုဝင်များနေထိုင်သောဒေသများတွင်လည်းမျိုးနွယ်စုပိုင်မြေ များကိုပိုင်ဆိုင်ကြသည်။ ထိုသို့မြေကိုပိုင်ဆိုင်ရာတွင်မိမိတို့သက်ဆိုင်ရာမျိုး နွယ်စုအလိုက်သတ်မှတ်ထားသောမြေကို ပိုင်ဆိုင်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားမျိုးနွယ်စုထံမှမြေကိုဝယ်ယူခြင်း သို့မဟုတ် ရရှိခြင်းဖြင့်သော်လည်းကောင်း ပိုင်ဆိုင်ကြသည်။

(၃) ကျေးရွာအလိုက်မြေကိုပိုင်ဆိုင်ခြင်း

ကယား(ကရင်နီ)ပြည်ရှိဌာနေတိုင်းရင်းသားတို့သည် မိမိတို့၏ကျေးရွာအလိုက် ရွာကိုစတင်ထူထောင်ချိန်မှစတင်၍မြေ နယ်နိမိတ်များသတ်မှတ်၍မြေကိုပိုင်ဆိုင်ကြသည်။ ထိုမြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးပတ်ဝန်းကျင်ရှိကျေးရွာများက လည်းဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်လာသောမြေများကိုအသိအမှတ်ပြု၍ထိန်းသိမ်းပိုင်ဆိုင်ကြသည်။

## ၂.၃။ ရိုးရာဓလေ့အရမြေယာလုပ်ပိုင်ခွင့်ပြုခြင်း

ကယား(ကရင်နီ)ပြည်ရှိဌာနေတိုင်းရင်းသားများသည် ဓလေ့ထုံးတမ်းအရမြေယာလုပ်ပိုင်ခွင့်ပြုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦး သည်မိမိပိုင်ဆိုင်သောမြေပေါ်တွင်လွတ်လပ်စွာစီမံလုပ်ကိုင်ပိုင်ခွင့်ရှိသည်။ အခြားမည်သူ့ထံတွင်မှခွင့်တောင်းရန်မလို ဘဲမိမိကြိုက်နှစ်သက်သောလုပ်ငန်းကိုလုပ်ကိုင်ပိုင်ခွင့်ရှိသည်။ မျိုးနွယ်စုအလိုက်ပိုင်သောမြေကိုလုပ်ကိုင်လိုလျှင် သို့မဟုတ် အသုံးပြုလိုလျှင်ထိုပုဂ္ဂိုလ်သည် သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်ထံ သို့မဟုတ် ထိုမြေကိုစီမံခန့်ခွဲခွင့်ရှိ သူထံသို့အကြောင်းကြားခြင်း၊ ခွင့်တောင်းခြင်းကိုပြုရသည်။ ထိုမျိုးနွယ်စုခေါင်းဆောင်မှထိုမြေနှင့်ပတ်သက်၍အခြားသူ လုပ်ထားခြင်းရှိမရှိ၊ အခြားသောအငြင်းပွားမှုကိစ္စများရှိမရှိကိုသေချာစီစစ်ပြီးမှမြေလုပ်ပိုင်ခွင့်တောင်းခံသူအားထိုမြေကို လုပ်ပိုင်ခွင့်ပြုသည်။ ထိုသို့ခွင့်ပြုချက်ရရှိပြီးမှသာထိုပုဂ္ဂိုလ်သည်သက်ဆိုင်ရာမျိုးနွယ်စုပိုင်သောမြေတွင်လွတ်လပ်စွာ လုပ်ကိုင်အသုံးချခွင့်ရှိသည်။ မျိုးနွယ်စုတစ်ခုခုမှသူတစ်ဦးသည်အခြားမျိုးနွယ်စု၏ပိုင်ဆိုင်သောမြေ သို့မဟုတ် လုပ်

ထားသောမြေပေါ်တွင်လုပ်ကိုင်လိုသော် ထိုမျိုးနွယ်စုခေါင်းဆောင်ထံတွင်လုပ်ပိုင်ခွင့်တောင်းယူကာသဘောတူညီမှုရရှိလျှင်သတ်မှတ်ကာလအထိဓလေ့ထုံးတမ်းနှင့်အညီလုပ်ကိုင်ကိုင်ပိုင်ခွင့်ရှိသည်။ မျိုးနွယ်စုတစ်စုစုပိုင်သောမြေပေါ်တွင်လုပ်ပိုင်ခွင့်ရရှိသူသည် ထိုမျိုးနွယ်စု၏သတ်မှတ်ထားသောဓလေ့စည်းမျဉ်းများနှင့်အညီလုပ်ပိုင်ခွင့်ရှိသည်။ အများပိုင်မြေ သို့မဟုတ် ကျေးရွာဘုံမြေပေါ်တွင်လုပ်ကိုင်အသုံးပြုလိုသောပုဂ္ဂိုလ်သည် ထိုမြေကိုစီမံခန့်ခွဲခွင့်ရှိသောကျေးရွာရှိအကြီးအကဲများ၊ ခေါင်းဆောင်များထံသို့ခွင့်တောင်း၍ထိုသူတို့မှသဘောတူလက်ခံလျှင်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအတိုင်းအကောင်အထည်ဖော်လုပ်ကိုင်အသုံးပြုနိုင်သည်။

## ၂.၄။ ရိုးရာဓလေ့မြေပိုင်ဆိုင်သူ၏အခွင့်အရေး

ဓလေ့ထုံးတမ်းအရမြေကိုပိုင်သောသူသည် မိမိ၏မြေကိုလက်ဝယ်ထားရှိ၍ထိန်းသိမ်းခွင့်နှင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အနားပေး(လုပ်)ထားခြင်း၊ အမွေပေးခြင်း၊ လဲလှယ်ခြင်း၊ သီးနှံလွတ်လပ်စွာရွေးချယ်စိုက်ပျိုးခြင်းနှင့်အခြားသောနည်းဖြင့်အသုံးပြုခြင်းတို့ကိုဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုတို့နှင့်အညီလွတ်လပ်စွာစီမံခွင့်ရှိသည်။ မြေပိုင်ဆိုင်သူတစ်ဦးသည်မိမိပိုင်သောမြေကို မျိုးနွယ်စုအတွင်းနှင့်ကျေးရွာအတွင်းတွင်လွတ်လပ်စွာရောင်းချပိုင်ခွင့်နှင့်ပေါင်နှံခွင့်ရှိသည်။ ထို့အပြင်မိမိတို့ပိုင်ဆိုင်သောမြေပေါ်တွင်လည်း မိမိတို့ဒေသနှင့်ကိုက်ညီသောသီးနှံများကိုလွတ်လပ်စွာစိုက်ပျိုးခွင့်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့်မြေကိုလုပ်ထားမည်ဆိုပါကလည်းမြေကိုလုပ်ထားပိုင်ခွင့်ရှိသည်။ အခြားသောနည်းဖြင့်မြေကိုအသုံးချလိုလျှင်လည်းရွာလူကြီး သို့မဟုတ် မျိုးနွယ်စုခေါင်းဆောင်ထံသို့အကြောင်းကြား၍အသုံးပြုနိုင်သည်။ ဓလေ့ထုံးတမ်းအရမြေပိုင်ဆိုင်သူ၏ယေဘုယျအခွင့်အရေးများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ထိန်းသိမ်းစောင့်ရှောက်ခွင့်
- လုပ်ထားခွင့်၊အနားပေးခွင့်
- ရောင်းချခွင့်
- အမွေပေးခွင့်
- အခြားနည်းအသုံးချခွင့်
- ပေါင်နှံခွင့်
- လဲလှယ်ခွင့်
- ငှားရမ်းခွင့်
- လွတ်လပ်စွာသီးနှံစိုက်ပျိုးခွင့်
- လွတ်လပ်စွာစီမံနိုင်ခွင့် စသည်တို့ဖြစ်သည်။

မြေကိုလုပ်ပိုင်ခွင့်တောင်းသူသည် မြေပိုင်ရှင်ထံမှခွင့်ပြုချက်ကိုရရှိပြီးနောက်ထိုမြေပိုင်ရှင်၏သဘောတူညီချက်ဖြင့်မြေကိုလုပ်ကိုင်၍ထွက်ရှိလာသောသီးနှံများကိုခံစားခွင့်ရှိသည်။ သို့သော်လည်းထိုမြေကိုပိုင်ဆိုင်ခွင့်မရှိပါ။ မြေပိုင်ရှင်နှင့်သဘောတူညီမှုကာလပြီးဆုံးလျှင်ထိုမြေပေါ်တွင်ဆက်လက်လုပ်ကိုင်ပိုင်ခွင့်မရှိပါ။ မြေကိုပိုင်ဆိုင်သူသည်အထက်ပါအခွင့်အရေးများကို ကျေးရွာရှိသတ်မှတ်ထားသောရိုးရာဓလေ့အခြေခံစည်းကမ်းချက်များနှင့်လွတ်လပ်စွာစီမံခွင့်ရှိသည်။

## ၂.၅။ ရိုးရာဓလေ့လယ်ယာမြေပိုင်ဆိုင်သူနှင့်အသုံးပြုသူများလိုက်နာရမည့်စည်းကမ်းချက်များ

ရိုးရာဓလေ့လယ်ယာမြေပိုင်ဆိုင်ခွင့်ရသူများသည် ကျေးရွာမှသတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ မျိုးနွယ်စုပိုင်လယ်ယာမြေကိုသော်လည်းကောင်း၊ ရွာနယ်နိမိတ်ပိုင်လယ်ယာမြေကိုသော်လည်းကောင်း၊ တစ်ဦးပိုင်မြေကိုလည်းကောင်းငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းစသည့်အရာများကိုပြင်ပလူထံသို့ရောင်းချခြင်းမပြုလုပ်ရ။ ဓလေ့ထုံးထမ်းအရသတ်မှတ်ထားသောကျေးရွာဘုံပိုင်မြေကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားရာမြေကိုသော်လည်းကောင်းရွာသူရွာသားမှစ၍ပြင်ပလူများလည်းကျူးကျော်ခြင်းမပြုလုပ်ရ။ ကျေးရွာမှသတ်မှတ်

ကာကွယ်ထားသောကျေးရွာသစ်တောဧရိယာအတွင်း သစ်ခုတ်ယူခြင်း၊ တောင်ယာခုတ်ခြင်းများနှင့်တစ်ဦးတစ်ယောက်စိုက်ပျိုးထားသောခြံအတွင်းရှိသီးနှံများကိုလူအားဖြင့်ဖြစ်စေ၊ တိရိစ္ဆာန်အားဖြင့်ဖြစ်စေကျူးကျော်ဖျက်ဆီးခြင်းမပြုရ။ ဓလေ့အရသတ်မှတ်ထားသောမြေနေရာ၏နယ်နိမိတ်ဧရိယာများအတွင်းကျူးကျော်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် အခြားသောဒေသသို့ပြောင်းရွှေ့နေထိုင်ခြင်းကိုပြုလုပ်ရာတွင်လည်း ကျေးရွာအတွင်းရှိမျိုးနွယ်စုထံသို့သာရောင်းချခြင်း၊ ပေးကမ်းခြင်းမျိုးကိုသာပြုလုပ်ရမည်ဟူ၍ ဓလေ့ထုံးထမ်းကျင့်ထုံးအရစည်းမျဉ်းသတ်မှတ်ထားသည်။ ကယား(ကရင်နီ)ပြည်နယ်တွင်နေထိုင်သောတိုင်းရင်းသားလူမျိုးများသည် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရသတ်မှတ်စည်းကမ်းများ၊ ကျေးရွာသူကျေးရွာသားများနှင့်ကော်မတီများချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို အမှန်တကယ်လိုက်နာလေးစားခြင်းပြုရပြီး ချိုးဖောက်ခြင်းများမပြုလုပ်ရန်အတွက် အားလုံးသဘောတူထားကြပါသည်။ ဤစည်းမျဉ်းစည်းကမ်းများသည်ယနေ့ထိတိုင်အသက်ဝင်၍စည်းနှောင်မှုရှိသောကျင့်ထုံးတစ်ခုလည်းဖြစ်သည်။ အကယ်၍တစ်စုံတစ်ဦးသည်ချိုးဖောက်မှုများရှိပါက ၎င်းတို့သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများဖြင့်ထိရောက်စွာအရေးယူခြင်းကိုခံကြရသည်။ အချို့သောကျေးရွာများတွင်မြေနှင့်သက်ဆိုင်သောစည်းမျဉ်းများကိုသော်လည်းကောင်း၊ ကျေးရွာတစ်ခုလုံးနှင့်သက်ဆိုင်သောစည်းမျဉ်းစည်းကမ်းများကိုနှစ်တစ်နှစ်၏အစတွင်သတ်မှတ်ခြင်း၊ နှစ်ကုန်တွင်ပြန်လည်သုံးသပ်ခြင်းစသည်တို့ကိုပုံမှန်ပြုလုပ်ကြသည်။ ဒေသန္တရနှင့်မျိုးနွယ်စုအရအနည်းငယ်ကွဲပြားမှုရှိသော်လည်းယေဘုယျအားဖြင့်၎င်းတို့သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများမှာအောက်ပါအတိုင်းဖြစ်သည်။

- တားမြစ်ထားသောဘုံမြေတွင်ဝင်ရောက်လုပ်ကိုင်ခြင်းမပြုရ၊
- ဘုံမြေအတွင်းကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမပြုရ၊
- တားမြစ်သတ်မှတ်ထားသောသစ်တောများတွင်ထင်းမခုတ်ရ၊
- မြေကိုပြင်ပမှတစ်ဦးဦးထံသို့ရောင်းချခြင်းမပြုရ၊
- ဓလေ့အရအထွဋ်အမြတ်ထားသောတောင်နှင့်သစ်တောများတွင် ထင်းခုတ်ခြင်း၊ တောလိုက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်းများမပြုလုပ်ရ၊
- ကျေးရွာမှသတ်မှတ်ထားသောရေဝေရေလဲနှင့်ရေထွက်ပေါက်ဧရိယာတွင် သစ်ခုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းမပြုလုပ်ရ၊
- လူအားဖြင့်သော်လည်းကောင်း၊ တိရိစ္ဆာန်အားဖြင့်သော်လည်းကောင်း၊ တစ်ပါးသူထွန်ယက်စိုက်ပျိုးထားသောခြံအတွင်းရှိသီးနှံများမဖျက်ဆီးရ၊
- နယ်နိမိတ်ကျူးကျော်စိုက်ပျိုးထွန်ယက်ခြင်းမပြုလုပ်ရ၊ မျိုးနွယ်စုအလိုက်ပိုင်ဆိုင်လာသောသစ်တော၊ လယ်မြေ၊ ယာမြေများတွင်နေထိုင်ခြင်း၊ သစ်ခုတ်ခြင်း ထွန်ယက်စိုက်ပျိုးခြင်းများမပြုလုပ်ရ၊
- မြေနှင့်သော်လည်းကောင်း၊ အခြားလူမှုရေးများကိစ္စများနှင့်သော်လည်းကောင်းသတ်မှတ်ထားသော အခွန်သို့မဟုတ် အခကြေးငွေများပေးစေခြင်း၊

ကျေးရွာတွင်နေထိုင်သောကျေးရွာသူ/သားများသည် တစ်ဦးနှင့်တစ်ဦးကူညီဖေးမရမည်ဆိုသည့်စည်းမျဉ်းစည်းကမ်းများလိုက်နာရပါသည်။ ၎င်းစည်းမျဉ်စည်းကမ်းများကိုမလိုက်နာပျက်ကွက်လျှင်ဓလေ့ထုံးတမ်းအရအရေးယူခြင်းကိုပြုပါသည်။ ဥပမာအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြားတွင်ဖြစ်ပွားသောအငြင်းပွားမှုအတွက်သော်လည်းကောင်း၊ မျိုးနွယ်စုကြားတွင်နယ်နိမိတ်ဧရိယာအငြင်းပွားမှုပြဿနာတစ်စုံတစ်ရာအတွက်သော်လည်းကောင်း ဓလေ့ထုံးတမ်းအရမြေကြီးစားခြင်း၊ သစ်ခေါက်စားခြင်း၊ ငရုတ်သီးရေဖြင့်မျက်နှာသစ်ခြင်းစသောနည်းများဖြင့်ပြဿနာများကိုဖြေရှင်းပေးကြပါသည်။ ဒေသခံမျိုးနွယ်စုများသည်ထိုသို့သောကျင့်ထုံးနှင့်စည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာကြပြီး ယနေ့ထိတိုင်ကျင့်သုံးနေဆဲဖြစ်ပါသည်။

## ၂.၆။ ရိုးရာဓလေ့အရမြေယာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း

ကယား(ကရင်နီ)ပြည်ရှိဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရမြေစီမံခန့်ခွဲမှုပြုရာတွင် မိမိတို့၏သက်ဆိုင်ရာရပ်ရွာလူကြီး၊ ရွာမိရွာဖ၊ အကြီးအကဲများနှင့်ခေါင်းဆောင်များပါဝင်သောပုဂ္ဂိုလ်များဖြင့်စီမံခန့်ခွဲခြင်းကိုပြုကြသည်။ မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးပါဝင်သင့်သောပုဂ္ဂိုလ်များကို သက်ဆိုင်ရာမျိုးနွယ်စုများအလိုက်သီးသန့်ရွေး

ချယ်ထားသောပုဂ္ဂိုလ်များမှပါဝင်၍စီမံခန့်ခွဲခြင်းကိုပြုသည်။ အချို့သောကျေးရွာများတွင်(၅)နှစ်တစ်ကြိမ် ရိုးရာဓလေ့မြေစီမံခန့်ခွဲမှုအဖွဲ့ကိုပြန်လည်စီစစ်ရွေးချယ်ပြီး ကျေးရွာအများစုတွင်မူထိုကဲ့သို့ပုံမှန်ရွေးချယ်ခြင်းမရှိဘဲ မြေယာအရေးကိစ္စများပေါ်ပေါက်လာမှသာလျှင်ညှိနှိုင်းမှုကိုပြုကြသည်။ ကော်မတီတွင်ပါဝင်သူများကိုရွေးချယ်ရာတွင်ကျေးရွာနှင့်ကိုက်ညီသောနေ့ထူးနေ့မြတ်ကိုရွေးချယ်ပြီး ကျေးရွာအကျိုးအတွက်အမှန်တစ်ကယ်ဆောင်ရွက်နိုင်မည့်သူကိုအများသဘောတူညီချက်ဖြင့်ရွေးချယ်ကြသည်။ ရွေးချယ်ခံရသောပုဂ္ဂိုလ်များသည်ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်ရန်အတွက် သစ္စာရေသောက်ခြင်း၊ ကျမ်းကျိန်ခြင်းများပြုရာတွင်ဘိုးဘွားတို့ကိုတိုင်တည်ပြီးသစ္စာပြုကြရပါသည်။ ထိုမြေစီမံခန့်ခွဲမှုအဖွဲ့တွင်ပါဝင်သောသူများဦးဆောင်၍ ကျေးရွာနယ်နိမိတ်စစ်ဆေးခြင်း၊ နယ်နိမိတ်အမှတ်အသားများပြုပြင်မွမ်းမံခြင်းတို့ကို(၃)နှစ်လျှင်တစ်ကြိမ်သော်လည်းကောင်း၊ (၅)နှစ်လျှင်တစ်ကြိမ်သော်လည်းကောင်းမိမိတို့ကျေးရွာနှင့်မျိုးနွယ်စုအလိုက်ပြုလုပ်ကြသည်။ ကျေးရွာတွင်ရှိသောမျိုးနွယ်စုဝင်များအနေဖြင့်ထိုပုဂ္ဂိုလ်များပါဝင်သောမြေယာစီမံခန့်ခွဲမှုပြုခြင်းကိုလက်ခံကြပြီး ၎င်းတို့၏ဆုံးဖြတ်ချက်အတိုင်းလိုက်နာကျင့်သုံးကြသည်။

## ၂.၇။ ရိုးရာဓလေ့အရမြေအငြင်းပွားမှုများဖြေရှင်းခြင်း

ကျေးရွာအတွင်း သို့မဟုတ် ကျေးရွာအချင်းချင်းအကြားတွင်မြေနှင့်ပတ်သက်သောအငြင်းပွားမှုများဖြစ်လျှင် ရွာမိရွာဖနှင့်ရိုးရာဓလေ့အရမြေစီမံခန့်ခွဲခွင့်ရှိသူများ၊ အသိသက်သေများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဓလေ့ထုံးတမ်းအရဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးကြပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်ပွားသည့်မြေနှင့်ပတ်သက်သောအငြင်းပွားမှုများတွင်သက်ဆိုင်ရာသက်သေများ၊ ရွာမိရွာဘများ၊ ရွာရိုးလူကြီးများဖြင့်ထိုအငြင်းပွားမှုများအတွက် ဝိုင်းဝန်းဖြေရှင်းကြပါသည်။ ထို့အတူမျိုးနွယ်စု သို့မဟုတ် ကျေးရွာအလိုက်သော်လည်းကောင်း လယ်ယာမြေအငြင်းပွားမှုများပေါ်ပေါက်လာလျှင်လည်း သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်နှင့်ရွာမိရွာဖများကဓလေ့ထုံးတမ်းနှင့်အညီဝင်ရောက်ဖြေရှင်းပေးကြပါသည်။ မြေအငြင်းပွားမှုများဖြေရှင်းရာတွင်နှစ်ဦးနှစ်ဖက်ကျေနပ်မှုမရှိပါက မျိုးနွယ်စုခေါင်းဆောင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ဓလေ့အရဖွဲ့စည်းထားသောကော်မတီဝင်များပူးပေါင်းကာဓလေ့ထုံးတမ်းအရကျေနပ်သည်အထိဖြေရှင်းပေးခဲ့ကြပါသည်။ ဥပမာအားဖြင့် အငြင်းပွားသောမြေကြီးစားခြင်း၊ ကျိန်ဆိုခြင်း၊ ငရုတ်သီးရေဖြင့်မျက်နှာသစ်ခြင်း၊ လည်ပင်းတွင်ကျောက်ခဲ သို့မဟုတ် အလေးတစ်ခုခုဆွဲထားကာရေထဲငုပ်စေခြင်း၊ ဆီ သို့မဟုတ် ရေနွေးပွက်ပွက်ဆူနေသောအိုးထဲတွင်လက်ကိုနှိုက်စေခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း၊ ကျိန်ဆိုခြင်း၊ ဆန်အိုးထဲတွင်ဆန်နှစ်ထုပ်ထည့်ချက်စေခြင်းစသောနည်းလမ်းများကိုသုံး၍ဖြေရှင်းပေးကြပါသည်။ ထိုသို့ပြုလုပ်ရာတွင် အငြင်းပွားသူနှစ်ဦးနှစ်ဘက်နှစ်သက်သောနည်းလမ်းကိုရွေးချယ်စေ၍ ဓလေ့ထုံးတမ်းအရဖြေရှင်းခြင်းကိုပြုလုပ်ကြပါသည်။ ထို့ကြောင့်ဖြစ်ပေါ်လာသောပြဿနာများ၊ အငြင်းပွားမှုများသည် ကျေးရွာအဆင့်တွင်ပင်နှစ်ဦးနှစ်ဖက်ကျေနပ်မှုဖြင့်ပြီးဆုံးစေပါသည်။

## ၂.၈။ ရိုးရာဓလေ့အရ မြေနှင့်ပတ်သက်သော နစ်နာကြေး၊ လျော်ကြေးများသတ်မှတ်ခြင်း

ဓလေ့ထုံးတမ်းအရကျေးရွာ၏အကျိုးအတွက်တစ်ဦးတစ်ယောက် ပိုင်သောမြေကိုသော်လည်းကောင်း၊ မျိုးနွယ်စုပိုင်သောမြေကိုသော်လည်းကောင်း၊ ကျေးရွာပိုင်မြေကိုသော်လည်းကောင်းအသုံးပြုရန်ရှိပါကသက်ဆိုင်ရာမြေပိုင်ရှင်တို့နှင့်ညှိနှိုင်းခြင်းကိုရှေးဦးစွာပြုရသည်။ ထိုသို့အသုံးပြုရန်အတွက်ခွင့်တောင်းပြီးမြေပိုင်ရှင်မှသဘောတူလျှင်တန်ရာတန်ကြေးအဖြစ်မြေအစားထိုးပေးခြင်း သို့မဟုတ် ငွေကြေးပေးချေပေးခြင်း သို့မဟုတ် ကျွဲ၊ နွား တိရိစ္ဆာန်တစ်မျိုးမျိုး သို့မဟုတ် ဥစ္စာပစ္စည်းတစ်မျိုးမျိုးပေးခြင်းဖြင့်သော်လည်းကောင်း နစ်နာကြေး၊ လျော်ကြေးအဖြစ်နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍သတ်မှတ်ကြသည်။ မျိုးနွယ်စုမြေကိုသော်လည်းကောင်း၊ ကျေးရွာပိုင်မြေကိုသော်လည်းကောင်း၊ တားမြစ်ထားသောမြေကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ပိုင်သောမြေကိုသော်လည်းကောင်းစသောမြေတစ်ခုခုအပေါ်တွင်ခွင့်တောင်းခြင်းမရှိဘဲ မိမိသဘောဖြင့်မြေကိုအသုံးပြုခဲ့သော် ဓလေ့ထုံးတမ်းအရမြေကိုပြန်လည်ပူဇော်ပသခြင်း၊ ဆေးကြောခြင်းများပြုလုပ်ရပါသည်။ ထိုသို့ပြုလုပ်ရန်အတွက်ဒဏ်ကြေးငွေဖြင့်ဖြစ်စေ၊ သီးနှံဖြင့်ဖြစ်စေ၊ ဝက် သို့မဟုတ် ကြက်ဖြင့်ဖြစ်စေ၊ ကျွဲ သို့မဟုတ် နွားဖြင့်ဖြစ်စေတန်ရာတန်ကြေးပြန်လည်ပေးလျော်ကြရပါသည်။ ကျေးရွာအကျိုးအတွက်မြေကိုပေးရသောသူများကိုလည်းမြေပြန်လည်အစားထိုးပေးပြီးပြောင်းရွှေ့နိုင်သောပစ္စည်းများကို ကျေးရွာမှ

တာဝန်ယူပြောင်းရွှေ့ပေးကြရပါသည်။ နယ်နိမိတ်ခိုးယူခြင်း၊ ကျူးကျော်လုပ်ကိုင်ခြင်းပြုလုပ်လာလျှင်ရိုးရာဓလေ့အရ တန်ရာတန်ကြေးအဖြစ်လျော်ကြေးများကိုလည်းပေးဆောင်ကြရပါသည်။

## ၂.၉။ ရိုးရာဓလေ့အရမြေကိုအသုံးချခြင်း

ဌာနေတိုင်းရင်းသားတို့သည်၎င်းတို့၏ရိုးရာဓလေ့အရမြေယာစီမံခန့်ခွဲမှုစနစ်နှင့်အညီမြေကိုစီမံခန့်ခွဲရာတွင်မိမိတို့ဒေသ၊ ရိုးရာဓလေ့နှင့်အညီစီမံခန့်ခွဲကြ၍စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ အခြားသောလုပ်ငန်းနှင့်ရည်ရွယ်ချက်များ အတွက်သော်လည်းကောင်းအသုံးချကြပါသည်။ ဌာနေတိုင်းရင်းသားတို့၏ဓလေ့ထုံးတမ်းအရမြေကိုပိုင်သောပုဂ္ဂိုလ်သည် မိမိ ပိုင်သောမြေပေါ်တွင်မိမိတို့ကြိုက်နှစ်သက်သောသီးနှံများကိုစိုက်ပျိုးပိုင်ခွင့်ရှိရုံမျှမကမိမိပုံမှန်စိုက်ပျိုးသော သီးနှံမှအခြားသောသီးနှံတစ်မျိုးမျိုးသို့ပြောင်းလဲစိုက်ပျိုးလိုလျှင်လည်းလွတ်လပ်စွာစိုက်ပျိုးခွင့်ရှိသည်။ မိမိပိုင်သောမြေ အပြင်ကျေးရွာတွင်ရှိသောဘုံပိုင်မြေများပေါ်တွင်လည်း မိမိတို့ကြိုက်နှစ်သောအပင်များ(နှစ်ရှည်ပင်မှလွဲ၍)အလှည့်ကျ လွတ်လပ်စွာစိုက်ပျိုးခွင့်ရှိသည်။ အချို့သောကျေးရွာများတွင် ဘုံပိုင်မြေပေါ်တွင်နှစ်ရှည်ပင်များစိုက်ပျိုးထားပါက ထို နှစ်ရှည်ပင်ကိုစိုက်ပျိုးသောသူသည်ထိုအပင်ကိုပိုင်ဆိုင်ခွင့်ရှိပြီးမြေကိုမူကျေးရွာဘုံအဖြစ်သာပိုင်ဆိုင်ကြသည်။ အခြား သူများကိုလည်းမျိုးနွယ်စုပိုင်သောမြေပေါ်တွင်သီးစားချငှားရမ်း၍လုပ်ကိုင်ပိုင်ခွင့်ပြုထားကြပါသည်။ တောင်ပေါ်ဒေသ ရှိမျိုးနွယ်စုပိုင်မြေများတွင်လည်း ရွှေ့ပြောင်းတောင်ယာလုပ်ပိုင်ခွင့်ကိုအလှည့်ကျလုပ်ပိုင်ခွင့်ပြုထားပါသည်။ မျိုးနွယ်စု ဝင် သို့မဟုတ် တစ်ဦးတစ်ယောက်သည်မြေကိုပိုင်ဆိုင်သောအထောက်အထားပြနိုင်လျှင်ရာသီအလိုက်သီးနှံကိုထိုမြေ ပေါ်တွင်လွတ်လပ်စွာစိုက်ပျိုးစီမံအသုံးချခွင့်ရှိသည်။ ထို့အပြင်မိမိပိုင်သောပုံမှန်စိုက်ပျိုးသောမြေတွင် ပုံမှန်စိုက်ပျိုးရေး လုပ်ငန်းမှအိမ်ဆောက်နေထိုင်ခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းစသောအခြားသောလုပ်ငန်းများအတွက် ကျေးရွာ၏ဓလေ့နှင့်ပတ်ဝန်းကျင်ရှိအခြားသူများ၏လုပ်ငန်းကို ထိခိုက်မှုမရှိပါကထိုလုပ်ငန်းများအတွက်လွတ်လပ်စွာ အသုံးချခွင့်ရှိသည်။

## ၂.၁၀။ ရိုးရာဓလေ့အရလယ်ယာမြေကိုစီမံခန့်ခွဲခြင်း

ဓလေ့ထုံးတမ်းအရပိုင်ဆိုင်လာသောမြေအပေါ်တွင်ထိုမြေကိုပိုင်ဆိုင်သောသူသည် မိမိဆန္ဒနှင့်အညီလွတ်လတ်စွာစီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်။ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမွေပေးခြင်းများအတွက် မျိုးနွယ်စုများသည်ဘိုးဘွား စဉ်ဆက်ပိုင်ဆိုင်လာသောမြေများကိုလည်းလွတ်လပ်စွာစိုက်ပျိုးစီမံပိုင်ခွင့်ရှိသည်။ ထို့အပြင်တစ်ဦးတစ်ယောက်ပိုင်ဆိုင် သောလယ်နှင့်တောင်ယာမြေများနှင့်ပတ်သက်၍လည်းထိုသူကိုယ်တိုင်လွတ်လပ်စွာစီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည်။ ဓလေ့ ထုံးတမ်းအရသတ်မှတ်ထားသောဘုံမြေ၊ ရွာမြေ၊ သစ်တောမြေ၊ ကာကွယ်တောမြေ၊ သချိုင်းမြေနှင့်အထွဋ်အမြတ် ထားရာမြေများကို ကျေးရွာရှိရိုးရာဓလေ့မြေစီမံခန့်ခွဲမှုအဖွဲ့များ သို့မဟုတ် ကော်မတီများ၊ မျိုးနွယ်စုခေါင်းဆောင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့်ရွာမိရွာဖများ၏သဘောတူညီချက်ဖြင့်ထိုမြေကိုစီမံခန့်ခွဲကြသည်။ ကျေးရွာအတွင်းတွင်ကျောင်း၊ က စားကွင်း၊ ဆေးပေးခန်းများစသောအဆောက်အအုံများဆောက်လုပ်ရန်လိုအပ်လာပါက ကျေးရွာပိုင်ဘုံမြေပေါ်တွင် တည်ဆောက်နိုင်ရန်အတွက်ကော်မတီများနှင့်၎င်းတို့ခေါင်းဆောင်များကမြေပိုင်ရှင်နှင့်ညှိနှိုင်း၍စီမံခန့်ခွဲကြသည်။

## ၂.၁၁။ မြေနှင့်ပတ်သက်သောရိုးရာဓလေ့ထုံးတမ်းများ၏ပြစ်မှုနှင့်ပြစ်ဒဏ်များ

ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဓလေ့ထုံးတမ်းအရသတ်မှတ်ထားသောကျင့်ထုံးများတွင်မြေနှင့်သက်ဆိုင် သောအငြင်းပွားမှုများ၊ ပဋိပက္ခများကိုဖြေရှင်းနိုင်ရန်အတွက်ပြစ်မှုပြစ်ဒဏ်များကိုလည်းသတ်မှတ်ထားကာ ထိုပြစ်မှုပြစ် ဒဏ်များကိုအခြေခံ၍ဆုံးဖြတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကိုပြုလုပ်ကြပါသည်။ ဓလေ့ထုံးတမ်းအရကျေးရွာမှ သတ်မှတ်ထားသောနေရာ သို့မဟုတ် ကန့်သတ်ထားသောမြေနေရာ သို့မဟုတ် ဘာသာရေးအရကန့်သတ်ထားသော မြေများတွင် ကျူးကျော်ဝင်ရောက်ခြင်းများပြုလုပ်လျှင်ရွာမိရွာဖနှင့်ဓလေ့ထုံးတမ်းအရမြေစီမံခန့်ခွဲခွင့်ရှိသူများ၏အရေး ယူခြင်းကိုခံရသည်။ တစ်စုံတစ်ယောက်သည် အခြားသူတစ်ဦးပိုင်သောမြေပေါ်တွင်သွားရောက်၍သီးနှံများကိုစိုက်ပျိုး မိလျှင်မြေပိုင်ရှင်မှရွာလူကြီး သို့မဟုတ် ဓလေ့ထုံးတမ်းအရစီမံခန့်ခွဲခွင့်ရှိသူထံသို့အကြောင်းကြားရသည်။ ထို့နောက်

ရွာလူကြီးမှထိုကျူးကျော်သူကိုခေါ်ယူ၍ထိုမြေနှင့်ပတ်သက်ပြီးတန်ရာတန်ကြေးကိုပေးစေပါသည်။ အခြားသောသူပိုင်ဆိုင်သောမြေပေါ်ရှိပစ္စည်း၊ အပင်၊ ခြံစည်းရိုးတို့ကိုဖျက်ဆီးခြင်းပြုလုပ်လျှင်လည်းထိုပျက်ဆီးသွားသောအရာများအတွက်တန်ရာတန်ကြေးကိုပြန်လည်ပေးလျော်ခြင်းပြုရသည်။ ပြစ်မှုကျူးလွန်သူသည် မိမိတို့ကျူးလွန်ကြောင်းပြစ်မှုထင်ရှားလျှင်၎င်းတို့ကျူးလွန်သောအမှုကိစ္စကြီးငယ်ပေါ်မူတည်၍ သတိပေးခြင်း၊ ပြန်လည်တောင်းပန်စေခြင်း၊ အလျော်ပေးခြင်း၊ ပြန်လည်အစားထိုးပေးခြင်း၊ ဒဏ်ကြေးပေးလျော်စေခြင်းနှင့်ကျေးရွာမှနှင်ထုတ်ခြင်းစသည်တို့ဖြင့်အရေးယူကြပါသည်။ အကယ်၍ပြစ်မှုကျူးလွန်သူသည်ဆုံးဖြတ်ခြင်းကိုမလိုက်နာပါက နောက်ဆုံးအဆင့်တွင်ကျေးရွာမှနှင်ထုတ်ခြင်းသို့မဟုတ် မျိုးနွယ်စုဝင်အဖြစ်မှပယ်ထုတ်ခြင်းစသည်ဖြင့်အရေးယူသတ်မှတ်သည်။ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ မျိုးနွယ်စုအလိုက်သော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်း ကောင်းမိမိတို့ပိုင်ဆိုင်သောနယ်နိမိတ်အငြင်းပွားမှုနှင့်ပတ်သက်၍ရွာမိရွာဖမှသော်လည်းကောင်း၊ သက်ဆိုင်ရာဓလေ့ထုံးတမ်းအရမြေယာစီမံခန့်ခွဲမှုရှိသူများမှသော်လည်းကောင်း၊ ကျေးရွာရှိအကြီးအကဲ(ယခုတွင်ကျေးရွာအုပ်ချုပ်ရေးမှူး)မှသော်လည်းကောင်း၊ နှစ်ဦးနှစ်ဖက်မှပါဝင်သင့်သောသူများသော်လည်းကောင်း ပါဝင်၍နယ်နိမိတ်စစ်ဆေးခြင်းများကိုပြုလုပ်၍အရေးယူဆုံးဖြတ်ကြပါသည်။

## ၂.၁၂။ အမွေပေးခြင်းဖြစ်စဉ်

ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရအမွေပေးရာတွင်လည်း မိမိတို့၏မျိုးနွယ်စု၊ ဒေသအလိုက်အနည်းငယ်ကွဲပြားမှုရှိကြပါသည်။ မြေနှင့်ပတ်သက်သောအမွေပေးခြင်းကိုပြုရာတွင် ကယန်းလူမျိုးတို့၏ရိုးရာဓလေ့အရသားကိုသာဦးစားပေးလေ့ရှိပြီးသမီးကိုမူပေးလေ့ပေးထမရှိကြပါ။ အမွေပေးရာတွင်သားအကြီးကိုစပါးကျီပေးလေ့ရှိပြီး သားအငယ်ဆုံးကိုအိမ်၊ လယ်ယာမြေပေးလေ့ရှိသည်။ အမျိုးသမီးများအားအမွေမပေးရခြင်းမှာ ထိုအမျိုးသမီးအိမ်ထောင်ပြုလျှင်မိမိအိမ်ထောင်ပြုမည့်အမျိုးသားသည် ၎င်းတို့ဘက်မှအမွေရလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ အချို့သောမျိုးနွယ်စုများသည်လည်းသားနှင့်သမီးကိုတန်းတူအမွေပေးကြသည်။ သားမရှိသောဇနီးမောင်နံများသည်အမျိုးသားဘက်ဆွေမျိုးထဲမှသားတစ်ဦးကိုမွေးစား၍ထိုသားကိုအမွေပေးကြသည်။ သားသမီးမရှိသောဇနီးမောင်နံများ၏အမွေများကိုအမျိုးသား၏ဆွေမျိုးများမှ၎င်းတို့နှင့်သက်ဆိုင်သောအမွေအနှစ်များကိုစီမံခန့်ခွဲကြသည်။ အမွေပေးရာနှင့်ပတ်သက်ပြီးအမျိုးသားနှင့်အမျိုးသမီးများတို့အကြားခွဲခြားဆက်ဆံမှုများရှိသော်လည်းယနေ့ထိတိုင်ဆက်လက်ကျင့်သုံးနေဆဲဖြစ်ပါသည်။ အချို့သောမျိုးနွယ်စုများတွင်အမျိုးသမီးများသည် အိမ်ထောင်ကျပြီးလျှင်၎င်း၏အိမ်ထောင်ဘက်အမျိုးသားရှိရာလိုက်ပါသွားရပြီး ထိုအမျိုးသား၏မျိုးနွယ်စုဝင်အဖြစ်ခံယူကြရသည်။ သို့သော်အချို့သောမျိုးနွယ်စုများတွင်အမျိုးသမီးမှအိမ်ထောင်ကျလျှင်လည်းအမွေကိုပေးကြသည်။ သက်ဆိုင်ရာဒေသနှင့်မျိုးနွယ်စုများအပေါ်မူတည်၍မြေနှင့်ပတ်သက်သောအမွေပေးခြင်းများသည်ကွဲပြားပြီး ယနေ့ထိတိုင်ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်နေဆဲဖြစ်သည်။

## ၂.၁၃။ ရိုးရာဓလေ့အရ နယ်နိမိတ်သတ်မှတ်ခြင်း

ရိုးရာဓလေ့ထုံးတမ်းအရနယ်နိမိတ်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသားများသည် မိမိတို့ပိုင်ဆိုင်သောနယ်နိမိတ်များသတ်မှတ်ရာတွင်ဘိုးဘွားတို့သတ်မှတ်ထားသောနယ်နိမိတ်များကိုသစ်ပင်စိုက်ပျိုးခြင်း သို့မဟုတ် သစ်ပင်ပေါ်တွင်အမှတ်အသားပြုလုပ်ခြင်းများ၊ ကျောက်ပုံဖြင့်နယ်နိမိတ်အမှတ်အသားများပြုလုပ်ခြင်း သို့မဟုတ် ကျောက်တောင်များဖြင့်အမှတ်အသားပြုလုပ်ခြင်း၊ တောင်များဖြင့်နယ်နိမိတ်ပြုလုပ်ခြင်းနှင့်မြေပုံရေးဆွဲသတ်မှတ်ခြင်းစသောနည်းများကိုအသုံးပြု၍လုပ်ဆောင်ခဲ့ပါသည်။ နယ်နိမိတ်သတ်မှတ်မှုနှင့်ပတ်သက်၍တစ်ဦးချင်းမြေပိုင်ဆိုင်မှုအတွက်သော်လည်းကောင်း၊ မျိုးနွယ်စုအလိုက်မြေပိုင်ဆိုင်ခြင်းကိုသော်လည်းကောင်း၊ ကျေးရွာအချင်းချင်းမြေပိုင်ဆိုင်မှုအတွက်သော်လည်းကောင်းအချင်းချင်းအသိအမှတ်ပြုခြင်းဖြင့်အတည်ပြုကြပါသည်။ ထို့အပြင်ရိုးရာဓလေ့အရနယ်နိမိတ်ပိုင်ဆိုင်ခြင်းကိုလမ်းလျှောက်၍နယ်နိမိတ်စီစစ်ခြင်း၊ နယ်နိမိတ်အမှတ်အသားများပြန်လည်မွမ်းမံခြင်းနှင့်နယ်နိမိတ်ကျူး

ကျော်ခြင်းရှိမရှိတို့စစ်ဆေးခြင်းတို့ကိုပြုလုပ်ကြပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နယ်နိမိတ်သတ်မှတ်ခြင်းကိုအောက်တွင်လေ့လာတွေ့ရှိနိုင်ပါသည်။

**တစ်ဦးချင်းနယ်နိမိတ်ပိုင်ဆိုင်မှုကိုသတ်မှတ်ခြင်း**


- တစ်ဦးချင်းအနေဖြင့် မိမိတို့မြေနယ်နိမိတ်ကိုသတ်မှတ်ရာတွင် ရွာမိရွာဖများ၊ ရွာလူကြီးများ၊ ဓလေ့ထုံးတမ်းအရစီမံခန့်ခွဲခွင့်ရှိသူများနှင့်မြိန်းချင်းမြေပိုင်ဆိုင်သူများခေါ်ယူ၍ နယ်နိမိတ်ပိုင်ဆိုင်ခြင်းကိုအတည်ပြုသတ်မှတ်ကြပါသည်။

**မျိုးနွယ်စုအလိုက်နယ်နိမိတ်ပိုင်ဆိုင်ခြင်းကိုသတ်မှတ်ခြင်း**

- မျိုးနွယ်စုအရနယ်နိမိတ်ပိုင်ဆိုင်ခြင်းကိုသတ်မှတ်ရာတွင် သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲနှင့်ဓလေ့ထုံးတမ်းကိုနားလည်တတ်ကျွမ်းသောရှေ့မီနောက်မီများ၊ ဓလေ့ထုံးတမ်းအရမြေယာစီမံခန့်ခွဲခွင့်ရှိသူများမှပါဝင်၍ မျိုးနွယ်စုအလိုက်နယ်နိမိတ်ပိုင်ဆိုင်မှုကိုသတ်မှတ်ကြပါသည်။

**ကျေးရွာအလိုက်နယ်နိမိတ်ပိုင်ဆိုင်ခြင်းကိုသတ်မှတ်ခြင်း**

- ကျေးရွာအလိုက်နယ်နိမိတ်ပိုင်ဆိုင်မှုကိုသတ်မှတ်ရာတွင်သက်ဆိုင်ရာကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာရှိခေါင်းဆောင်များနှင့်အကြီးအကဲများဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးကဏ္ဍမှတာဝန်ရှိခေါင်းဆောင်များပါဝင်ဆုံးဖြတ်၍အတည်ပြုသတ်မှတ်ခြင်းကိုပြုလုပ်ကြသည်။



*ဝါဘန်းပလိုကျေးရွာနှင့်ပဆေးလာကျေးရွာအကြားမြေနှင့်ပတ်သက်သောချုပ်ဆိုထားသည့်စာချုပ်*


မကျူးကျော်ရ
ကျောက်မထုတ်ရ

# ၃။ ရိုးရာဓလေ့အရမြေယာအသုံးပြုမှုဆိုင်ရာရင်ဆိုင်နေရသောခြိမ်းခြောက်မှုများ

ဌာနေတိုင်းရင်းသားများသည် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များဖြင့်၎င်းတို့၏မြေနှင့်သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲမှုပြုလုပ်လာခဲ့ကြသော်လည်း ယနေ့အချိန်တွင်ပြင်ပမှအရာများကြောင့်သော်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားများ၏လူနေမှုပုံစံပြောင်းလဲမှုများကြောင့်သော်လည်းကောင်း၊ ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရပါသည်။ ပြင်ပမှရိုက်ခတ်မှုများဖြစ်သောအုပ်ချုပ်သူအစိုးရအဆက်ဆက်၏မြေနှင့်သက်ဆိုင်သောပြဌာန်းဥပဒေများကြောင့်သော်လည်းကောင်း၊ ကမ္ဘာ့မြို့စနစ်၏ရိုက်ခတ်မှုများကြောင့်သော်လည်းကောင်း၊ ပြင်ပမှရင်းနှီးမြှုပ်နှံမှုများနှင့်ပုံစံအမျိုးမျိုးဖြင့်မြေသိမ်းပိုက်မှုများ၊ စက်မှုဇုံစီမံကိန်းများကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်လည်းကောင်း၊ စီးပွားဖြစ်စိုက်ပျိုးရေးစီမံကိန်းများကြောင့်လည်းကောင်း၊ အစိုးရ၏ကာကွယ်တောစီမံကိန်းများကြောင့်သော်လည်းကောင်း ဌာနေတိုင်းရင်းသားများ၏ဘိုးဘွားစဉ်ဆက်အသုံးပြုလာသောမြေနှင့်သဘာဝအရင်းအမြစ်များကိုဆုံးရှုံးစေရန်ခြိမ်းခြောက်မှုများဖြစ်စေပါသည်။ ထို့အပြင်ဌာနေတိုင်းရင်းသားများ၏မြေယာစီမံခန့်ခွဲမှုနှင့်ကိုက်ညီမှုမရှိသောအုပ်ချုပ်သူအစိုးရ၏မြေနှင့်သဘာဝအရင်းအမြစ်ဆိုင်ရာယန္တရားများသည်လည်း ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဆက်လက်ကျင့်သုံးနိုင်မှုအပေါ်သို့ နည်းလမ်းမျိုးစုံဖြင့်သက်ရောက်မှုများရှိစေနေပါသည်။ ထိုသို့သောအခြေအနေများသည်လည်းယနေ့ချိန်ခါတွင် သုတေသနပြုရာဒေသဖြစ်သော ကယား(ကရင်နီ) ပြည်နယ်မှ ဌာနေတိုင်းရင်းသားတို့နေထိုင်ရာဒေသများတွင် အထက်ပါခြိမ်းခြောက်မှုများနှင့်ကြုံတွေ့နေရပါသည်။

ယခင်ကတည်းကရှိနှင့်ပြီးသားဖြစ်သောမြေနှင့်ပတ်သက်သောဥပဒေများအပြင် ၂၀၁၂ခုနှစ်မှစတင်၍ထပ်မံပြဌာန်းထားသောလယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေများနှင့်အခြားသောဥပဒေများတွင်လည်းဌာနေတိုင်းရင်းသားများ၏မြေစီမံခန့်ခွဲမှုစနစ်ကိုထင်ဟပ်ခြင်းမရှိသည့်အပြင်၎င်းတို့၏မြေကို ပြင်ပမှတရားဝင်လာရောက်သိမ်းယူခြင်းပြုလုပ်နိုင်ရန်အတွက်အထောက်အပံ့ပေးသကဲ့သို့ဖြစ်နေပါသည်။ ၂၀၁၅ခုနှစ်ဖေဖော်ဝါရီလတွင်အတည်ပြုပြဌာန်းလိုက်သောတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင်လည်းဌာနေတိုင်းရင်းသားလူမျိုးများ၏မြေ၊ နယ်နိမိတ် နှင့် အရင်းအမြစ်များပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးအသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းများမရှိဘဲလစ်လျူရှုနေသည်ကိုတွေ့ရှိရသည်။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင်အတည်ပြုလိုက်သောအမျိုးသားမြေအသုံးချမှု မူဝါဒတွင်တိုင်းရင်းသားများ၏ရိုးရာဓလေ့ထုံးတမ်းအရမြေပိုင်ဆိုင်မှုကိုအသိအမှတ်ပြုရမည်ဟုပါရှိသော်လည်းနောင်ထွက်ရှိမည့် အမျိုးသားမြေဥပဒေတွင်ဌာနေတိုင်းရင်းသားများ၏မြေနှင့်သဘာဝသယံဇာတအရင်းအမြစ်များကိုလုံခြုံမှုရှိစေမည့်တရားဝင်အသိအမှတ်ပြုကာကွယ်မှုကိုစောင့်ကြည့်ရန်လိုအပ်ပါသည်။ ဒေသခံဌာနေတိုင်းရင်းသားများအကြားတွင်လည်း ရိုးရာဓလေ့ကိုအခြေခံသောမြေယာစီမံခန့်ခွဲမှုစနစ်များကိုအသုံးပြုခဲ့ကြသော်လည်းယခုအချိန်တွင်ပြင်ပမှသက်ရောက်မှုများသည်၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ကိုဆက်လက်ကျင့်သုံးရန်အတွက်ဒွိဟဖြစ်စေနေပါသည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၇- က)အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိသယံဇာတပစ္စည်းအားလုံး၏ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟူသောအချက်အရ ဌာနေတိုင်းရင်းသားတို့ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာခဲ့သော မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များအားလုံးသည် အသိအမှတ်ပြုခြင်းကိုမခံရှုမှုမက ဆုံးရှုံးသွားရန်အတွက်ဦးတည်နေပါသည်။ ထို့အပြင်ပြည်နယ်အဆင့် လွှတ်တော်တွင်ဒေသန္တရဥပဒေများကိုပြဌာန်းခွင့်ပြုထားသော်လည်း ပြည်ထောင်စုနှင့်ယှဉ်လာသောအငြင်းပွားမှုများ၊ ဖြေရှင်းခြင်းများပြုလုပ်ရန်လိုအပ်လာသောအခါ ပြည်ထောင်စုလွှတ်တော်တွင်ပြဌာန်းသည့်ဥပဒေဖြင့်ဆုံးဖြတ်၍အတည်ပြုခြင်းရယူခြင်းသည် ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များနှင့်သက်ဆိုင်သောအခွင့်အရေးများကိုဆုံးရှုံးသွားစေရန်အတွက်တွန်းပို့သကဲ့သို့ဖြစ်စေပါသည်။

၂၀၁၂ လယ်ယာမြေပြဌာန်းဥပဒေအရ မြေလုပ်ပိုင်ခွင့်ရရန်အတွက် လယ်ယာမြေမှတ်ပုံတင်ခြင်း(ပုံစံ(၇)လျှောက်ထားခြင်း)ကိုပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်းဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များသည် အသိအမှတ်ပြုခံရခြင်းမရှိရုံမျှမက ဤဥပဒေအားဖြင့်ဌာနေတိုင်းရင်းသားများပိုင်ဆိုင်သော မြေနှင့်သဘာဝသယံဇာတများကိုလက်တွေ့တွင်မှတ်ပုံတင်ရန်မဖြစ်နိုင်ပဲအခက်အခဲများကိုဖြစ်ပေါ်နေပါသည်။ အကျိုးဆက်နေဖြင့်ဌာနေတိုင်းရင်းသားများသည်၎င်းတို့ရိုးရာဓလေ့ထုံးတမ်းအပေါ်တွင်စိုးရိမ်မှုများဖြစ်စေသည်သာမက ပြဌာန်းဥပဒေအရမှတ်ပုံတင်ရန်အတွက်လည်းစိုးရိမ်မှုများဖြစ်စေနေပါသည်။ ခေတ်အခြေအနေပြောင်းလဲမှုနှင့်အညီကျေးရွာအတွင်းရှိလူငယ်များသည်လည်း ရိုးရာဓလေ့အပေါ်သိရှိမှု၊ အလေးထားမှုအားနည်းလာပြီးသက်ကြီးရွယ်အိုများကသာသိရှိကြပါသည်။ ထို့အပြင်ရိုးရာဓလေ့ဆိုင်ရာမြေအသုံးချမှုများအပေါ်မျိုးဆက်သစ်ဌာနေတိုင်းရင်းသားများအကြားတွင်လည်း ၎င်းတို့၏ရိုးရာဓလေ့ဆိုင်ရာမြေရာစီမံခန့်ခွဲမှုစနစ်အပေါ်တန်ဖိုးထားမှုများကျဆင်းခြင်းသည်လည်း ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဆက်လက်တည်ရှိကျင့်သုံးရန်အတွက်စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။

*" ကျွန်တော်တို့ရဲ့ မြေနဲ့ပတ်သက်ရင် ဓလေ့အရ*
*စီမံလာခဲ့တာဟာနှစ်ပေါင်းရာကျော်နေပြီဖြစ်တယ်။*
*ဒီစနစ်နဲ့ကျနော်တို့ရဲ့ မြေနဲ့သဘာဝအရင်းအမြစ်တွေကို  စီမံခန့်ခွဲလာခဲ့ကြပေမယ့်*
*တရားဝင်အသိအမှတ်ပြုခံရခြင်းမရှိတဲ့အပြင် ကျနော်တို့ရဲ့ မြေပိုင်ဆိုင်ခွင့်တွေကို*
*လစ်လျူရှုထားတာတွေဟာ ကျနော်တို့ရဲ့  ရေရှည်ရပ်တည်နိုင်ဖို့အတွက်*
*ခြိမ်းခြောက်မှုတွေပဲဖြစ်ပါတယ်။"*

*ဝါဘန်းပလိုကျေးရွာသားတစ်ဦး*

# ၄။ ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအပေါ် သို့လက်ရှိလယ်ယာမြေဆိုင်ရာပြဋ္ဌာန်းဥပဒေနှင့်နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်သက်ဆိုင်သောယန္တရားများ၏အသိအမှတ်ပြုမှုများ

ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့စီမံခန့်ခွဲမှုစနစ်အရ ဌာနေတိုင်းရင်းသားတို့သည်၎င်းတို့ပိုင်ဆိုင်သောမြေနှင့်ပတ်သက်သောဆုံးဖြတ်ချက်ချခြင်း၊ စီမံခန့်ခွဲခြင်းတို့အတွက်အမြင့်ဆုံးအခွင့်အာဏာရှိကြသည်။ ထိုမြေနှင့်ပတ်သက်သောဓလေ့များ၊ ကျင့်ထုံးများကိုလည်းနှစ်ပေါင်းကာလများစွာကျင့်သုံးလာခဲ့ကြပြီး ခေတ်အလိုက်ပြုပြင်မွမ်းမံမှုများပြုလုပ်၍ကျင့်သုံးလာခဲ့ကြပါသည်။ ဌာနေတိုင်းရင်းသားများနှင့်၎င်းတို့၏မြေနှင့်ပတ်သက်သောဆက်နွယ်မှုများသည် သီးသန့်ခွဲထား၍မရဘဲ အပြန်အလှန်ဆက်နွယ်မှုရှိကာ ပြင်ပမှသူများသိရှိထားသည်ထက်များစွာနက်နဲပြီးသိမ်မွေ့မှုရှိလှပါသည်။ ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ မြေနှင့်သဘာဝအရင်းအမြစ်များကိုလွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်အခွင့်အရေးအပြည့်အဝရှိကြပါသည်။ ၎င်းတို့၏မြေနှင့်သက်ဆိုင်သောအခွင့်အရေးများတွင် ပြဋ္ဌာန်းဥပဒေများထက်ပိုမိုကျော်လွန်သည်ကိုတွေ့ရှိရပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ မြေကိုပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်များကို၎င်းတို့၏ဓလေ့ထုံးတမ်းများနှင့်အညီလွတ်လပ်စွာစီမံခန့်ခွဲနိုင်ခွင့်ရှိပြီး ၎င်းတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုစီးပွားရေး၊ နိုင်ငံရေး၊ သဘာဝဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို၎င်းတို့၏ဓလေ့ထုံးတမ်းနှင့်အညီလွတ်လပ်စွာစီမံနိုင်ခွင့်ရှိကြပါသည်။ ဌာနေတိုင်းရင်းသားများသည်ဒေသန္တရအရသော်လည်းကောင်း၊မျိုးနွယ်စုနှင့်ယဉ်ကျေးမှုအရသော်လည်းကောင်းကွဲပြားမှုရှိကြသော်လည်းကောင်း ၎င်းတို့၏လုပသောရိုးရာဓလေ့ထုံးတမ်းများဖြင့်မြေကိုစီမံခန့်ခွဲကြသောဓလေ့မှာအလွန်လှပပြီးချစ်စရာအလွန်ကောင်းပါသည်။ အခြေခံအားဖြင့်တောင်ပေါ်ဒေသရှိမြေများတွင်ရွှေ့ပြောင်းတောင်ယာကိုအဓိက လုပ်ကိုင်ခြင်းဖြင့်သော်လည်းကောင်း၊ လေ့ကားထစ်စိုက်ပျိုးရေးစနစ်ဖြင့်သော်လည်းကောင်းသီးနှံများကိုစိုက်ပျိုး၍ ၎င်းတို့၏မြေကိုလွတ်လပ်စွာစီမံခန့်ခွဲကြပြီး မြေပြန့်ရှိသောဒေသများတွင် လယ်ယာစိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ အခြားသောသီးနှံများစိုက်ပျိုးခြင်းအတွက်သော်လည်းကောင်း၊ အခြားသောရည်ရွယ်ချက်များအတွက်သော်လည်းကောင်းအသုံးပြုကြပါသည်။

နိုင်ငံတကာတွင်လည်း ဌာနေတိုင်းရင်းသားများ၏မြေနှင့်သဘာဝအရင်းအမြစ်ပိုင်ဆိုင်မှုအခွင့်အရေးနှင့်ပတ်သက်၍သက်ဆိုင်ရာနိုင်ငံတော်အစိုးရများအနေဖြင့်အသိအမှတ်ပြုခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းများပြုရမည်ဟူသောလမ်းညွှန်ချက်များ၊ သဘောတူစာချုပ်များ၊ ကြေငြာစာတမ်းများတွင် မြန်မာအစိုးရအနေဖြင့်အသိအမှတ်ပြုလက်မှတ်ရေးထိုးထားခြင်းများကိုလည်းတွေ့ရှိရပါသည်။ ဌာနေတိုင်းရင်းသားများ၏မြေနှင့်သဘာဝအရင်းအမြစ်ဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်၍အဓိကဖြစ်သောကမ္ဘာ့ကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်း(UNDRIP)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်၏ ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ်(ILO-C.169)၊ အမျိုးသားစားနပ်ရိက္ခာလုံခြုံစိတ်ချရေးဆိုင်ရာမြေယာ၊ သားငါးနှင့်သစ်တောများလုပ်ပိုင်ခွင့်အားစီရင်အုပ်ချုပ်ခြင်းအတွက်လိုက်နာရမည့်လမ်းညွှန်ချက်များ(VGGT)တို့တွင် နိုင်ငံတော်အစိုးရအနေဖြင့်ဌာနေတိုင်းရင်းသားများ၏ မြေနှင့်သဘာဝအရင်းအမြစ်ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုအကာအကွယ်ပေးရမည်ဟုဖော်ပြထားသည်။ သို့သော်လည်းနိုင်ငံတော်အစိုးရအနေဖြင့်ဌာနေတိုင်းရင်းသားများ၏မြေနှင့်အရင်းအမြစ်ဆိုင်ရာအခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေများဖြင့်ထိရောက်သောအကာအကွယ်ပေးမှုများမပေးသည့်အပြင် နိုင်ငံတကာတွင်အသိအမှတ်ပြုထားသည့်ဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောလုပ်ထုံးလုပ်နည်းများကိုလည်း အကောင်အထည်ဖော်မှုအားအလွန်နည်းနေသေးပါသည်။ ဌာနေတိုင်းရင်းသားများ၏မြေနှင့်သက်ဆိုင်သော နိုင်ငံတကာရှိယန္တရားများတွင်ဌာနေတိုင်းရင်းသားတို့၏မြေပိုင်ဆိုင်မှု၊ အသုံးပြုမှု၊ နယ်မြေပိုင်ဆိုင်မှုများကိုတစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အများပိုင်အဖြစ်သော်လည်းကောင်းအသိအမှတ်ပြုထားပြီးနိုင်ငံအစိုးရများအနေဖြင့်၎င်းတို့ကိုအသိအမှတ်ပြုရမည်ဟုပါရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်း(UNDRIP)ကို၂၀၀၇ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေညီလာခံတွင်ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီချက်ဖြင့်အတည်ပြုခဲ့ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်၏ ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ် (ILO-C.169)ကို ၁၉၈၉ခုနှစ်တွင်အတည်ပြုခဲ့ပါသည်။ အထက်ပါနိုင်ငံတကာရှိယန္တရားကြီးများသည်သက်ဆိုင်ရာနိုင်ငံတော်အစိုးရများအနေဖြင့် ဌာနေတိုင်းရင်း

သားတို့၏မွေးရာပါအခွင့်အရေးများကိုအသိအမှတ်ပြုခြင်း၊ ကာကွယ်မှုပေးခြင်း၊ ထိုအခွင့်အရေးများကိုပြည့်စုံစေခြင်းနှင့်သမိုင်းအစဉ်အလာအရ ဌာနေတိုင်းရင်းသားတို့ကြုံတွေ့ခဲ့ရသောတရားမမျှတမှုများကိုကျော်လွှားသွားနိုင်ရန်နှင့် လက်ရှိတွင်၎င်းတို့တွေ့ကြုံနေရသောခွဲခြားဆက်ဆံမှုများကိုတာဝန်ယူ၊ တာဝန်ခံနိုင်ရန်အတွက်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်း(UNDRIP)နှင့်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ်(ILO-C.169)တို့တွင် ဌာနေတိုင်းရင်းသားတို့၏သိသာထင်ရှားတည်ရှိနေသောယဉ်ကျေးမှု၊ ယုံကြည်တန်ဖိုးထားမှုများသည် ၎င်းတို့နှင့်တွဲလျက်ရှိနေသောမြေနှင့်နယ်နိမိတ်များပေါ်တွင်အခြေခံပြီး ငွေကြေးနှင့်အခြားသောထုတ်လုပ်မှုများထက်များစွာကျော်လွန်သည်ကိုတွေ့ရှိရပါသည်။ အထက်ပါယန္တရားနှစ်ခုစလုံးသည်ဌာနေတိုင်းရင်းသားများ ၎င်းတို့၏မြေ၊ ပိုင်နက်နှင့်သဘာဝအရင်းအမြစ်များကိုထိန်းချုပ်ထားနိုင်ခွင့်၊ ၎င်းတို့၏ယဉ်ကျေးမှုနှင့်ဓလေ့များဖွံ့ဖြိုးမှုရှိရန်အတွက်၎င်းတို့လူမှုအဖွဲ့အစည်းများအားကောင်းအောင်ပြုလုပ်ပိုင်ခွင့်၊ ၎င်းတို့၏လိုအပ်မှုအပေါ်အခြေခံ၍ဖွံ့ဖြိုးမြင့်တင်ခြင်းများကိုပြုလုပ်ပိုင်ခွင့်ရှိသည်ဟုဖော်ပြထားပါသည်။ ထို့အပြင်ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏မြေ၊ ပိုင်နက်နှင့်အရင်းအမြစ်များကိုအသုံးချ၍ ၎င်းတို့အတွက်အရေးကြီးသောဦးစားပေးမှုများနှင့်ဖွံ့ဖြိုးမှုများကိုလုပ်ဆောင်ပိုင်ခွင့်ရှိသည်။ ယေဘုယျအားဖြင့်ဌာနေတိုင်းရင်းသားများ၏မြေ၊ ပိုင်နက်နှင့်အရင်းအမြစ်များကိုပိုင်ဆိုင်ခြင်းအခြေခံသဘောတရားများသည် ကိုယ်ပိုင်ပြဌာန်းခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ တန်းတူညီမျှခွင့်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းမြှင့်တင်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်စသည်တို့အပေါ်တွင်အခြေခံသောသဘောတရားများဖြစ်သည်။

၂၀၁၂ခုနှစ်တွင်အတည်ပြုလိုက်သော လယ်ယာမြေဥပဒေနှင့်မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေအပြင်မြေနှင့်သက်ဆိုင်သောအခြားသောဥပဒေများနှင့် ဌာနေတိုင်းရင်းသားတို့၏မြေနှင့်သဘာဝအရင်းအမြစ်အပေါ်သို့သက်ရောက်မှုရှိသည့်ပြဌာန်းဥပဒေများသည် ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုတို့နှင့်ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိရပါသည်။ ဌာနေတိုင်းရင်းသားတို့သည် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်ဖြင့် ၎င်းတို့ဒေသတွင်ရှိသောမြေအမျိုးမျိုးကိုစီမံခန့်ခွဲမှုများပြုလုပ်ကြပြီး ထိုမြေအသီးသီးကိုလည်းသက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးမှသော်လည်းကောင်း၊ မျိုးနွယ်စုများမှသော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်းအသီးသီးပိုင်ဆိုင်ကြပါသည်။ သို့သော်လည်း ၂၀၁၂ခုနှစ် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေအရသတ်မှတ်ထားသောမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမြေအမျိုးအစားများနှင့်ထိုမြေနှင့်ပတ်သက်သောလုပ်ပိုင်ခွင့်များသည် ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့အရမြေယာပိုင်ဆိုင်မှုကိုခြိမ်းခြောက်နေရုံမျှမက ပြင်ပမှသူများပိုင်ဆိုင်သွားနိုင်စေရန်အတွက်တွန်းပို့မှုများဖြစ်စေပါသည်။ ထို့အပြင် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင်အတည်ပြုလိုက်သော အမျိုးသားမြေအသုံးချမှုမူဝါဒတွင်လည်း ဌာနေတိုင်းရင်းသားများ၏အနားပေးတောင်ယာစနစ်ကို အမြဲတမ်းတောင်ယာစနစ်သို့ပြောင်းလဲရန်လုပ်ဆောင်မှုများသည် ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများနှင့်ကိုက်ညီမှုမရှိသည်ကိုလည်းတွေ့ရှိရပါသည်။ ယေဘုယျအားဖြင့်မြေနှင့်သက်ဆိုင်သောပြဌာန်းဥပဒေများ၊ မူဝါဒများသည်အပေါ်ယံအားဖြင့်ဒေသခံတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုနှင့်မြေစီမံခန့်ခွဲမှုများအားအကာအကွယ်ပေးသယောင်ရှိနေသော်လည်း တကယ်လက်တွေ့တွင်မူ ပြင်ပမှလုပ်ငန်းရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများ၏အခွင့်အရေးကိုပိုမိုအကာအကွယ်ပေးရုံမျှမက ဒေသခံတိုင်းရင်းသားများနှင့်ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုနှင့်မြေနှင့်သက်ဆိုင်သောအခွင့်အရေးများကိုအပြည့်အဝအကာအကွယ်ပေးမှုမရှိခြင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုနှင့်လူမှုစီးပွားရေးအရသော်လည်းကောင်း အခြားသောသူများ၏လက်အောက်ခံအဖြစ်သို့ရောက်အောင် အတင်းအဓမ္မသွတ်သွင်းသကဲ့သို့ဖြစ်စေနေသည်ကိုတွေ့ရှိရပါသည်။

လက်ရှိမြေနှင့်သက်ဆိုင်သောပြဌာန်းဥပဒေနှင့်မူဝါဒများသည် ဗဟိုချုပ်ကိုင်မှုစနစ်များပြီးဒေသခံတိုင်းရင်းသားနှင့်ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများကိုလစ်လျူရှုရုံမျှမက ဌာနေတိုင်းရင်းသားတို့ပိုင်ဆိုင်သောမြေကိုအစိုးရ၏သစ်တောမြေအဖြစ်သို့လည်းကောင်း၊ စစ်တပ်နယ်မြေအဖြစ်သို့လည်းကောင်း၊ စီမံကိန်းနယ်မြေအဖြစ်သို့လည်းကောင်းရောက်ရှိစေပါသည်။ ထို့အပြင်ဌာနေတိုင်းရင်းသားများ အကြားတွင်လည်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပဋိပက္ခကိုသော်လည်းကောင်း၊ စည်းလုံးညီညွှတ်မှုကိုလည်းကောင်းထိခိုက်စေပါသည်။ ထို့ကြောင့်ဤကဏ္ဍတွင် ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအပေါ် လက်ရှိပြဌာန်းလယ်ယာမြေဥပဒေပါအခန်းကဏ္ဍနှင့် နိုင်ငံတကာရှိဌာနေတိုင်းရင်သားတို့နှင့်သက်ဆိုင်သောယန္တရားတို့၏ခြားနားချက်များကို အောက်တွင်နှိုင်းယှဉ်တွေ့ရှိနိုင်ပါသည်။

| အကြောင်းအရာ | မြေပိုင်ဆိုင်ခြင်း |
| --- | --- |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားများသည် မိမိတို့ဒေသရှိ လယ်မြေ၊ ယာမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ တောင်နှင့်အခြားသောမြေတို့ကို တားမဦးချလုပ်ကိုင်ခြင်း၊ မိဘထံမှအမွေရရှိခြင်း၊ ဝယ်ယူခြင်းစသည်တို့ဖြင့်ပိုင်ဆိုင်ခွင့်ရှိသည်။ |
| ပြဌာန်းဥပဒေများနှင့်မူဝါဒအရ | ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇)တွင် နိုင်ငံတော်သည် -<br>(က) နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏မူရင်းပိုင်ရှင် ဖြစ်သည်။<br>(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအားစီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်လိုအပ်သည့်ဥပဒေပြဌာန်းရမည်။<br>(ဂ) နိုင်ငံသားများအားပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကိုဥပဒေပြဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၂၆(က))<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် ရိုးရာယဉ်ကျေးမှုအရပိုင်ဆိုင်၍ လုပ်ကိုင်စားသောက်လာသော လယ်၊ မြေနှင့်သဘာဝသယံဇာတပစ္စည်းများကိုပိုင်ဆိုင်ခွင့်ရှိသည်။<br><br>UNDRIP (အပိုဒ် ၂၆(ခ))<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရပိုင်ဆိုင်လာသောလယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကိုပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးပိုင်ခွင့်နှင့်ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်များရှိသည်။<br><br>UNDRIP (အပိုဒ် ၂၆(ဂ))<br>နိုင်ငံများသည် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို ၎င်းတို့၏ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့်အညီတရားဥပဒေအရလက်ခံအသိအမှတ်ပြုပေးရမည်။<br><br>UNDRIP ( အပိုဒ် ၂၇)<br>ဌာနေတိုင်းရင်းသားလူမျိုးများ၏ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာဥပဒေများနှင့်အညီ နိုင်ငံများအနေဖြင့်တရားမျှတပြီးလွတ်လပ်သော ဥပဒေပြုစနစ်များဖြင့်ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကိုအသိအမှတ်ပြုလက်ခံပေးရမည်။ |

| | |
|---|---|
| | ILO ၁၆၉ ( အပိုဒ် ၁၄.၁)<br>ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏ဓလေ့ထုံးတမ်းအရပိုင်ဆိုင်သောမြေများအပေါ်တွင်ပိုင်ရှင်ဖြစ်ခွင့်နှင့်ပိုင်ဆိုင်ခွင့်တို့အတွက် အသိအမှတ်ပြုပေးရမည်။<br><br>ILO ၁၆၉ ( အပိုဒ် ၁၄.၃)<br>အမျိုးသားအဆင့်ပြဌာန်းဥပဒေများတွင်ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏မြေပိုင်ဆိုင်မှုနှင့်အငြင်းပွားမှုများနှင့်ပတ်သက်ပြီးပြီးပြည့်စုံသောလုပ်ထုံးလုပ်နည်းများထည့်သွင်းတည်ထောင်ထားရမည်။<br><br>ILO ၁၆၉ ( အပိုဒ် ၁၇.၁)<br>ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏မြေယာဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်သောလုပ်ထုံးလုပ်နည်းများကိုတည်ထောင်ထားပြီးအသိအမှတ်ပြုရမည်။<br><br>VGGT ( အပိုဒ် ၉.၁)<br>အစိုးရနှင့်အစိုးရမဟုတ်သောပါဝင်ဆောင်ရွက်သူများသည် မြေယာ၊ သားငါးနှင့်သစ်တောများတွင် ဒေသခံတိုင်းရင်းသားများနှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော အခြားပြည်သူအစုအဖွဲ့များ၏လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်သက်ဝင်မှု၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့်နိုင်ငံရေးဆိုင်ရာတန်ဖိုးထားမှုများရှိသည်ကိုအသိအမှတ်ပြုသိထားသင့်သည်။ |
| | မြေအမျိုးအစား |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားများ၏မြေအမျိုးအစားသတ်မှတ်မှုနှင့်ပတ်သက်၍<br>• စိုက်ပျိုးရေးမြေ<br>• ဘာသာရေး သို့မဟုတ် သာသနာဆိုင်ရာအသုံးပြုရန်မြေ<br>• အထွင်ရှုအမြတ်ထားရာမြေ<br>• သချိုင်းမြေ<br>• စားကျက်မြေ<br>• သစ်တောမြေ<br>• ကာကွယ်တောမြေ<br>• အများပိုင်မြေ သို့မဟုတ် ဘုံပိုင်မြေ<br>• ရွာမြေ |

| | |
|---|---|
| | • မျိုးနွယ်စုပိုင်မြေ<br>• သတ္တုတူးဖော်ရန်မြေ (သဲ၊ ထုံးကျောက်)စသည်တို့ဖြစ်ပါသည်။ |
| ပြဌာန်းဥပဒေများနှင့် မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ(၃)အရ<br>• လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟူသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်ခြံမြေဟူသော်လည်းကောင်း၊ မြေနုကျွန်းမြေဟူသော်လည်းကောင်းသတ်မှတ်ထားသည့်မြေကိုဆိုလိုသည်။<br>၂၀၁၂ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂(င၊ စ)<br>• မြေလွတ်၊ မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။<br>• မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေတစ်ကြိမ်တစ်ခါမျှစိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသောမြေသစ်ဖြစ်သည့်မြေရိုင်းနှင့်တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့်အခြားလုပ်ငန်းများလုပ်ကိုင်ရန်အလို့ငှာတရားဝင်ပယ်ဖျက်ပြီးဖြစ်သည် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့်အင်းအိုင်မြေများလည်းပါဝင်သည်။<br><br>၂၀၁၆ အမျိုးသားမြေအမျိုးသားမြေအသုံးချမှုမူဝါဒ အပိုဒ်(၁၃)<br>• စိုက်ပျိုးမြေ (အခြေခံစိုက်ပျိုးထုတ်လုပ်သည့်ရည်ရွယ်ချက်အားလုံးအတွက်၊ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်း၊ မြေအခြေခံရေလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု)<br>• သစ်တောမြေ ( နိုင်ငံအတွင်းရှိ အမြဲတမ်းသစ်တောနယ်မြေအဖြစ်သတ်မှတ်မည့်မြေဧရိယာအားလုံး)<br>• အခြားမြေ ( မြို့မြေ၊ ရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေစသည်တို့အပြင် စိုက်ပျိုးမြေနှင့်သစ်တောမြေအဖြစ်သတ်မှတ်အသုံးပြုခြင်းမရှိသေးသည့် အစိုးရစီမံခန့်ခွဲမှုရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ တောရိုင်းမြေများ) |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့် ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၂၇)<br>ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာဥပဒေများနှင့်အညီ နိုင်ငံများအနေဖြင့်တရားမျှတပြီး လွတ်လပ်သောဥပဒေပြုစနစ်များဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို အသိအမှတ်ပြုလက်ခံပေးရမည်။ |

| | |
|---|---|
| | ILO ၁၆၉ ( အပိုဒ် ၁၄.၂)<br>နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏ဓလေ့အရပိုင်ဆိုင်သောမြေများကိုသတ်မှတ်ပေးရန်နှင့်၎င်းတို့ပိုင်ဆိုင်ကြောင်းနှင့်ပိုင်ဆိုင်မှုအတွက်အာမခံချက်ရှိ သောထိရောက်သည့်ကာကွယ်မှုများပေးရမည်။ |
| | **မြေပိုင်ဆိုင်မှုအမျိုးအစား** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့သည်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍<br>• လူပုဂ္ဂိုလ်တစ်ဦးချင်းဖြင့်အနေဖြင့်သော်လည်းကောင်း၊<br>• မျိုးနွယ်စုအနေဖြင့်သော်လည်းကောင်း၊<br>• ကျေးရွာ(အများပိုင် သို့မဟုတ် ဘုံပိုင်)အလိုက်သော်လည်းကောင်းပိုင်ဆိုင်ကြသည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | မရှိပါ။<br><br>၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ ၁၄(က)တွင်<br>လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးရမည်။<br>(၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံသားများသည် မြေပိုင်ဆိုင်ခွင့်မရှိပါ။ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်သည်အမြင့်ဆုံးဖြစ်သည်။) |
| နိုင်ငံတကာရှိ ဌာနေတိုင်းရင်းသားများနှင့် ပတ်သက်သောယန္တရားများ | VGGT (အပိုဒ် ၈.၂)<br>နိုင်ငံတော်မှပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသောမြေယာ၊ သားငါးနှင့်သစ်တောများ၊ ပြည်သူတစ်ဦးချင်းစီနှင့်ဒေသခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်များအပါအဝင် တရားဝင်လုပ်ပိုင်ခွင့်များကိုလက်ရှိတည်ရှိနေသော နိုင်ငံတော်နှင့်အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် အညီလုပ်ဆောင်နေသောလုပ်ငန်းတာဝန်များ၊ စေတနာအလျှောက်ဆောင်ရွက်ပေးရသောလုပ်ငန်းများ၏ သဘောတူညီချက်များနှင့်အညီအသိအမှတ်ပြုကာကွယ်စောင့်ရှောက်သင့်သည်။ နောက်ဆုံးတွင် တရားဝင်လုပ်ပိုင်ခွင့်အမျိုးအစားကို နိုင်ငံတော်၏ဥပဒေအရရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုပြီး ပြည်သူများထံပွင့်လင်းမြင်သာစွာ အသိပေးသင့်သည်။<br><br>VGGT (အပိုဒ် ၈.၃)<br>အများပြည်သူတို့စုပေါင်းအသုံးပြု၍ စီမံခန့်ခွဲသောမြေယာ၊ သားငါးနှင့်သစ်တောတို့ကိုမှတ်သားထားပြီး (တစ်ခါတစ်ရံတွင်၎င်းတို့ကိုအများပိုင်"ဘုံ"ဟုရည်ညွှန်းသည်) အစိုးရအနေဖြင့်ထိုမြေယာ၊ သားငါးနှင့်သစ်တောများနှင့်၎င်းတို့နှင့်ဆက်စပ်လျှက်ရှိသောစုပေါင်းအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ သတ်မှတ်ခြင်းလုပ်ငန်းများကိုအသိအမှတ်ပြုကာကွယ်သင့်သည်။ |

| | |
|---|---|
| | **မြေအသုံးချခြင်း** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့သည် မိမိတို့ပိုင်ဆိုင်သောမြေ(သို့)လုပ်ကိုင်ခွင့်ရှိသောမြေတွင် ဓလေ့ထုံးတမ်းစည်းမျဉ်းများအရ သီးနှံပြောင်းလဲစိုက်ပျိုးခြင်းသော်လည်းကောင်း၊ အခြားသောလုပ်ငန်းကိစ္စများအတွက်သော်လည်းကောင်း လွတ်လပ်စွာလုပ်အသုံးချခွင့်ရှိသည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ(၂၈)<br>မြေအသုံးချခွင့်ရရှိသူသည် မူလစိုက်ပျိုးသောသီးနှံမှ အခြားသီးနှံသို့ပြောင်းလဲစိုက်ပျိုးလိုလျှင်ခွင့်တောင်းရသည်။<br><br>၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ(၃၀)<br>မြေအသုံးချခွင့်ရရှိသူသည် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုလိုလျှင်ခွင့်တောင်းရသည်။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၃၂(၁))<br>နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို နိုင်ငံ၏ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်လိုပါက ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ညှိနှိုင်းရမည်။<br><br>UNDRIP (အပိုဒ်၂၆(၁))<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရပိုင်ဆိုင်လာသောလယ်ယာမြေများနှင့် သဘာဝသံယံဇာတပစ္စည်းများကိုပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးပိုင်ခွင့်နှင့်ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်များရှိသည်။ |
| | **မြေလုပ်ပိုင်ခွင့်ပြုခြင်း** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့သည်မိမိတို့ပိုင်ဆိုင်သောမြေတွင်လုပ်ကိုင်စားသောက်ရန်အတွက် လုပ်ကိုင်ခွင့်ကိုတောင်းခံစရာမလိုဘဲအခြားသူပိုင်ဆိုင်သောမြေသို့မဟုတ် အများနှင့်သက်ဆိုင်သောမြေပေါ်တွင်လုပ်ကိုင်လိုပါက ထိုမြေနှင့်သက်ဆိုင်သောမြေပိုင်ရှင် သို့မဟုတ် မြေစီမံခန့်ခွဲခွင့်ရှိသူထံသို့ခွင့်တောင်း၍လုပ်ကိုင်နိုင်သည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၄၊ ၅၊ ၆၊ ၇)<br>ပြဋ္ဌာန်းဥပဒေအရသက်ဆိုင်ရာဌာနတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) (သို့မဟုတ်) သက်ဆိုင်ရာမြေအမျိုးအစားပေါ်မူတည်၍လုပ်ပိုင်ခွင့်လျှောက်ထားခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုထားသည်။ |

| | |
|---|---|
| | ၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါ အပိုဒ်(၃၀)<br>အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကိုလုပ်ပိုင်ခွင့်ပြုခြင်းနှင့်ငှားရမ်းခြင်းပြုရန်စီစဉ်ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးကိုထိခိုက်မှုမရှိစေရန် အလို့ငှာ အကျိုးသက်ဆိုင်သူများကို ကြိုတင်အကြောင်းကြားခြင်း၊ သဘောဆန္ဒရယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့်လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ခြင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီဆောင်ရွက်ရမည်။<br><br>၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၇ )အရ<br>(က) လူပုဂ္ဂိုလ်ဖြစ်ပါက ( စိုက်ပျိုးရေးလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေသူ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာတွင်အခြေချနေထိုင်သူ၊ အသက် (၁၈)နှစ်ပြည့်ပြီးသူ၊ နိုင်ငံသား ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။)<br>(ခ) အဖွဲ့အစည်းဖြစ်ပါက ( စိုက်ပျိုးရေးလုပ်ငန်းကိုအမှန်တကယ်လုပ်ကိုင်လိုသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ဖြစ်ရမည်။) |
| နိုင်ငံတကာရှိဌာနေ<br>တိုင်းရင်းသားများနှင့်<br>ပတ်သက်သော<br>ယန္တရားများ | VGGT (အပိုဒ် ၉.၄)<br>နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားများ၏တရားဝင်လုပ်ပိုင်ခွင့်နှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်များကျင့်သုံးသောအခြားဒေသခံပြည်သူ အစုအဖွဲ့များအား လက်ရှိလုပ်ဆောင်လျက်ရှိသောနိုင်ငံတော်နှင့်အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီဆောင်ရွက်နေသောလုပ်ငန်းတာဝန်များ၊ ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများအရ ဆန္ဒအလျောက်ဆောင်ရွက်ရသောလုပ်ငန်းများ၏သင့်တော်သောတာဝန်များကိုအသိအမှတ်ပြုခြင်းနှင့်ကာကွယ်မှုများပြုလုပ်သင့်သည်။ ထိုသို့အသိအမှတ်ပြုခြင်းတွင် မြေယာ၊ သားငါး နှင့် သစ်တောများအားလူ့အဖွဲ့အစည်းတစ်ခုမှအထူးသီးသန့်အသုံးပြုခြင်းနှင့်ခွဲဝေအသုံးပြုမှုတို့ကိုပါထည့်သွင်းစဉ်းစားသင့်ပြီးလုပ်ပိုင်ခွင့်အားစီရင်အုပ်ချုပ်ခြင်း၏ယေဘုယျအခြေခံသဘောတရား၊ နိယာမဥပဒေများ အပေါ်လေးစားရမည်။ ထိုသို့အသိအမှတ်ပြုခြင်းကိုလူအများ အလွယ်တကူရောက်ရှိနိုင်သော၊ လူအများနားလည်နိုင်သည့်ဘာသာစကားအသုံးအနှုန်းများကိုသင့်တော်သည့်ပုံစံဖြင့်ပြည်သူများသိသာစေရန်ဆောင်ရွက်ရမည်။<br><br>VGGT ( အပိုဒ် ၉.၈)<br>နိုင်ငံတော်သည် ဒေသခံတိုင်းရင်းပြည်သူများနှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်ကိုကျင့်သုံးသောဒေသခံပြည်သူအစုအဖွဲ့များ၏မြေယာ၊ သားငါးနှင့်သစ်တောများကို အခြားသူများမှခွင့်ပြုချက်မရရှိဘဲသုံးစွဲခြင်းမှကာကွယ်သင့်သည်။ လူ့အဖွဲ့အစည်းတစ်ခုက မပြင်းဆိုပါ ကအစိုးရအနေဖြင့်တရားဝင်စာချုပ်စာတမ်း၊ ညွှန်ကြားချက်အထောက်အထားများပံ့ပိုးခြင်း၊ ထိုလူ့အဖွဲ့အစည်းမှအသုံးပြုနေပြီးထိန်းချုပ်ထားသောမြေယာ၊ သားငါးနှင့်သစ်တောများ၏သဘာဝအခြေအနေ၊ နေရာတို့နှင့်ပတ်သက်သောသတင်းအချက်အလက်များကိုအများပြည်သူသိအောင်ကြေငြာသင့်သည်။ ဒေသခံတိုင်းရင်းသားများ၏လုပ်ပိုင်ခွင့်နှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်တို့ကို တရားဝင်စာချုပ်စာတမ်း၊ ညွှန်ကြားချက်ပြုလုပ်ပြီးပါက အခြားသောအများပြည်သူ၊ ပုဂ္ဂလိကနှင့်အဖွဲ့အစည်းတို့၏လုပ်ပိုင်ခွင့်တို့နှင့်အတူမှတ်တမ်းတင်ထားသင့်ပါသည်။ |

| | မြေစီမံခန့်ခွဲမှု |
|---|---|
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့၏မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကျေးရွာအတွင်းရှိ တစ်ဦးတစ်ယောက်ပိုင်သောမြေကိုသော်လည်းကောင်း၊ မျိုးနွယ်စုအလိုက်ပိုင်သောမြေကိုသော်လည်းကောင်း၊ ကျေးရွာတစ်ခုလုံးနှင့်ဆိုင်သောမြေ(ဘုံပိုင်မြေ)ကိုသော်လည်းကောင်း၊ကျေးရွာတစ်ခုလုံးနှင့်ဆိုင်သောအရေးကိစ္စအတွက်အသုံးပြုရန်အတွက်သော်လည်းကောင်း၊ အကြောင်းအရာကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း (ဥပမာ-ဆေးပေးခန်း၊ ကျောင်း၊ ဘောလုံးကွင်းစသည်ဖြင့်တည်ဆောက်ရန်ရှိလာပါက) ကျေးရွာအကြီးအကဲ၊ ဓလေ့ထုံးတမ်းအရမြေစီမံ ခန့်ခွဲခွင့်ရှိသူတို့မှမြေပိုင်ရှင်နှင့်ညှိနှိုင်း၍မြေတောင်းခံခြင်း၊ မြေအစားထိုးပြန်လည်ပေးခြင်းစသည်ဖြင့် မြေပိုင်ရှင်နှင့်သဘောတူညီမှုရယူ၍ မြေကိုစီမံခန့်ခွဲ ကြသည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေ ဥပဒေ ပုဒ်မ(၃၂)<br>နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက်လယ်ယာမြေကိုသိမ်းယူရာတွင် အနည်းဆုံးထိုအပ်သောပမာဏကိုသာသိမ်းယူရမည်။ စီမံကိန်းအားသတ်မှတ်ကာလအတွင်းအမြန်ဆုံးပြီးစီးစေရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းများဆောင်ရွက်ခြင်းမပြုတော့ပါက မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံပြန်လည်ပေးအပ်ရမည်။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၂၇)<br>ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာဥပဒေများနှင့်အညီ နိုင်ငံများအနေဖြင့်တရားမျှတပြီး လွတ်လပ်သောဥပဒေပြုစနစ်များဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကိုအသိအမှတ်ပြုလက်ခံပေးရမည်။<br><br>UNDRIP အပိုဒ် ၃၂(ဂ)<br>နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများပေါ်တွင်ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်ခဲ့ပါက ထိရောက်သောလုပ်ငန်းယန္တရားများဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ်စီးပွားရေး၊လူမှုရေး၊သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မရှိစေရန်နှင့်၄င်းတို့၏ရိုးရာယဉ်ကျေးမှုအပေါ်ဆိုးရွားသက်ရောက်မှုများမရှိစေရန် တာဝန်ယူကာကွယ်ပေးရမည်။<br><br>UNDRIP အပိုဒ် ၃၀(၁)<br>ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်မြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့်ဖျက်ဆီးလိုသောမည်ကဲ့သို့လုပ်ရပ်များမဆို သက်ဆိုင်ရာနိုင်ငံများမှတာဝန်ယူဖြေရှင်းပေးရမည်။ |

UNDRIP အပိုဒ် ၁၀(၈)

ဌာနေတိုင်းရင်းသားလူမျိုးများ၏သဘောထားဆန္ဒမပါဘဲ စစ်ရေးလှုပ်ရှားမှုများ မရှိစေရန်နိုင်ငံများအနေဖြင့်ထိရောက်သောယန္တရားများသုံး၍ တာဝန်ယူဆောင်ရွက်ပေးရမည်။ ပြည်သူတစ်ရပ်လုံးအကျိုးအမြတ်အတွက်အသုံးပြုရန်လိုအပ်ပါကနိုင်ငံများအနေဖြင့်တရားမျှတသောလုပ်ထုံးလုပ်နည်းများဖြင့် သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်သောအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်များမှတဆင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏သဘောထားကိုရယူရမည်။

UNDRIP (အပိုဒ် ၃၂(၈))

နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို နိုင်ငံ၏ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်လိုပါက ဌာနေတိုင်းရင်းသားလူမျိုးများနှင့်ညှိနှိုင်းရမည်။

VGGT (အပိုဒ် ၉.၅)

ဒေသခံတိုင်းရင်းသားများနှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသောအခြားဒေသခံပြည်သူအစုအဖွဲ့များ၌ ၎င်းတို့နေထိုင်ရာဘိုးဘွားပိုင်မြေယာများတွင်တရားဝင်လုပ်ပိုင်ခွင့်ရှိပါကအစိုးရအနေဖြင့်ထိုအခွင့်အရေးကိုအသိအမှတ်ပြုပြီးကာကွယ်စောင့်ရှောက်ရမည်။ ဒေသခံတိုင်းရင်းသားများနှင့်ဓလေ့၏ထုံးတမ်းလုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသောအခြားဒေသခံပြည်သူအစုအဖွဲ့များအား ထိုဘိုးဘွားပိုင်မြေများမှအဓမ္မဖယ်ရှားစေခြင်းမပြုလုပ်သင့်ပါ။

UNDRIP (အပိုဒ် ၈(၂(ဂ))

ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကိုခြိမ်းခြောက်နိုင်သောမည်သည့်ရွှေ့ပြောင်းအခြေချနေထိုင်မှုများအားမဆို သက်ဆိုင်ရာနိုင်ငံများမှတာဝန်ယူဖြေရှင်းပေးရမည်။

ILO C.၁၆၉ ( အပိုဒ် ၁၆)

၁။ ဌာနေတိုင်းရင်းသားများအား ၎င်းတို့ပိုင်ဆိုင်နေထိုင်သောမြေပေါ်မှဖယ်ရှားခြင်းမပြုရ၊

၂။ ဌာနေတိုင်းရင်းသားများအား ၎င်းတို့ပိုင်ဆိုင်နေထိုင်သောမြေပေါ်မှဖယ်ရှားမှုပြုလုပ်ရန်လိုအပ်လာလျှင် FPIC ဖြင့်ပြုလုပ်ရန်နှင့်၎င်းတို့၏သဘောတူညီချက်မရရှိပါကသင့်လျော်သောပြဌာန်းဥပဒေလုပ်ထုံးလုပ်နည်းများဖြင့်လုပ်ဆောင်ရန်ဖြစ်ပြီး ( လူထုသဘောထားရယူစုံစမ်းပြီး) ထိုပြောင်းရွှေ့မှုအတွက် လိုအပ်သောထိရောက်မှုရှိမည့်အခွင့်အရေးများဖန်တီးပံ့ပိုးပေးရန်ဖြစ်သည်။

၃။ ဌာနေတိုင်းရင်းသားတို့ပိုင်ဆိုင်သောမြေကိုအသုံးပြုရန်မလိုအပ်တော့လျှင် သို့မဟုတ် အသုံးပြုပြီးလျှင်၎င်းတို့ထံသို့ပြန်လည်ပေးအပ်ရမည်။

၄။ ဌာနေတိုင်းရင်းသားတို့၏မြေအားပြန်လည်ပေးရန်မဖြစ်နိုင်တော့လျှင် ၎င်းတို့နှင့်သဘောတူညီချက်ပြုလုပ်ရန် သို့မဟုတ် ထိုသဘောတူညီချက်ကို

| | |
|---|---|
| | ပျက်ကွက်ခဲ့လျှင်သင့်လျော်သောလုပ်ထုံးလုပ်နည်းများဖြင့် အကောင်းဆုံးပံ့ပိုးကူညီမှုများပြုပေးရန်နှင့်၎င်းတို့သိမ်းယူခံရသောမြေအမျိုးအစားထက်မနိမ့်သောမြေများဖြင့် ၎င်းတို့လက်ရှိလိုအပ်နေမှုများနှင့်အနာဂတ်တွင်ဖွံ့ဖြိုးမှုများအတွက်ထောက်ပံ့ပေးရန်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများသည်၎င်းတို့ဆုံးရှုံးသွားသောအရာများအတွက်နစ်နာကြေးများကိုရယူလိုပါကလည်း ငွေသားဖြင့်သော်လည်းကောင်း သို့မဟုတ် အခြားသောအရာများဖြင့်လည်းတောင်းဆိုနိုင်ရမည်။<br>၅။ ပြောင်းရွှေ့ခြင်းခံရသူသည် ပြောင်းရွှေ့မှုကြောင့်ဆုံးရှုံးမှုများ သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများအတွက် နစ်နာကြေးအပြည့်အဝခံစားခွင့်ရှိသည်။<br><br>ILO C.169 (အပိုဒ် ၁၈)<br>နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သက်ဆိုင်သောမြေများအပေါ်တွင် သို့မဟုတ် မြေကို ဝင်ရောက်ကျူးကျော်အသုံးပြုခြင်းများအတွက်ထိရောက်စွာအကာအကွယ်ပေးရမည်။ |
| | **မြေယာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ မြေယာစီမံခန့်ခွဲမှုနှင့်မြေအငြင်းပွားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာရွာမိရွာဖ၊ ရပ်ရွာအကြီးအကဲနှင့်ခေါင်းဆောင်များ၊ သက်ဆိုင်ရာမျိုးနွယ်စုများအလိုက်သီးသန့်ရွေးချယ်ထားသောပုဂ္ဂိုလ်များဖြင့်စီမံခန့်ခွဲမှုအဖွဲ့ကိုဖွဲ့စည်း၍ မြေစီမံခန့်ခွဲခြင်းနှင့်အငြင်းပွားမှုတို့ကိုဖြေရှင်းကြသည်။ ကျေးရွာအများစုတွင် ဖွဲ့စည်းပုံနှင့်စနစ်တကျရွေးချယ်ထားခြင်းမျိုးမဟုတ်သော်လည်း မြေယာအရေးနှင့်ကိစ္စရပ်များရှိလာမှသာလျှင်ဖြေရှင်းရန်အတွက်အမိကလုပ်ဆောင်ကြသည်။ ထိုကဲ့သို့မြေယာအရေးနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာအဆင့်နှင့်အုပ်စုအဆင့်အထိဖွဲ့စည်းလုပ်ဆောင်ကြသည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၁၅ (က)၊ ၁၆(က)<br>၁။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့<br>၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့<br>၃။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့<br>၄။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့<br>၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ |

| | |
|---|---|
| | ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ(၃)<br>(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ |
| နိုင်ငံတကာရှိဌာနေ တိုင်းရင်းသားများနှင့် ပတ်သက်သော ယန္တရားများ | UNDRIP (အပိုဒ် ၃၄)<br>နိုင်ငံတကာရှိလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှုအရဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ တမူထူးခြားသောရိုးရာယဉ်ကျေးမှုနှင့်ထုံးတမ်းစဉ်လာတရားစီရင်ရေးစနစ်များကိုလည်း ထိန်းသိမ်းပိုင်ခွင့် နှင့်ဖွံ့ဖြိုးတိုးချဲ့ပိုင်ခွင့်ရှိသည်။<br><br>UDRIP (အပိုဒ် ၃၃(၁))<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများနှင့်အညီအဖွဲ့အစည်းများဖွဲ့စည်းပိုင်ခွင့်နှင့်လွတ်လပ်စွာဖွဲ့စည်းရွေးချယ်ပိုင်ခွင့်ရှိသည်။ |
| | **မြေပိုင်ဆိုင်သူ၏အခွင့်အရေး** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | • လွတ်လပ်စွာရောင်းချခွင့်၊<br>• ငှားရမ်း၊ ပေါင်နှံ၊ အမွေပေးခွင့်၊<br>• မိမိကြိုက်နှစ်သက်သောသီးနှံစိုက်ပျိုးခွင့်၊<br>• အခြားသောနည်းအတွက်အသုံးပြုခွင့်၊<br>• မြေကိုအနားပေးထားခွင့်၊<br>• လွတ်လပ်စွာစီမံခွင့် |
| ပြဌာန်းဥပဒေများနှင့် မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ (၉) အရလယ်ယာမြေကိုလုပ်ပိုင်ခွင့်ရရှိသူသည်<br>• လက်ရှိထားပိုင်ခွင့်၊<br>• လုပ်ပိုင်ခွင့်၊<br>• အကျိုးအမြတ်ခံစားပိုင်ခွင့်<br>• သတ်မှတ်ထားသောစည်းကမ်းချက်နှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်<br>• အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်<br>• စည်းကမ်းဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊<br>• အကျိုးတူလုပ်ကိုင်ခွင့် ( နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါသောအဖွဲ့အစည်း၊ ကျေးလက်သမဝါယမအသင်းရင်းနှီးမြှုပ်နှံမှုနှင့်ပုဂ္ဂလိကရင်းနှီး မြှုပ်နှံသူများ) |

| | |
|---|---|
| နိုင်ငံတကာရှိဌာနေ တိုင်းရင်းသားများနှင့် ပတ်သက်သော ယန္တရားများ | UNDRIP ( အပိုဒ် ၂၆(က) )<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏လယ်၊ မြေနှင့်သဘာဝသယံဇာတပစ္စည်းများကိုထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင့်ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ နိုင်ငံများအနေဖြင့်ခွဲခြားဆက်ဆံမှုမပြုဘဲလိုအပ်သောအစီအစဉ်များနှင့်အဆောက်အဦးများကိုကူညီထူထောင်ပေးရမည်။<br><br>UNDRIP (အပိုဒ် ၃၂(က))<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်ရေးလွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်ရှိသည်။<br><br>UNDRIP (အပိုဒ် ၃၃(က) )<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ထုံးတမ်းစဉ်လာရိုးရာယဉ်ကျေးမှုများနှင့်အညီ မိမိတို့၏အမှတ်အသား၊ ကြန်အင်လက္ခဏာများကိုထိန်းသိမ်းပိုင်ခွင့်ရှိသည်။ ဤသည်မှာ ၎င်းတို့နေထိုင်သောနိုင်ငံမှနိုင်ငံသားဖြစ်ခွင့်ကိုထိခိုက်နှောင့်ယှက်ခြင်းမဟုတ်။<br>VGGT (အပိုဒ် ၉(၂))<br>ဒေသခံတိုင်းရင်းသားများနှင့်ဓလေ့ထုံးတမ်းအရလုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော အခြားပြည်သူအစုအဖွဲ့များသည် မြေယာ၊ သားငါးနှင့်သစ်တောအရင်းအမြစ်များကို ၎င်းတို့ကိုယ်တိုင်စီမံထိန်းချုပ်ပိုင်ခွင့်ရှိသည့်အပြင်ညီမျှစွာ၊ လုံခြုံစိတ်ချစွာ၊ ရေရှည်တည်တံ့စွာလုပ်ပိုင်ခွင့်ရရှိစေရန် အထူးသဖြင့်အမျိုးသမီးများလုပ်ပိုင်ခွင့်သာတူညီမျှရရှိစေရန် အားပေးမြှင့်တင်ခြင်း၊ ထောက်ပံ့ခြင်းများပြုလုပ်သင့်သည်။<br>လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် စုပေါင်းလုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသောဒေသခံအဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသားများ၊ အမျိုးသမီးများ၊ လူငယ်များအားလုံးပါဝင်သောအဖွဲ့ဝင်များ၏အကျိုးရှိရှိပူးပေါင်းပါဝင်ခြင်းကိုမြှင့်တင်သင့်သည်။<br><br>ILO C.169 (အပိုဒ် ၁၅(၁))<br>ဌာနေတိုင်းရင်းသားများ၎င်းတို့၏မြေနှင့်သဘာဝအရင်းအမြစ်များကို အသုံးပြုခွင့်၊ စီမံခန့်ခွဲခွင့်နှင့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ကို အထူးအကာအကွယ်ပေးရမည်။<br>ILO C.169 (အပိုဒ် ၁၅(၂))<br>နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားတို့ပိုင်ဆိုင်သောမြေနှင့်ဆက်စပ်လျက်ရှိသော သတ္တုတွင်းထွက် သို့မဟုတ် မြေမျက်နှာပြင်ပေါ်ရှိအရင်းအမြစ်များကိုရယူလိုပါ ဌာနေတိုင်းရင်းသားများ၏သဘောထားများကိုရယူနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကိုတည်ထောင်ထားရှိ၍ ၎င်းတို့၏အရင်းအမြစ်များကိုထုတ်ယူမှုများ၊ ခွင့်ပြုမိန့်များပေးခြင်းများ၊ လုပ်ဆောင်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့၏သဘောအမြင်သဘောထား၊ စိတ်ဝင်စားမှုများ၊ ဆုံးဖြတ်ချက်များကိုဦးစွာရယူရမည်ဖြစ်သည်။ ထိုလုပ်ငန်းများတွင် ၎င်းတို့ပါဝင်နိုင်ခွင့်နှင့်လုပ်ငန်းများကြောင့်ပျက်ဆီးသွားမည့်အရာများအတွက် ထိုက်သင့်သောလျော်ကြေးများကိုရယူခွင့်ရှိစေရမည်။ |

| | မြေပိုင်ဆိုင်သူလိုက်နာရမည့်စည်းမျဉ်းစည်းကမ်း |
|---|---|
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | • ပြင်ပသို့ရောင်းချခြင်း၊<br>• အခြားသူပိုင်ဆိုင်သောမြေကိုကျူးကျော်ခြင်း၊<br>• အခြားသူစိုက်ပျိုးထားသောသီးနှံကိုဖျက်စီးခြင်း၊ ပျက်စီးစေခြင်း<br>• နယ်နိမိတ်အမှတ်အသားများကိုဖျက်ဆီး၊ ရွှေ့ပြောင်းခြင်း ပျက်စီးစေခြင်းမပြုလုပ်ရ၊ |
| ပြဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၁၂၊ ၁၄)<br>• ဤဥပဒေတွင်ပြဌာန်းထားသည့်အတိုင်းလယ်ယာမြေကိုလုပ်ကိုင်ရမည်။<br>• ဝန်ကြီးဌာနကစည်းကြပ်သောမြေခွန်နှင့်အခြားအခွန်အခပေးဆောင်ရမည်။<br>• လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်း တို့ကိုဦးစီးဌာနကသတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်နှင့်စာချုပ်စာတမ်းမှတ်ပုံတင်ခပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးရုံးတွင် မှတ်ပုံတင်ရမည်။<br>• တည်ဆဲဥပဒေနှင့်အညီအမွေဆက်ခံခြင်းဖြင့် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။<br>• စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာပေါင်နှံရမည်။<br>• အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုသောဘဏ်တွင်သာပေါင်နှံရမည်။<br>• ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ၊<br>• ခွင့်ပြုချက်မရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ၊<br>• ခွင့်ပြုချက်မရှိဘဲ မူလသီးနှံမှအခြားသီးနှံသို့ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။<br>• ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကိုလုပ်ထားခြင်းမပြုရ။<br>• လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိမီ သို့မဟုတ် အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ် သို့မဟုတ် ပေးကမ်းခြင်းမပြုရ။<br>• နိုင်ငံတော်ခွင့်ပြုချက်မရှိဘဲ မည်သည့်နိုင်ငံခြား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့်အဖွဲ့အစည်းကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၂၉(၁))<br>ဌာနေတိုင်းရင်းသားလူမျိုးများ၏ သဘောထားဆန္ဒမပါဘဲ ၎င်းတို့နှင့်သက်ဆိုင်သောလယ်ယာမြေများတွင်အန္တရာယ်ပြုနိုင်သောအရာများမရှိစေရန်နိုင်ငံများအနေဖြင့်ထိရောက်သောလုပ်ငန်းယန္တရားများဖြင့်တာဝန်ယူဆောင်ရွက်ပေးရမည်။ |

| | |
|---|---|
| | UNDRIP (အပိုဒ် ၂၉(ဂ))<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ထိုကဲ့သို့အန္တရာယ်ပြုနိုင်သောလက်နက်ပစ္စည်းများကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့ပါက နိုင်ငံများအနေဖြင့်စောင့်ကြည့်လေ့လာရေးအဖွဲ့များထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကိုလည်းထိရောက်စွာ တာဝန်ယူဆောင်ရွက်ပေးရမည်။ |
| | မြေနှင့်သက်ဆိုင်သောအငြင်းပွားမှုဖြေရှင်းခြင်းဖြစ်စဉ် |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့သည် မြေနှင့်ပတ်သက်သောအငြင်းပွားမှုဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များ၊ ရွာမိရွာဖများ၊ ကျေးရွာအကြီးအကဲများပါဝင်သောအဖွဲ့မှသော်လည်းကောင်း၊ နှစ်ဦးနှစ်ဖက်မှသက်ဆိုင်ရာကိုယ်စား လှယ်များမှသော်လည်းကောင်း အငြင်းပွားမှုကိုစီစစ်ခြင်း၊ သတိပေးခြင်း၊ ဖြန်ဖြေခြင်း၊ လျော်ကြေးပေးစေခြင်းမြေပြန်လည် အစားထိုးပေးခြင်စသည်ဖြင့်ဖြေရှင်းကြသည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒ (အပိုဒ် ၄၁)<br>• ဒေသခံတောင်သူလယ်သမားအဖွဲ့အစည်းများကို ကိုယ်စားပြုသည့်ကိုယ်စားလှယ်များကိုအဆင့်တိုင်းတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊<br>• ဒေသခံတောင်သူလယ်သမားအဖွဲ့အစည်းဝင်များအကြားဖြစ်ပွားသောအငြင်းပွားမှုများကို ဒေသဆိုင်ရာဓလေ့ထုံးတမ်းဖြင့်ဖြေရှင်းခွင့် ပြုခြင်း၊<br>• မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခုခံချေပခြင်းနှင့်အယူခံခြင်းတို့ကိုခွင့်ပြုခြင်း၊<br>• အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ဥပဒေရေးရာအကူအညီပေးခွင့်ပြုခြင်းနှင့်လိုအပ်သောသတင်းအချက်အလက်များရယူသုံးစွဲခွင့် ပြုခြင်း၊<br>• အများပြည်သူရှေ့မှောက်တွင် အဆင်ပြေသည့်ဒေသဘာသာစကားအားအသုံးပြု၍ စကားပြန်တို့ဖြင့်စစ်ဆေးခြင်း၊<br>• အဂတိလိုက်စားမှုနှင့်ဘက်လိုက်မှုကင်းရှင်း၍ပွင့်လင်းမြင်သာပြီးတရားမျှတစွာစီရင်စေခြင်း၊<br><br>၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒ (အပိုဒ် ၆၅(ဂ))<br>မြေအသုံးချမှု၊ မြေနှင့်သက်ဆိုင်သည့်အငြင်းပွားမှုများနှင့်ကျူးကျော်မှုများကိုဖြေရှင်းရာတွင် တည်ဆဲဥပဒေများနှင့်ညီညွတ်မှန်ကန်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်၊<br><br>၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒ (အပိုဒ် ၆၇)<br>ရေးရိုးစဉ်လာမြေကို ရိုးရာနည်းလမ်းများဖြင့်စိုက်ပျိုးသောတစ်သီးပုဂ္ဂလအကျိုးသက်ဆိုင်သူများ သို့မဟုတ် အဖွဲ့အစည်းများ၏မြေလုပ်ပိုင် ခွင့်နှင့်စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့်အငြင်းပွားမှုအပေါ်ဆုံးဖြတ်သည့်လုပ်ငန်းများ၌ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်အမျိုးသမီးများပါဝင်စေရမည်။ |

| | |
|---|---|
| | ၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒ (အပိုဒ် ၇၃)<br>အမျိုးသားမြေဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးစုမြေအသုံးချမှုအခွင့်အရေးများနှင့်သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေး အတွက်ရိုးရာတိုင်းရင်းသားအငြင်းပွားမှုဖြေရှင်းရေး လက်တွေ့လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန်အမျိုးသားမြေဥပဒေသစ်တွင်ပါဝင်စေရမည့်အပြင် အငြင်းပွားမှုဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းအတွင်း လူအများကလေးစား၍ ဩဇာတိက္ကမရှိသူများ ကို ပါဝင်ဆုံးဖြတ်ခွင့်ရှိစေရမည်။<br><br>၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၁၃)<br>ဤဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင်မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။<br><br>၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၂၂- ၂၃-၂၄-၂၅)<br>လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍စုံးစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့်ဆုံးဖြတ်ခြင်းများပြုရမည်။ ထိုမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့အယူခံဝင်နိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်သည်အတည်ဖြစ်သည်။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၃၅)<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့လူမှုအဖွဲ့အစည်း၌ရှိသောလူတစ်ဦးတစ်ယောက်ချင်းစီ၌တာဝန်များကိုလည်းမိမိတို့ကိုယ်တိုင်ဆုံး ဖြတ်ပေးပိုင်ခွင့်ရှိသည်။<br><br>UNDRIP (အပိုဒ် ၄၀)<br>နိုင်ငံများ(သို့)အခြားလူမှုအဖွဲ့အစည်းများနှင့်ဖြစ်သော မပြေလည်မှုများနှင့်ပဋိပက္ခများအား ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ထုံးတမ်းစဉ်လာစီရင်ထုံးများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ရိုးရာယဉ်ကျေးမှုဆိုင်ရာတရားစီရင်ရေးစနစ်များအပြင် နိုင်ငံတကာလူ့အခွင့်အရေးများနှင့်အညီဆုံးဖြတ်ချက်ချဆုံးဖြတ်ပိုင်ခွင့်ရှိသည်။<br>ILO ၁၆၉ ( အပိုဒ် ၁၄.၃)<br>အမျိုးသားအဆင်ပြေဌာန်းဥပဒေများတွင်ဌာနေတိုင်းရင်းသားမျိုးနွယ်စုများ၏မြေပိုင်ဆိုင်မှုနှင့်အငြင်းပွားမှုများနှင့်ပတ်သက်ပြီးပြီးပြည့်စုံသောလုပ်ထုံးလုပ်နည်းများထည့်သွင်းတည်ထောင်ထားရမည်။ |

| | |
|---|---|
| | ILO ၁၆၉ ( အပိုဒ် ၁၇.၁)<br>ဌာနေတိုင်းရင်းသားမျိုးနွယ်စုများအကြားတွင် တည်ထောင်ထားရှိသော မြေယာအခွင့်အရေးနှင့်သက်ဆိုင်သောလုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုရမည်။<br><br>VGGT (အပိုဒ် ၉.၁၁)<br>နိုင်ငံတော်အစိုးရသည် ဒေသခံအစုအဖွဲ့များအတွင်းရှိ ပိုင်ဆိုင်မှုဆိုင်ရာပဋိပက္ခများကိုဖြေရှင်းရန်အတွက် ဒေသခံနှင့်အပြည်ပြည်ဆိုင်ရာအသုံးပြုနေသောနည်းဥပဒေများကိုကျောထောက်နောက်ခံပြု၍ စေတနာအလျောက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းတာဝန်များနှင့်အညီဒေသခံပြည်သူများနှင့်အခြားပြည်သူအစုအဖွဲ့များလိုက်နာသောဓလေ့ထုံးတမ်းဆိုင်ရာနည်းလမ်းများကို လေးစားလိုက်နာတိုးတက်စေသင့်သည်။ ဒေသခံပြည်သူတစ်ခုထက်မက အသုံးပြုနေသောမြေယာ၊ သားငါးနှင့်သစ်တောများ၏လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကိုဖြေရှင်းရန်အတွက် နည်းလမ်းများပေါ်ပေါက်လာစေရန်နှင့်တွန်းအားပေးလုပ်ဆောင်ရန်လိုအပ်သည်။ |
| | **မြေနှင့်ပတ်သက်သောအရေးယူမှုဖြစ်စဉ်** |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့၏မြေနှင့်ပတ်သက်သောအရေးယူမှု ဖြစ်စဉ်တွင် ကျေးရွာမြေကို ရိုးရာဓလေ့အရ<br>• ပြန်လည်ပူဇော်ပသစေခြင်း သို့မဟုတ် ပြန်လည်ဆေးကြောသန့်စင်စေခြင်း၊<br>• မြေကိုတိုင်တည်၍ကျိန်ခြင်း၊<br>• ရိုးရာနည်းများဖြစ်သော မြေကြီးစားစေခြင်း၊ သစ်ခေါက်စားစေခြင်း၊ ငရုတ်သီးရေဖြင့်မျက်နှာသစ်စေခြင်း စသောနည်းများကိုအသုံးပြု၍အရေးယူခြင်းကိုဆောင်ရွက်သည်။ |
| ပြဋ္ဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ(၁၉))<br>စည်းကမ်းချက်များအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေလိုက်နာမှုပျက်ကွက်လျှင်<br>• သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊<br>• သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေခြင်း၊<br>• လယ်ယာမြေပေါ်မှနှင်ထုတ်ထိုက်သူကိုနှင်ထုတ်ခြင်း၊<br>• ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသောအဆောက်အအုံများကိုဖယ်ရှားခြင်း၊<br>• သက်ဆိုင်ရာတရားရုံးသို့ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်း၊ |

| | |
|---|---|
| နိုင်ငံတကာရှိဌာနေ တိုင်းရင်းသားများနှင့် ပတ်သက်သော ယန္တရားများ | UNDRIP (အပိုဒ် ၃၄)<br>နိုင်ငံတကာရှိလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှုအရဖွဲ့စည်းထားသောအဖွဲ့အစည်းများ၊ တမူထူးခြားသောရိုးရာယဉ်ကျေးမှုနှင့်ထုံးတမ်းစဉ်လာတရားစီရင်ရေးစနစ်များကိုလည်း ထိန်းသိမ်းပိုင်ခွင့် နှင့်ဖွံ့ဖြိုးတိုးချဲ့ပိုင်ခွင့်ရှိသည်။<br>ILO C.169 (အပိုဒ် ၁၇.၃)<br>ဌာနေတိုင်းရင်းသားများ၏ လုံခြုံမှုရှိသောမြေပိုင်ဆိုင်မှု၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးချခွင့်များကိုပျက်စီးစေနိုင်သည့် သို့မဟုတ် ဖျက်လိုဖျက်ဆီး ဖြစ်စေနိုင်မည့်ရည်ရွယ်ချက်ဖြင့် မည်သူတစ်ဦးတစ်ယောက်မျှအကျိုးအမြတ်ရယူခြင်း၊ အလွဲသုံးစားပြုခြင်းများမပြုလုပ်ရ။ |
| | မြေနှင့်ပတ်သက်သော နယ်နိမိတ်သတ်မှတ်ခြင်း |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့၏မြေနှင့်ပတ်သက်သောနယ်နိမိတ်သတ်မှတ်ရာတွင် သက်ဆိုင်ရာမြေပိုင်ရှင်များ၊ ထိုမြေနှင့်ဆက်စပ်နေသောမြေမှပိုင်ရှင်များ၊ ကျေး ရွာအကြီးအကဲများ၊ သက်ဆိုင်ရာမျိုးနွယ်စုမှခေါင်းဆောင်များပါဝင်၍<br>• သစ်ပင်ဖြင့်အမှတ်အသားပြုခြင်း၊<br>• မြေပုံရေးဆွဲခြင်း<br>• ကျောက်ဖြင့်အမှတ်အသားပြုခြင်း၊<br>• တောင်၊ မြစ်ချောင်းများ၊ ချိုင့်ဝှမ်းဖြင့်အမှတ်အသားပြုခြင်း၊<br>• ဘိုးဘွားစဉ်ဆက်သတ်မှတ်ထားသောနယ်နိမိတ်ကို အတည်ပြုခြင်း၊ စီစစ်ခြင်း၊ နယ်နိမိတ်အမှတ်အသားကိုမွမ်းမံခြင်းတို့ကိုပြုလုပ်ကြသည်။ |
| ပြဌာန်းဥပဒေများနှင့် မူဝါဒအရ | ၁၉၀၇ခုနှစ်၊ မြို့နှင့်ကျေးရွာမြေများနည်းပဒေအရနယ်နိမိတ်သတ်မှတ်ခြင်းကိုပြုသည်။ |
| နိုင်ငံတကာရှိဌာနေ တိုင်းရင်းသားများနှင့် ပတ်သက်သော ယန္တရားများ | UNDRIP (အပိုဒ် ၃၇(က))<br>ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့နေထိုင်သောနိုင်ငံမှသဘောတူချုပ်ဆိုထားသောစာချုပ်များနှင့်အခြားသောသဘောတူညီချက်များကို ၎င်းတို့ ကိုယ်တိုင်လေ့လာခွင့်၊ အသိအမှတ်ပြုပိုင်ခွင့်နှင့်ကျင့်သုံးပိုင်ခွင့်များရှိသည့်အပြင် ၎င်းတို့ကိုယ်တိုင်လည်းသဘောတူစာချုပ်များကို သဘောတူချုပ်ဆိုပိုင် ခွင့်ရှိသည်။ ထိုစာချုပ်များကိုနိုင်ငံများအနေဖြင့်လေးစားအသိအမှတ်ပြုပေးရမည်။ |

| | |
|---|---|
| | မြေနှင့်ပတ်သက်သောအမွေပေးခြင်း |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့၏အမွေပေးခြင်းနှင့်ပတ်သက်၍အမွေပေးရာတွင် ကယန်းလူမျိုးများတွင်သားယောကျ်ားကိုဦးစားပေးလေ့ရှိပြီး ကယားလူမျိုးစုများတွင်တန်းတူအခွင့်အရေးရှိသည်။ အမွေပေးရာတွင် ဖခင်(သို့)အုပ်ထိန်းသူတစ်ဦးဦးမှ အမွေပေးရန်စီမံခန့်ခွဲပြီးငင်း၏ ဆုံးဖြတ်ချက်အတိုင်း သားသမီးများနှင့်လူမှုအသိုက်အဝိုင်းတစ်ခုလုံးကသဘောတူလက်ခံကြသည်။ ဖခင်မရှိတော့လျှင် မိခင်(သို့)သားအကြီးဆုံး(သို့) ဖခင်ဘက်မှအမွေပေးခြင်းကိုစီမံခန့်ခွဲကြသည်။ |
| ပြဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂လယ်ယာမြေဥပဒေ ပုဒ်မ(၁၂) အပုဒ်ခွဲ(ယ)<br>တည်ဆဲဥပဒေနှင့်အညီအမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။<br><br>၂၀၁၂လယ်ယာမြေဥပဒေ (ပုဒ်မ(၂၉))<br>လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားနှင့်အတူမူလလယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်မူရင်းပူးတွဲ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းပုံစံ(၉)ဖြင့်မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သောယန္တရားများ | UNDRIP ( အပိုဒ် ၂၅)<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိရိုးဖလာယဉ်ကျေးမှုအရ မိမိတို့နှင့်သက်ဆိုင်သောလယ်၊ မြေ၊ ရေ၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့်သဘာဝသယံဇာတပစ္စည်းများကို ထိန်းသိမ်းကာကွယ်ပိုင်ခွင့်နှင့်ငင်းတို့၏မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်များရှိသည်။ |
| | မြေနှင့်ပတ်သက်သော နစ်နာကြေး၊ ဒဏ်ကြေးသတ်မှတ်ခြင်း |
| ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရ | ဌာနေတိုင်းရင်းသားတို့၏မြေနှင့်ပတ်သက်သောနစ်နာကြေး၊ ဒဏ်ကြေးများသတ်မှတ်ရာတွင် ပျက်ဆီးသွားသောမြေနှင့်သီးနှံများအတွက် သင့်ရာလျော်ကြေးကိုပြန်လည်ပေးစေခြင်း၊ မြေကိုကျေးရွာဘုံပိုင်အဖြစ်သိမ်းဆည်းခြင်းနှင့် ကျေးရွာမှနှင်ထုတ်ခြင်း စသည့်ဓလေ့များဖြင့် ပြုလုပ်ကြပါသည်။ |
| ပြဌာန်းဥပဒေများနှင့်မူဝါဒအရ | ၂၀၁၂ လယ်ယာမြေဥပဒေ ( ပုဒ်မ ၆၅)<br>လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ လယ်ယာမြေကိုလည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည်နစ်နာကြေးနှင့်လျော်ကြေးများကိုရထိုက်ခွင့်မရှိစေရ၊ |

| | |
|---|---|
| | ၂၀၁၂ လယ်ယာမြေဥပဒေ (ပုဒ်မ ၆၇)<br>စီးပွားရေးလုပ်ငန်းများအတွက်အသိမ်းခံရခြင်း<br>• မြေဒေသပေါက်ဈေးထက်မနိမ့်သောပမာဏ၊ သီးနှံတန်ဖိုး(၃)ဆ၊ နှစ်ရှည်ပင်သီးပင်တန်ဖိုး (၃)ဆ၊ အဆောက်အအုံပေါက်ဈေး (၂)ဆ<br><br>ဒေသဖွံ့ဖြိုးရေးအတွက်သိမ်းယူခြင်း<br>• ဒေသပေါက်ဈေးအရမြေတန်ဖိုး၊ သီးနှံတန်ဖိုး(၃)ဆ၊ နှစ်ရှည်သီးပင်တန်ဖိုး(၃)ဆ၊ အဆောက်အအုံပေါက်ဈေး(၂)ဆ၊ |
| နိုင်ငံတကာရှိဌာနေတိုင်းရင်းသားများနှင့် ပတ်သက်သောယန္တရားများ | UNDRIP (အပိုဒ် ၂၈(က))<br>ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့်ရိုးရာယဉ်ကျေးမှုအရပိုင်ဆိုင်လာသောလယ်ယာမြေနှင့်သဘာဝသယံဇာတပစ္စည်းများကို ၎င်းတို့၏သဘောထားဆန္ဒမပါရှိဘဲ အတင်းအဓမ္မ(သို့)မမျှတသောနစ်နာကြေးများပေး၍ သိမ်းပိုက်ခြင်းများကိုလည်း တရားဥပဒေအရ ပြန်လည်တောင်းဆိုရယူပိုင်ခွင့်ရှိသည်။<br><br>UNDRIP (အပိုဒ် ၂၈ (ခ))<br>ထိုလယ်ယာမြေများနှင့်သဘာဝသယံဇာတပစ္စည်းများကိုပြန်လည်မရရှိခဲ့လျှင် ဌာနေတိုင်းရင်းသားလူမျိုးများသည်၎င်းတို့၏သဘောထားဆန္ဒများနှင့်အညီသိမ်းယူသွားသောပစ္စည်းများ၏တန်ဖိုးနှင့်ထိုက်သင့်သော လျော်ကြေးများရရှိခံစားပိုင်ခွင့်ရှိသည်။ |

# ၅။ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အရေးကြီးပုံ

ဌာနေတိုင်းရင်းသားများသည် ရိုးရာဓလေ့ကျင့်ထုံးများကိုအသုံးပြု၍ ၎င်းတို့၏ရှင်သန်ရပ်တည်မှုအတွက် မြေ၊ သဘာဝအရင်းအမြစ်နှင့်နယ်နိမိတ်များအပေါ်တွင်မှီခိုနေရပါသည်။ ၎င်းတို့၏ရိုးရာဓလေ့အသိပညာများနှင့်လက်တွေ့ကျင့်သုံးမှုများသည်ဇီဝမျိုးကွဲထိန်းသိမ်းမှုအတွက်သော်လည်းကောင်း၊ ရေရှည်တည်တံ့သောသဘာဝပတ်ဝန်းကျင်တည်ရှိမှုအတွက်သော်လည်းကောင်းသိသာထင်ရှားစွာဖော်ပြနေပါသည်။ ထို့အပြင် ၎င်းတို့၏မိသားစုနှင့်လူမှုအသိုက်အဝန်းတစ်ခုလုံး၏ စားဝတ်နေရေးဖူလုံမှုအတွက်နှင့်ရေနှင့်ရေအရင်းအမြစ်များတည်တံ့စေခြင်းအတွက်လည်းအထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့်နိုင်ငံတကာရှိတွင် ဌာနေတိုင်းရင်းသားများ၏အရေးပါမှုအခန်းကဏ္ဍနှင့်ပတ်သက်သောအသိအမှတ်ပြုမှုများကိုကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်း(UNDRIP)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ်(ILO-C.169)နှင့် အမျိုးသားစားနပ်ရိက္ခာလုံခြုံစိတ်ချရေးဆိုင်ရာမြေယာ၊ သားငါးနှင့်သစ်တောများလုပ်ပိုင်ခွင့်အားစီရင်အုပ်ချုပ်ခြင်းအတွက်လိုက်နာရမည့်လမ်းညွှန်ချက်များ(VGGT)တို့တွင်သိသာထင်ရှားစွာတွေ့ရှိရပါသည်။ သို့သော်လည်းနိုင်ငံအများစုတွင် ဌာနေတိုင်းရင်းသားများ၏မြေပိုင်ဆိုင်မှုခွင့်အရေးနှင့်၎င်းတို့၏ဓလေ့ကျင့်ထုံးများသည် လစ်လျူရှုခြင်းခံနေရပါသည်။ ဌာနေတိုင်းရင်းသားများနှင့်၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်သည် ခွဲခြားထား၍မရဘဲအပြန်အလှန်ဆက်စပ်နေပါသည်။ ထိုမြေယာစီမံခန့်ခွဲမှုစနစ်သည် ၎င်းတို့၏လူမှုရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်စွာစီမံအုပ်ချုပ်မှု၊ လူ့ဂုဏ်သိက္ခာလေးစားတန်ဖိုးထားမှုတို့နှင့်သာမကထိုမြေနှင့်သက်ဆိုင်သော၎င်းတို့၏လူ့အခွင့်အရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့်အပြန်အလှန်ဆက်နွယ်မှုရှိနေသည်။ ဌာနေတိုင်းရင်းသားအဖြစ်အသိအမှတ်ပြုခံရစေသောမြေယာဆိုင်ရာရိုးရာယဉ်ကျေးမှုဓလေ့များ၊ မြေယာဆိုင်ရာစီးပွားရေးဓလေ့များ၊ မြေယာဆိုင်ရာနိုင်ငံရေးဓလေ့များ၊ မြေယာဆိုင်ရာလူမှုရေးနှင့်ဘာသာရေးဓလေ့များသည်ယနေ့တိုင်ကျင့်သုံးနေဆဲပင်ဖြစ်သည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုသည် ၎င်းတို့၏ဖြစ်တည်မှုနှင့်လူမျိုးစုတစ်ခု၏ရှင်သန်ရပ်တည်မှုတို့အတွက်အရေးပါမှုကို အောက်ပါအချက်များဖြင့်လေ့လာသိရှိနိုင်ပါသည်။

*" ဒါဟာကျနော်တို့ရဲ့ဓလေ့ပဲလေ၊ ချန်ထားလို့ဘယ်ရမလဲ၊*
*ဒါတွေပျောက်သွားမယ်ဆိုရင်ကျနော် တို့လူမျိုးပါပျောက်သွားမှာပေါ့ "*

*နောင်ပုလဲကျေးရွာမှရွာမိရွာဖတစ်ဦး*



မြေသည်ကျွန်ုပ်တို့၏အသက်



## (၁) မြေသည်ဌာနေတိုင်းရင်းသားတို့၏အသက်ဖြစ်ခြင်း။

ကယား(ကရင်နီ)ပြည်ရှိ ဌာနေတိုင်းရင်းသားလူမျိုးများသည်အခြားတိုင်းရင်းသားများနှင့်မတူကွဲပြားခြားနားသော ကိုယ်ပိုင်ဘာသာစကား၊ ရိုးရာယဉ်ကျေးမှု၊ အဖွဲ့အစည်းနှင့်ဓလေ့များ၊ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်အရင်းအမြစ်များကိုစီမံခန့်ခွဲခြင်းတို့ကိုကျင့်သုံးလာသည်မှာယနေ့တိုင်ဖြစ်သည်။ ဌာနေတိုင်းရင်းသားတို့သည် မြေယာစီမံခန့်ခွဲမှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရိုးရာဓလေ့အသိပညာများကိုအထူးနားလည်သိကျွမ်းသောသူများဖြစ်၍မျိုးဆက်တစ်ခုပြီးတစ်ခုလက်ဆင့်ကမ်းကျင့်သုံးလာခဲ့ကြသည်။ ထိုသို့သောအရာများသည် မှတ်တမ်းတင်ထားခြင်း၊ အစိုးရ၏အသိအမှတ်ပြုခြင်းမခံရသော်လည်း မိမိတို့၏ရိုးရာဓလေ့များဖြင့်စီမံခန့်ခွဲလာခဲ့ကြသည်။ ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအသိပညာများသည်ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးသို့ဦးတည်ခြင်း၊ ဂေဟစနစ်စီမံခန့်ခွဲခြင်း၊ ဇီဝမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်းနှင့်ရာသီဥတုပြောင်းလဲမှုအခြေအနေပေါ်မူတည်၍စီမံခန့်ခွဲမှုများစသည်တို့ပါဝင်သည်။

ဌာနေတိုင်းရင်းသားတို့သည်မြေကိုအမှီပြု၍ ၎င်းတို့၏နေ့စဉ်ဘဝရပ်တည်မှုအတွက်သော်လည်းကောင်း၊ စားနပ်ရိက္ခာဖူလုံမှုအတွက်သော်လည်းကောင်း၊ ပုံမှန်ဝင်ငွေရရှိမှုအတွက်သော်လည်းကောင်း၊ ၎င်းတို့၏လူမှုစီးပွားရေးတည်ငြိမ်မှုအတွက်သော်လည်းကောင်းအဓိကမှီခို၍အသက်ရှင်ရပ်တည်နေရပါသည်။ ထို့ကြောင့်မြေသည်၎င်းတို့၏အတွက်အရာအားလုံးပင်ဖြစ်ပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲစနစ်ဖြစ်သည့် ဓလေ့ထုံးတမ်းအရမြေပိုင်ဆိုင်စေခြင်း၊ ကျေးရွာတွင်နေထိုင်သောကျေးရွာသူကျေးရွာသားများ၏စားဝတ်နေရေးအဆင်ပြေစေခြင်း၊ ကျေးရွာမှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများဖြင့်ကျေးရွာဘုံမြေကိုအသုံးပြုခွင့်ပေးခြင်း၊ ကျေးရွာ၏သဘာဝပတ်ဝန်းကျင်များရေရှည်တည်တံ့ခိုင်မြဲစေနိုင်ရန်အတွက်ကျေးရွာသစ်တောများ၊ ကာကွယ်တောများသတ်မှတ်၍ထိန်းသိမ်းကာကွယ်ခြင်း၊ မြေယာနှင့်ပတ်သက်သောအငြင်းပွားမှုပြဿနာများကိုရိုးရာဓလေ့အရဖြေရှင်းခြင်းစသည်ဖြင့်စီမံခန့်ခွဲလာခဲ့ကြပါသည်။ လက်ရှိအချိန်တွင်လူတို့နေထိုင်သောကမ္ဘာမြေကြီးသည်တဖြည်းဖြည်းယိုယွင်းပျက်စီးလာပြီး ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုစသည့်အရာများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ သို့သော်လည်းဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့ကျင့်ထုံးများသည်ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ခြင်းနှင့်ဂေဟစနစ်မပျက်စီးစေသောစီမံခန့်ခွဲခြင်း၊ ရာသီဥတုများဖောက်ပြန်မှုကိုကာကွယ်သောစနစ်သို့ဦးတည်နေသည်ကိုတွေ့ရှိရသည်။ ဥပမာအားဖြင့် ရေပုံမှန်ရရှိနိုင်ရန်အတွက်ရေထွက်ပေါက်ကာကွယ်တောကိုသတ်မှတ်ခြင်း၊ သစ်တောများကိုထိန်းသိမ်းကာကွယ်ခြင်း၊ မှုဖော်ပသခြင်းနှင့်ကျေးရွာစည်းကမ်းများသတ်မှတ်၍ကာကွယ်ခြင်းစသည်တို့ကိုပြုလုပ်ကြပါသည်။

ကယား(ကရင်နီ)ပြည်ရှိ ဌာနေတိုင်းရင်းသားများသည် မြေယာကိုကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်းအသုံးပြုကြပြီးမြေယာသည် ၎င်းတို့၏အသက်ပင်ဖြစ်သည်။ ဤသို့အသုံးပြုရာတွင်ပုဂ္ဂိုလ်တစ်ဦးချင်းကောင်းစားရန်အတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကောင်းကျိုးရရှိရန်လည်းဖြစ်သည်။ ထို့ကြောင့် မြေသည်ဌာနေတိုင်းရင်းသားတို့၏အသက်မွေးဝမ်းကျောင်းတည်ငြိမ်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးသို့ဦးတည်မှု၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲမှု၊ လူမှုတရားမျှတမှုနှင့်လွတ်လပ်စွာစီမံခန့်ခွဲနိုင်မှုများသည်၎င်းတို့ရှင်သန်ရပ်တည်နိုင်မှုနှင့်ဖြစ်တည်မှုတို့၏ အသက်သွေးကြောပင်ဖြစ်ပါသည်။



ရိုးရာဓလေ့ဆိုင်ရာအသိပညာ
ဗဟုသုတနှင့်ရေရှည်တည်တံ့စေသောအလေ့အကျင့်



## (၂) ရိုးရာဓလေ့ဆိုင်ရာအသိပညာဗဟုသုတများနှင့်ရေရှည်တည်တံ့စေသောအလေ့အကျင့်များဖြစ်ခြင်း။

ဌာနေတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာကျင့်ထုံးများနှင့်မြေယာစီမံခန့်ခွဲမှုစနစ်များသည် ၎င်းတို့တွင်ရှိသောရိုးရာဓလေ့ဆိုင်ရာအသိပညာများပေါ်တွင်အခြေခံ၍တည်ဆောက်ထားသောအရာများဖြစ်သည်။ ထိုအသိပညာဗဟုသုတများနှင့်ကျင့်ထုံးများသည် မျိုးဆက်တစ်ခုမှတစ်ခုသို့လက်ဆင့်ကမ်းလွှဲပြောင်း၍ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာပြုပြင်၍ကျင့်သုံးခဲ့သောအရာများဖြစ်သည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားများနေထိုင်ရာဒေသနှင့်၎င်းတို့ပိုင်ဆိုင်သောမြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များတည်ရှိရာဒေသများတွင် ဇီဝမျိုးကွဲများပေါများစွာတည်ရှိမှုနှင့်ဂေဟစနစ်သည်ယခုထိတိုင်ကောင်းမွန်တည်ရှိနေဆဲဖြစ်ပါသည်။ ထိုသို့ရာစုနှစ်များစွာဇီဝမျိုးကွဲများပေါများစွာတည်ရှိမှုနှင့်ဂေဟစနစ်များကောင်းမွန်တည်ရှိနေခြင်းသည် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ကျင့်ထုံးများနှင့်ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုတို့ကိုအခြေခံ၍ကျင့်သုံးနေမှုနှင့်ဆက်နွယ်နေပါသည်။ သို့သော်လည်း ဌာနေတိုင်းရင်းသားများ၏ ရိုးရှင်းလွယ်ကူသောစနစ်များနှင့်ကျင့်ထုံးများသည်လည်း သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေခြင်း၊ ခေတ်မမှီခြင်းစသည်ဖြင့်လွဲမှားသောပြောဆိုခြင်းများ၊ နားလည်မှုလွဲခြင်းများသည်ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့ကျင့်ထုံးများနှင့်ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် အဟန့်အတားများဖြစ်စေပါသည်။ ထို့အပြင် ရေရှည်တည်တံ့သောဝန်းကျင်တည်ရှိမှုနှင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးကိုသို့ဦးတည်သွားနိုင်ရန်အတွက်လည်းခြိမ်းခြောက်မှုများကိုဖြစ်စေပါသည်။ ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့အသိပညာဗဟုသုတများနှင့်အလေ့အကျင့်များကိုအသိအမှတ်ပြုခြင်းသည် ဌာနေတိုင်းရင်းသားများရပ်တည်ရှင်သန်ရန်အတွက်အရေးကြီးသည်သာမက သဘာဝဝန်းကျင်ရေရှည်တည်တံ့မှု၊ ဂေဟစနစ်ထိန်းသိမ်းမှုနှင့်ဇီဝမျိုးကွဲများရေရှည်တည်တံ့တည်ရှိရန်စီမံခန့်ခွဲမှုတို့အတွက်အလွန်အရေးပါသောအခန်းကဏ္ဍတစ်ခုလည်းဖြစ်ပါသည်။

## (၃) မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်ရှိသောသဘောသဘာဝဖြစ်ခြင်း။

ဌာနေတိုင်းရင်းသားတို့၏မြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေကိုပိုင်ဆိုင်မှုသည် ၎င်းတို့နေထိုင်သောဒေသ၊ ကျေးရွာနှင့်စိုက်ပျိုးအသုံးပြုနေသောမြေပေါ်တွင်သာကမ၎င်းတို့ပိုင်ဆိုင်သောနယ်နိမိတ်အတွင်းရှိ မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပါပိုင်ဆိုင်ခွင့်ရှိသည်။ဌာနေတိုင်းရင်းသားများ၏မြေနှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်အခွင့်အရေးသည် ၎င်းတို့၏လွတ်လပ်စွာစီမံခန့်ခွဲမှုနှင့်၎င်းတို့၏ဖွံ့ဖြိုးမှုအတွက်ဦးစားပေးရွေးချယ်ခွင့်ဆုံးဖြတ်ခွင့်တို့နှင့်ဆက်စပ်နေပါသည်။ ဌာနေတိုင်းရင်းသားတို့၏ မြေယာစီမံခန့်ခွဲမှုစနစ်တွင်မြေကို တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အများ (မျိုးနွယ်စု သို့မဟုတ် ကျေးရွာ) အနေဖြင့်သော်လည်းကောင်းပိုင်ဆိုင်ခွင့်ရှိသော သွင်ပြင်လက္ခဏာများရှိကြသည်။ ဌာနေတိုင်းရင်းသားများ၏မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်မှုများသည် အများပိုင်ဆိုင်ခွင့်သဘောတရားကိုအခြေခံ၍ လူမျိုးစုတစ်စုအနေဖြင့်လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုမြှင့်တင်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လုပ်ဆောင်နိုင်ခြင်းများဖြစ်သည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားများ၏မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းများသည်တရားဝင်အသိအမှတ်ပြုခြင်းမခံရသော်လည်း ၎င်းတို့စတင်နေထိုင်ချိန်မှစတင်၍ လူမျိုးစုတစ်စုအနေဖြင့်၎င်းတို့ပိုင်ဆိုင်အသုံးပြုသောမြေနှင့်သဘာဝအရင်းအမြစ်များ ကိုလွတ်လပ်စွာစီမံခန့်ခွဲနိုင်ခွင့်ရှိသည်။

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏နယ်နိမိတ်အတွင်းရှိသဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပိုင်ခွင့်နှင့်ထိန်းချုပ်ထားခွင့်များရှိကြသည်။ အခြေခံအားဖြင့်ထိုအရင်းအမြစ်များတွင် ပြန်လည်ဖြည့်ဆည်းနိုင်သောအရင်းအမြစ်များနှင့် ပြန်လည်ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အရင်းအမြစ်များဖြစ်ကြသောသား၊ ငါး၊ ရေ၊ သစ် နှင့်အခြားသောသတ္တုများလည်းပါဝင်သည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားတို့၏နယ်နိမိတ်အတွင်းရှိ သဘာဝသယံဇာတများကိုထုတ်ယူသုံးစွဲမှုပြုရာတွင် ၎င်းတို့၏သဘောတူညီချက်ကိုရယူရန်၊ အကျိုးအမြတ်ကိုပါဝင်ရယူခွင့်ပြုရန်နှင့် ထိုအရင်းအမြစ်များကိုထုတ်ယူခြင်းကြောင့်ပျက်ဆီးသွားသောမည်သည့်အရာအတွက်မဆိုနစ်နာကြေးများ၊ လျော်ကြေးများပေးဆောင်ရန်လိုအပ်သည်။



မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များကို
ပိုင်ဆိုင်ခွင့်ရှိသောသဘောသဘာဝ



ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့အရ မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ကြသော်လည်းထိုအရာများကိုကျေးရွာအတွင်းရှိအခြားသောသူများလည်းအသုံးပြုပိုင်ခွင့်ရှိသည်။ ပုဂ္ဂိုလ်တစ်ဦးဦးသည်မြေနှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခြင်းမရှိသော်လည်း အခြားသူပိုင်ဆိုင်သောမြေနှင့်သဘာဝအရင်းအမြစ်များအပေါ်တွင်အသုံးပြုနိုင်ခွင့်နှင့်အကျိုးခံစားခွင့်ရှိကြသည်။ ထိုအခွင့်အရေးများထဲတွင်စားကျက်မြေအသုံးပြုခြင်း၊ တောကောင်လိုက်ခြင်း၊ ငါးဖမ်းခြင်း၊ သစ်တောအတွင်းမှသစ်သီးဝလံများရှာဖွေစားသောက်ခြင်းစသည်တို့ကို၎င်းတို့၏လိုအပ်ချက်ပေါ်မူတည်၍ရယူခံစားပိုင်ခွင့်ရှိကြသည်။ ထို့ကြောင့်ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုတွင် မြေပိုင်ဆိုင်သောသူသည်မိမိတို့ဖွံ့ဖြိုးတိုးတက်မှုအတွက်မြေကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခွင့်ရှိသည်သာမက မြေမရှိသောသူများလည်းထိုအရင်းအမြစ်များကိုမျှဝေခံစားနိုင်ခွင့်ရှိခြင်းသည် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်၏အခြေခံအကြောင်းအရာများပင်ဖြစ်သည်။

မြေယာဆိုင်ရာရိုးရာဓလေ့ကျင့်သုံးမှုအခြေအနေအားကောင်းနေခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ၎င်းတို့၏နိုင်ငံရေးအခြေအနေအပေါ်သို့များစွာအကျိုးသက်ရောက်စေသည်ကိုတွေ့ရှိရပါသည်။ မြေယာဆိုင်ရာရိုးရာဓလေ့ကျင့်သုံးနေသော ကယား(ကရင်နီ)ပြည်နယ်ရှိဌာနေတိုင်းရင်းသားဒေသများတွင် ၎င်းတို့၏နယ်မြေနှင့်နယ်နိမိတ်များကိုပိုမိုထိန်းသိမ်းထားနိုင်ခြင်း၊ စုပေါင်းပိုင်ဆိုင်မှုများရှိခြင်း၊ တန်းတူညီမျှမှုရှိခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်များရှိခြင်း၊ အပြန်အလှန်လေးစားတန်ဖိုးထားခြင်း၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေခြင်း၊ လူမျိုးစု၏အဖိုးတန်အမွေအနှစ်များကိုထိန်းသိမ်းခြင်း၊ ပြဿနာများကိုညင်သာစွာဖြေရှင်းနိုင်ခြင်းနှင့်စည်းလုံးညီညွတ်မှုရှိသောအသိုင်းအဝိုင်းကိုဖန်တီးပေးခြင်းစသည့်အကျိုးကျေးဇူးများရှိနေသည်ကိုတွေ့ ရှိရပါသည်။ ထိုနယ်မြေနှင့်နယ်နိမိတ်များထိန်းသိမ်းထားနိုင်ခြင်းကြောင့်၎င်းတို့ဒေသအတွင်းရှိသဘာဝသယံဇာတများကို အတိုင်းအတာတစ်ခုအထိပိုမိုထိန်းသိမ်းထားနိုင်သည်ကိုတွေ့ရှိရသည်။ ဘိုးဘေးဘီဘင်လက်ထက်ကတည်းကပင်မြေ၊ သဘာဝအရင်းအမြစ်နှင့်နယ်နိမိတ်များထိန်းသိမ်းထားသောဓလေ့များသည် မျက်မှောက်ကာလနှင့်အနာဂတ်မျိုးဆက်သစ်များအတွက် နေထိုင်ရာမြေနေရာနှင့်လုပ်ကိုင်စားသောက်ရန်နေရာများအဖြစ်လက်ဆင့်ကမ်းအမွေလက်ခံရရှိကြသည်ကိုတွေ့ရှိရသည်။ ထို့အပြင် မိမိတို့၏ကျေးရွာပိုင်မြေနေရာများ၊ နယ်နိမိတ်များနှင့်မျိုးနွယ်စုပိုင်မြေနေရာများကိုသတ်သတ်မှတ်မှတ်ထားရှိထိန်းသိမ်းလာခြင်း၏အကျိုးကျေးဇူးမှာ ဌာနေတိုင်းရင်းသားလူမျိုးစုတစ်စု၏ဖြစ်တည်မှုအခြေအနေနှင့်ဂုဏ်အင်္ဂါရပ်များယနေ့တိုင်တည်ရှိနေခြင်းပင်ဖြစ်သည်။

***" ကျနော်တို့ ရဲ့ ဓလေ့အရ ကျနော်တို့က***
***မြေကိုပိုင်ဆိုင်အုပ်ချုပ်စီမံခွင့်ရှိတဲ့သူတွေပဲ၊ တစ်နည်းအားဖြင့်အရှင်သခင်တွေပဲ "***

### (၄) ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာတုံ့ပြန်တတ်ခြင်း

ဌာနေတိုင်းရင်းသားတို့သည် မိမိတို့၏ရိုးရာဓလေ့အသိပညာများကိုကောင်းမွန်စွာသိကျွမ်းနားလည်သူများဖြစ်၍ ရာသီဥတုပြောင်းလဲမှုအခြေအနေပေါ်မူတည်၍လိုက်လျောညီထွေစွာတုံ့ပြန်နိုင်သူများဖြစ်သည်။ ထို့အပြင်ဌာနေတိုင်းရင်းသားတို့သည် သစ်တောစီမံခန့်ခွဲမှု၊ သစ်တောကာကွယ်ထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး အဓိကအတွေ့အကြုံရှိသူများဖြစ်၍ ၄င်းတို့နယ်နိမိတ်အတွင်းရှိမြေနှင့်ဆက်စပ်လျက်ရှိသောသစ်တောများကိုလည်းယနေ့တိုင်ဆက်လက်စီမံခန့်ခွဲနေကြသူများဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာအသုံးပြုမှုစနစ်အတွေးအခေါ်သည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုဖန်တီးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်နှင့်လူသားများအပေါ်ထိခိုက်မှုအနည်းဆုံးဖြစ်စေသော၄င်းတို့၏မူလအသိပညာဖြင့်တည်ဆောက်ထားပြီး ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာတုံ့ပြန်နိုင်ရန်အတွက်လုပ်ဆောင်နေသောဓလေ့ဖြစ်သည်။

ရာသီဥတု၏ပြောင်းလဲမှုများသည်ဌာနေတိုင်းရင်းသားတို့၏စီးပွားရေး၊ လူမှုယဉ်ကျေးမှုစသောအရာများအပေါ်သို့သက်ရောက်မှုများဖြစ်ပေါ်စေပါသည်။ ဌာနေတိုင်းရင်းသားများသည်ထိုသို့သောအခြေအနေများတွင်မိမိတို့တွင်ရှိသောရိုးရာဓလေ့အသိပညာများဖြင့် မိမိတို့၏ရှင်သန်ရပ်တည်မှုအတွက်ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာသီးနှံများကိုစိုက်ပျိုးခြင်း၊ လိုက်လျောညီထွေစွာဖြင့်တုံ့ပြန်မှုများပြုလုပ်ကြပါသည်။ သို့သော်ဌာနေတိုင်းရင်းသားတို့၏ထိုသို့သောတုံ့ပြန်မှုအသိပညာများ၊ နည်းစနစ်များကိုနိုင်ငံ၏အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုတုံ့ပြန်မှုပေါ်လစီများ၊ နည်းဗျူဟာများတွင်ထည့်သွင်းစဉ်းစားခြင်း၊အသိအမှတ်ပြုခြင်းများမရှိပါ။ ထို့ကြောင့်နိုင်ငံတော်၏ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်သောပေါ်လစီ၊ နည်းဗျူဟာနှင့်အစီအစဉ်များကိုရေးဆွဲရာတွင် ဌာနေတိုင်းရင်းသားများရိုးရာဓလေ့အသိပညာများနှင့်အသက်မွေးဝမ်းကျောင်းများဖြင့်ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်မှုပုံစံတို့ကိုအသိအမှတ်ပြုရန်လိုအပ်ပါသည်။



ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာတုံ့ပြန်တတ်ခြင်း



လူနေမှုဘဝတည်ငြိမ်မှုနှင့်ပဋိပက္ခနည်းပါးစေခြင်း



### (၅) လူနေမှုဘဝတည်ငြိမ်မှု၊ ပဋိပက္ခများနည်းပါးစေခြင်း

ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများသည် ၎င်းတို့၏နေ့စဉ်ဘဝရှင်သန်ရပ်တည်ရန်အတွက်သာမက၎င်းတို့၏မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပြောင်းလာသောအတွေ့အကြုံပေါ်မူတည်၍တည်ဆောက်ထားသောအရာများဖြစ်သည်။ အပြန်အလှန်နားလည်မှုရှိခြင်း၊ လူမှုတရားမျှတမှုကိုအခြေခံခြင်း၊ အရင်းအမြစ်များကိုမျှဝေခံစားခြင်း၊ လွတ်လပ်စွာစီမံခွင့်ပြုခြင်း၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိခြင်းများသည် ဌာနေတိုင်းရင်းသားတို့၏လူနေမှုဘဝတည်ငြိမ်မှုကိုရှိစေသည်သာမက ရင်ဆိုင်တွေ့ကြုံရသောအခက်အခဲများကိုလည်း အတူတကွဝိုင်းဝန်းဖြေရှင်းခြင်းစသည်တို့သည် ဌာနေတိုင်းရင်းသားအများအကြားတွင်ငြိမ်းချမ်းတည်ငြိမ်မှုကိုပိုမိုဖြစ်ထွန်းစေပါသည်။

ကျွမ်းနှင့်အဝန်းအရှိန်အဟုန်နှင့်ဖြစ်ပွားနေသော မြေသိမ်းဆည်းမှုများ၊ ပုဂ္ဂလိကပိုင်ဆိုင်မှုပြုခြင်းများ၊ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီးပွားဖြစ်ဧရာမစက်မှုကုန်ကြမ်းသီးနှံများစိုက်ပျိုးရန်အတွက်မြေသိမ်းဆည်းမှုများ၊ တွင်းထွက်သယံဇာတများထုတ်ယူသည့်စီမံကိန်းကြီးများ၊ စစ်တပ်နယ်မြေအဖြစ်သိမ်းယူခြင်းနှင့်အစိုးရ၏သစ်တောနယ်မြေများအဖြစ်သို့သတ်မှတ်ခြင်းများသည် ဒေသခံဌာနေတိုင်းရင်းသားတို့နေထိုင်ရာဒေသများတွင် ၎င်းတို့၏သဘောထားဆန္ဒရယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများမရှိဘဲဖြစ်ပွားနေပါသည်။ ဌာနေတိုင်းရင်းသားများကိုအသိအမှတ်ပြုရမည်ဟုနိုင်ငံတကာရှိယန္တရားများတွင်ဖော်ပြထားသော်လည်း ဌာနေတိုင်းရင်းသားများသည်အထက်ပါလုပ်ငန်းများကြောင့် ထိခိုက်မှုအခံရဆုံးနှင့်မြေမဲ့ယာမဲ့ဘဝများအဖြစ်သို့ရောက်ရှိရပါသည်။ ကယား(ကရင်နီ)ပြည်ရှိဌာနေတိုင်းရင်းသားတို့သည်လည်း ယနေ့ချိန်အခါတွင်ထိုသို့ သောခြိမ်းခြောက်မှုများနှင့်ကြုံတွေ့နေရပါသည်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် ရှေးဘိုးဘေးစဉ်လာကတည်းကပင်အတူယှဉ်တွဲနေထိုင်လာသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ဘိုးဘွားဘီဘင်လက်ထက်ကတည်းကကျင့်သုံးလာခဲ့သော အချင်းချင်းဝိုင်းဝန်းကူညီမှုအလေ့အကျင့်များသည် ယနေ့ထက်တိုင်အဖိုးဖြတ်မရသောဓလေ့တစ်ခုအဖြစ်တည်ရှိနေပါသည်။ လယ်ယာမြေ၊ တောင်ယာမြေ၊ ရွှေ့ပြောင်းတောင်ယာမြေများထွန်ယက်လုပ်ကိုင်ချိန်မှစတင်၍ ကောက်ပဲသီးနှံများစိုက်ပျိုးခြင်း၊ ကောက်ပဲသီးနှံများပြန်လည်ရိတ်သိမ်းခြင်းအထိတစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီကြသည်မှာ ကယား(ကရင်နီ)ပြည်နယ်ရှိ ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့များပင်ဖြစ်ပါသည်။ ထိုကဲ့သို့တစ်ဦးကိုတစ်ဦးအပြန်အလှန်ရိုင်းပင်းကူညီနေခြင်းသည် မိသားစုသဖွယ်ဖြစ်သောလူ့အသိုင်းအဝိုင်းတစ်ခုအဖြစ် လက်ရှိမျက်မှောက်တွင်မြင်တွေ့နေခြင်းလည်းဖြစ်သည်။ ထို့ကြောင့်မြေယာဆိုင်ရာရိုးရာဓလေ့များကျင့်သုံးနေခြင်းသည်စည်းလုံးညီညွတ်သော၊ အပြန်အလှန်ရိုင်းပင်းကူညီတတ်သော၊ အပြန်အလှန်အမှီသဟဲပြုနေသောအလေ့အကျင့်များသည် ဌာနေတိုင်းသားများ၏လူမှုစီးပွားရေးအခြေအနေကိုပိုမိုတည်ငြိမ်စေသည်သာမက ငြိမ်းချမ်းတည်ငြိမ်သောလူမှုအသိုက်အဝန်းအဖြစ်သို့ဖော်ဆောင်ပေးနေခြင်းလည်းဖြစ်ပါသည်။

" ငါတို့က ဒီမြေ၊ ဒီတော၊ ဒီတောင် အပေါ်မှာပဲမှီခိုလာခဲ့တာ
နှစ်ပေါင်းကြာပြီလေ ပြီးတော့အခုလို နေထိုင်တာကလည်း
ဘယ်သူကိုမှထိခိုက်အောင်လည်းမလုပ်ဘူး အပြန်အလှန်ရိုင်းပင်ကူညီတယ်
အပြန်အလှန်အမှီသဟဲပြုကြတယ် "

*မြလဲကျေးရွာသားတစ်ဦး*

# ၆။ ဖြစ်ရပ်မှန်လေ့လာခြင်း

ဝါဘန်းဗလိုကျေးရွာသည် ဒီးမော့ဆိုမြို့နယ်တွင်တည်ရှိပြီး လွိုင်ကော်-တောင်ငူကားလမ်းကြီးပေါ်တွင်တည်ရှိ၍ ဒီးမော့ဆိုမြို့မှ(၈)မိုင်အကွာခန့်တွင်တည်ရှိပါသည်။ ဝါဘန်းဗလိုကျေးရွာကို ၁၈၈၇ ခုနှစ်မတိုင်မီမှစတင်၍တည်ထောင်ခဲ့ပြီး ၂၀၁၂ခုနှစ်တွင် (၁၂၅)နှစ်မြောက်ယုဘီလကိုကျင်းပခဲ့ပြီး ကျေးရွာတည်ထောင်ခဲ့သည်မှာနှစ်ပေါင်းတစ်ရာကျော်ပြီဖြစ်သောကျေးရွာတစ်ရွာဖြစ်ပါသည်။ လက်ရှိတွင်အုပ်ချုပ်ရေးအရအစိုးရ၏စီမံခန့်ခွဲမှုတွင် တည်ရှိသောနယ်မြေအဖြစ်သတ်မှတ်ခြင်းခံရသောဒေသတစ်ခုဖြစ်သည်။ ဤဒေသသည်အစိုးရ၏သစ်တောဥပဒေအရ နန့်စံဖုးကြီးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ထားခြင်းခံရသောဒေသတစ်ခုဖြစ်သော်လည်း မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုယနေ့ထိတိုင်ဆက်လက်ကျင့်သုံးနေဆဲကျေးရွာတစ်ခုဖြစ်သည်။ ကျေးရွာတွင်အိမ်ခြေစုစုပေါင်း(၁၂၈)အိမ်ခန့်ရှိ၍ နေထိုင်သောလူမျိုးများမှာကယန်းလူမျိုးစုများဖြစ်ကြပြီး နှစ်ခြင်းခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ကယန်းလူမျိုးများဖြစ်ကြသော်လည်း ကျေးရွာအတွင်းတွင်မျိုးနွယ်စုဝင်(၇)စုခန့်ရှိပြီးမိမိတို့မျိုးနွယ်စုအလိုက်မြေကိုပိုင်ဆိုင်၍စီမံခန့်ခွဲမှုကိုပြုကြပါသည်။

မြေစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ရိုးရာဓလေ့ထုံးတမ်းမြေယာစနစ်ကိုသာအဓိကအသုံးပြုပြီး သစ်တောများထိန်းသိမ်းခြင်း၊ နယ်နိမိတ်ပိုင်ဆိုင်မှုများကိုသတ်မှတ်ခြင်း၊ အမွေပေးခြင်း၊ မြေပိုင်ဆိုင်ခွင့်ပြုခြင်း၊ မြေနှင့်ပတ်သက်သောအငြင်းပွားမှုများဖြေရှင်းခြင်းအစရှိသည်တို့ကိုစီမံခန့်ခွဲကြပါသည်။ ရှေးယခင်ကစာပေအထောက်အထားများဖြင့်မြေစီမံခန့်ခွဲခြင်းကိုမှတ်တမ်းထင်ထားနိုင်ခြင်းမရှိသော်လည်း ယနေ့ခေတ်တွင်စာပေအထောက်အထားများအသုံးပြုကာပြုပြင်မွမ်းမံ၍မှတ်တမ်းတင်လာကြသည်။ ထိုအထဲမှသိသာထင်ရှားသောသာဓကတစ်ခုမှာ နယ်နိမိတ်ဆိုင်ရာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ စာချုပ်စာတမ်းများဖြင့်မှတ်တမ်းတင်လာကြသည်။ ဝါဘန်းဗလိုကျေးရွာသည် နယ်နိမိတ်အားဖြင့် ပဆေးလာ၊ လွိုးကထိ၊ ဒေါတဝီနှင့်ပန်ပက် ကျေးရွာများဖြင့်နယ်နိမိတ်အားဖြင့်ထိစပ်နေပါသည်။ ယခင်ကလည်းထိုကျေးရွာများနှင့်ပတ်သက်၍ နယ်နိမိတ်ဆိုင်ရာအငြင်းပွားမှုများရှိခဲ့သော်လည်း နယ်နိမိတ်ပြန်လည်သတ်မှတ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များဖြင့်သတ်မှတ်ခြင်းစသောနည်းလမ်းများကိုအသုံးပြုခဲ့ကြသည်။ ထိုအထဲမှ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင်နယ်နိမိတ်ဆိုင်ရာမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ သဘောတူစာချုပ်ကိုမျိုးနွယ်စုခေါင်းဆောင်များ၊ ပတ်ဝန်းကျင်ရွာမှအသိသက်သေများ၊ သက်ဆိုင်ရာကျေးရွာ၏ရွာမိရွာဖများရှေ့မှောက်တွင်လက်မှတ်ရေးထိုး၍သတ်မှတ်ခဲ့ကြသည်။

ဝါဘန်းဗလိုကျေးရွာရှိဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အရသတ်မှတ်ထားသောမြေအမျိုးအစားများမှာ လယ်မြေ၊ ယာမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ ရေထွက်ပေါက်မြေ၊ ကာကွယ်တောမြေ၊ သာသနာမြေ၊ သချိုင်းမြေ၊ စားကျက်မြေ၊ ကျေးရွာမြေ၊ ဘာသာရေးနှင့်ဓလေ့ထုံးတမ်းအရအထွဋ်အမြတ်ထားရာမြေနှင့်တောင်စသောမြေအမျိုးအစားအမျိုးမျိုးတို့ပါဝင်သည်။

ဝါဘန်းဗလိုကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မိဘဘိုးဘွားစဉ်ဆက်သတ်မှတ်လာခဲ့သောမြေများကို မျိုးနွယ်စုအလိုက်သော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်းပိုင်ဆိုင်ကြသည်။ ထိုသို့မြေကိုပိုင်ဆိုင်ရာတွင်လည်း ပတ်ဝန်းကျင်မှသူများကအသိအမှတ်ပြုခြင်း၊ သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များမှအသိအမှတ်ပြုခြင်းစသောရိုးရာဓလေ့နည်းများကိုအသုံးပြု၍အသိအမှတ်ပြုကြပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍လည်းယခုထိတိုင်ဆက်လက်အသိအမှတ်ပြုအကောင်အထည်ဖော်နေဆဲဖြစ်ပါသည်။ ထို့အပြင်မြေကိုပိုင်ဆိုင်သူသည် ၎င်းပိုင်သောမြေနှင့်ပတ်သက်၍လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိသော်လည်းကျေးရွာရှိသတ်မှတ်ထားသောအခြေခံစည်းမျဉ်းများကိုလိုက်နာကြရသည်။ ထိုစည်းမျဉ်းစည်းကမ်းများသည်လည်း၎င်းတို့ဘိုးဘွားစဉ်ဆက်မှအသုံးပြုလာခဲ့သောအရာများဖြစ်၍ထိုအပေါ်မှုတည်၍မွမ်းမံခြင်း၊ ပြုပြင်ခြင်းများဖြင့်အများသဘောတူချမှတ်ထားသောအရာများဖြစ်သည်။ မြေနှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများအပေါ်ထားရှိသည့်၎င်းတို့၏သဘောထားများမှာ စည်းမျဉ်းစည်းကမ်းများကိုကြောက်ရွံ့သည်ထက် အပြန်အလှန်လေးစားမှု၊ တန်ဖိုးထားမှု၊ ရိုးရာဓလေ့ကိုထိန်းသိမ်းမှုစသည်တို့အပေါ်တွင်အခြေခံသည်။ ထို့ကြောင့်၎င်းတို့ပိုင်ဆိုင်သောမြေနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များပြုလုပ်ရာတွင်ပင်၎င်းတို့၏ရိုးရာဓလေ့နှင့်စည်းမျဉ်းစည်းကမ်းများအပေါ်တွင်သာအခြေခံ၍ပြုလုပ်ကြသည်။

မြေယာလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ ကျေးရွာတစ်ခုလုံးနှင့်ဆိုင်သောမြေပေါ်တွင်လုပ်ကိုင်စားသောက်လိုပါက ထိုမြေနှင့်သက်ဆိုင်သောပုဂ္ဂိုလ်၊ ခေါင်းဆောင်ထံသို့အကြောင်းကြားခြင်း(သို့)ခွင့်တောင်းခြင်းများပြုလုပ်၍ကျေးရွာအတွင်းမှမည်သူမဆိုသွားရောက်လုပ်ပိုင်ခွင့်ရှိသည်။ သို့သော်ထိုပုဂ္ဂိုလ်သည် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရသတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများကိုလိုက်နာရပါသည်။ အကယ်၍ထိုမြေပေါ်တွင်ကျေးရွာတစ်ခုလုံးနှင့်ဆိုင်သောအရေးကိစ္စများအတွက်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်းပြန်လည်ပေးအပ်ရန်တောင်းဆိုခြင်းခံရပါက ထိုမြေကိုလုပ်ကိုင်ခွင့်ရသူသည်ပြန်လည်အပ်နှံခြင်းကိုပြုရပါသည်။ ထို့အတွက် ထိုပုဂ္ဂိုလ်အားရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရသင့်လျော်သောမြေအစားထိုးပြန်လည်ပေးအပ်ခြင်းသော်လည်းကောင်း၊ သင့်ရာတန်ဖိုးကိုပေးအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားသောနည်းလမ်းဖြင့်သော်လည်းကောင်းပြန်လည်စီစဉ်ဆောင်ရွက်ခြင်းကိုပြုကြသည်။

မြေနှင့်ပတ်သက်သောအမွေပေးခြင်းဖြစ်စဉ်တွင် သားယောကျ်ားကိုသာဦးစားပေးလေ့ရှိသောဓလေ့သည်လည်းဆက်လက်ရှင်သန်ကျင့်သုံးနေဆဲဖြစ်သည်။ ဖခင်ဖြစ်သူ(သို့)အုပ်ထိန်းသူမှမြေနှင့်ပတ်သက်သောအမွေပေးခြင်းကိုစီမံခန့်ခွဲပြီးတစ်ခါတစ်ရံတွင်မိသားစုအတွင်းဖခင်မရှိတော့လျှင်ဖခင်ဘက်မှဆွေမျိုးများကိုထိုမြေနှင့်ပတ်သက်သောစီမံခန့်ခွဲခြင်းကိုပြုလုပ်ကြသည်။ ထိုသူတို့စီမံသောအမွေပေးခြင်းများသည်အတည်ဖြစ်ပြီး သားသမီးများမှလက်ခံကြရသည်။ မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တစ်ဦးချင်းပိုင်သောမြေများကို မိမိတို့ကိုယ်တိုင်လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိပြီး မျိုးနွယ်စုတစ်ခုလုံးနှင့်ဆိုင်သောမြေနှင့်ပတ်သက်၍သော်လည်းကောင်း၊ အများပိုင်(သို့)ကျေးရွာတစ်ခုလုံးနှင့်ဆိုင်သောမြေနှင့်ပတ်သက်၍သော်လည်းကောင်းစီမံခန့်ခွဲမှုပြုခြင်းကို သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်များ၊ အကြီးအကဲများ၊ ရွာမိရွာဖများမှဦးဆောင်၍စီမံခန့်ခွဲမှုကိုပြုကြသည်။ ထိုသို့စီမံခန့်ခွဲမှုပြုရာတွင်ကျေးရွာတွင်ချမှတ်ထားသော အခြေခံစည်းမျဉ်းများပေါ်တွင်သာဦးတည်၍စီမံခန့်ခွဲမှုကိုပြုကြသည်။


မြေနှင့်ပတ်သက်သောအငြင်းပွားမှုများအတွက်ဖြေရှင်းခြင်းကိုပြုလုပ်ရာတွင် ဝါဘန်းဇလိုကျေးရွာတွင်ရှိသောဌာနေတိုင်းရင်းသားများသည် တစ်ဦးချင်းပိုင်မြေနှင့်ဆိုင်သောကိစ္စများအတွက်သော်လည်းကောင်း၊ မျိုးနွယ်စုပိုင်မြေများအတွက်သော်လည်းကောင်း၊ ကျေးရွာနယ်နမိတ်ချင်းဆိုင်ရာကိစ္စများအတွက်သော်လည်းကောင်း သက်ဆိုင်ရာအငြင်းပွားမှုဖြစ်ပွားသောနှစ်ဦးနှစ်ဖက်မှလူပုဂ္ဂိုလ်၊ လူမျိုးစုများ၊ ကျေးရွာကိုယ်စားလှယ်များဖြင့်တွေ့ဆုံညှိနှိုင်း၍ဖြေရှင်းကြပါသည်။ ဖြစ်ပွားသောအမှုပေါ်မူတည်၍ ရိုးရာဓလေ့အရသစ္စာပြုခြင်း၊ နစ်နာကြေးလျော်ကြေးများပေးစေခြင်း၊ သတိပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းစသောအနညာတနည်းလမ်းများကိုအသုံးပြု၍ဖြေရှင်းခြင်းကိုပြုကြသည်။ ထိုသို့သောအငြင်းပွားမှုဖြေရှင်းခြင်းဖြစ်စဉ်တွင်သက်ဆိုင်ရာကျေးရွာအသီးသီးမှအကြီးအကဲများဖြင့်သော်လည်းကောင်း၊ လူမျိုးစုခေါင်းဆောင်များဖြင့်သော်လည်းကောင်း၊ ရိုးရာဓလေ့ထုံးတမ်းကိုနားလည်သောလူကြီးသူမများဖြင့်သော်လည်းကောင်း၊ သက်သေများထား၍သော်လည်းကောင်းဖြေရှင်းခြင်းကိုပြုကြပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အရဌာနေတိုင်းရင်းသားတို့သည်၎င်းတို့ပိုင်သောမြေကိုလွတ်လပ်စွာစီမံခန့်ခွင့်ရှိ သော်လည်းမိမိတို့လိုက်နာရမည့်စည်းကမ်းချက်များကိုလည်းသတ်မှတ်ထားကြပါသည်။ ထိုစည်းမျဉ်းစည်းကမ်းများကို ၎င်းတို့အားလုံးလိုက်နာရပြီးချိုးဖောက်မှုရှိပါကလည်းအရေးယူခြင်းကိုခံရကြပါသည်။ ဝါဘန်းဇလိုကျေးရွာရှိဌာနေတိုင်းရင်းသားများ၏မြေနှင့်ပတ်သက်သောရိုးရာဓလေ့စည်းမျဉ်းစည်းကမ်းများကိုလည်း အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။

- မြေကိုကျေးရွာပြင်ပသို့ရောင်းချခွင့်မပြု၊
- ကျေးရွာပိုင်မြေပေါ်တွင်သော်လည်းကောင်း၊ အများပိုင်မြေပေါ်တွင်သော်လည်းကောင်းခွင့်ပြုချက်မရှိဘဲအသုံးပြုခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရ၊
- အများနှင့်သက်ဆိုင်သောမြေကိုသော်လည်းကောင်း၊ ထိုမြေပေါ်ရှိသဘာဝအရင်းအမြစ်များကိုသော်လည်းကောင်းထိခိုက်ပျက်စီးစေခြင်းမပြုရ၊
- မြေပိုင်ဆိုင်မှုနယ်နိမိတ်အမှတ်အသားများကိုဖယ်ရှားခြင်း၊ နယ်မြေခိုးယူခြင်းမပြုရ၊
- အခြားသောသူပိုင်သောမြေ သို့မဟုတ် အခြားမျိုးနွယ်စုပိုင်သောမြေပေါ်တွင်ရှိသော အပင်၊ ထင်း၊ သီးနှံများကို ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲမသုံးစွဲရ၊

- အခြားသူခုတ်ထွင်းထားသောမြေ(သို့)အမှတ်အသားပြုထားသောမြေပေါ်တွင်ထိုသူ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လုပ်ကိုင်ခြင်း၊ အမှတ်အသားဖျက်ဆီးခြင်းမပြုလုပ်ရ၊
- မြေအသုံးပြုမှုနှင့်ပတ်သက်၍ကျေးရွာ၏သတ်မှတ်ထားသာစည်းမျဉ်းစည်းကမ်းများကိုဖောက်ဖျက်ခြင်းမပြုရ၊

မြေကိုပိုင်ဆိုင်သောပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် မျိုးနွယ်စုတစ်စုသည် ထိုမြေနှင့်ပတ်သက်သောဆုံးဖြတ်ချက်များ၊ စီမံမှုများကိုလွတ်လပ်စွာပြုလုပ်ခွင့်ရှိပြီး ထိုမြေကိုအမွေပေးခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အနားပေးလုပ်ထားခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအပြင်အခြားသောလုပ်ငန်းများအတွက်ပါအသုံးပြုခွင့်စသောအခွင့်အရေးများရှိကြသည်။ ထိုသို့သောဖြစ်စဉ်များအတွက်သက်ဆိုင်ရာမြေပိုင်သောပုဂ္ဂိုလ်မှသော်လည်းကောင်း၊ သက်ဆိုင်ရာမျိုးနွယ်မှသော်လည်းကောင်း၊ ကျေးရွာတွင်ရှိသောအသိသက်သေများ၊ ရိုးရာဓလေ့အရမြေကိုစီမံခန့်ခွဲခွင့်ရှိသူများ၊ ကျေးရွာတွင်ရှိသောအုပ်ချုပ်ရေးခေါင်းဆောင်များနှင့်ကျေးရွာတွင်ရှိသောရွာမိရွာဖများကိုအကြောင်းကြားခြင်း၊ သက်သေပြုစေခြင်းစသည်တို့ဖြင့်ပြုလုပ်ကြပါသည်။

ဝါဘန်း*ဇလိုကျေးရွာရှိဌာနေတိုင်းရင်းသားများ၏* ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်များကိုလေ့လာခြင်းဖြင့် ဌာနေတိုင်းရင်းသားတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုအခြေခံ၍၎င်းတို့ပိုင်ဆိုင်သောမြေနှင့်သဘာဝအရင်းအမြစ်များကိုစီမံခန့်ခွဲမှုများသည် ၎င်းတို့၏ယဉ်ကျေးမှုအရသော်လည်းကောင်း၊ လွတ်လပ်မှုကိုသော်လည်းကောင်း၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့်အပြန်အလှန်လေးစားအသိအမှတ်ပြုမှုတို့အပေါ်တွင်အခြေခံ၍ တည်ဆောက်ထားသောအရာများဖြစ်သည်။ ထို့ကြောင့်၎င်းတို့၏မြေယာစီမံခန့်ခွဲမှုစနစ်များကိုအသိအမှတ်ပြုခြင်းသည် အလွန်အရေးကြီးသောအခန်းကဏ္ဍတွင်တည်ရှိနေပြီး ၎င်းတို့၏မြေယာစီမံခန့်ခွဲမှုကိုသာမက၎င်းတို့ဖြစ်တည်မှုနှင့်ဆက်လက်ရှင်သန်ရပ်တည်နိုင်မှုတို့အတွက်အဓိကကျသောအခြေခံအကြောင်း တရားများပင်ဖြစ်ပါသည်။



၁၉၉၃ခုနှစ်တွင် ပိတ်ဖြူပေါ်၌ ပြန်လည်ရေးဆွဲထားသော ဝါဘန်းဇလို ကျေးရွာ၏နယ်နိမိတ်မြေပုံ

# ၇။ အချက်အလက်ကောက်ယူမှုပုံစံစနစ်

ဤအစီရင်ခံစာထွက်ပေါ်လာရန်အတွက် ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ၂၀၁၅ခုနှစ်နှစ်ဦးပိုင်းမှစတင်၍ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ ဒေသခံဌာနေတိုင်းရင်းသားများဖြစ်ကြသော ကယား၊ ကယန်း၊ ကယောတို့၏ရိုးရာမြေယာစီမံခန့်ခွဲမှုစနစ်အကြောင်းကိုမှတ်တမ်းတင်ခဲ့ပါသည်။ ဤမှတ်တမ်းတင်ခြင်းဖြစ်စဉ်တွင်ဒေသခံဌာနေတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ဆွေးနွေးခြင်းဖြင့်အချက်အလက်များကိုမှတ်တမ်းတင်ခြင်း၊ သတ်မှတ်ထားသောမေးခွန်းပုံစံများဖြင့်အချက်အလက်ကောက်ယူခြင်း၊ ကျေးရွာတွင်ဆွေးနွေးပွဲများပြုလုပ်၍မေးမြန်းမှတ်တမ်းတင်ခြင်း၊ ဦးတည်အုပ်စုများနှင့်တွေ့ဆုံ၍ရိုးရာမြေယာစီမံခန့်ခွဲမှုအကြောင်းတို့ကိုမှတ်တမ်းတင်ခဲ့ပါသည်။ ထို့ပြင် ၄င်းတို့၏ရိုးရာမြေယာအသုံးချမှုစနစ်များကိုဓာတ်ပုံမှတ်တမ်းတင်ခြင်းနှင့်ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ ၄င်းတို့၏ရိုးရာမြေယာအသုံးပြုမှုစနစ်အကြောင်းပြောကြားခြင်းကိုနားထောင်ခြင်းနှင့်၄င်းတို့လက်ရှိကျင့်သုံးနေသောရိုးရာမြေယာစီမံခန့်ခွဲမှုစနစ်အကြောင်းကိုမှတ်တမ်းတင်ခဲ့ပါသည်။ ထိုသို့သုတေသနပြုမှတ်တမ်းတင်ရာတွင်အောက်ပါနည်းစနစ်များကိုအသုံးပြု၍ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာမြေယာစီမံခန့်ခွဲမှုအကြောင်းကိုမှတ်တမ်းတင်၍ကောက်ယူခဲ့ပါသည်။

### ၇.၁။ မေးခွန်းပုံစံများအသုံးပြု၍အချက်အလက်များကောက်ယူခြင်း

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် အချက်အလက်များကောက်ယူရန်အတွက် မေးခွန်းပုံစံများပြင်ဆင်၍အသုံးပြုခဲ့ပါသည်။ ထိုမေးခွန်းပုံစံတွင် ၄င်းတို့၏ရိုးရာမြေယာစီမံခန့်ခွဲမှုအရသတ်မှတ်ထားသောမြေအမျိုးအစားသတ်မှတ်မှုများ၊ မြေယာလုပ်ပိုင်ခွင့်ပြုခြင်းဖြစ်စဉ်များ၊ မြေအသုံးပြုခွင့်ရရှိသူများလိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ မြေယာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်းများ၊ စည်းကမ်းချက်များလိုက်နာမှုပျက်ကွက်လျှင်အရေးယူခြင်းဖြစ်စဉ်၊ အငြင်းပွားမှုများအတွက်ဖြေရှင်းနည်းများ၊ မြေယာနှင့်ပတ်သက်သောနစ်နာကြေး၊ လျော်ကြေးများသတ်မှတ်ခြင်းများ၊ မြေလေ့ထုံးတမ်းအရမြေကိုအသုံးချခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ခြိမ်းခြောက်မှုများစသော အဓိကအကြောင်းအရာ(၁၃)ခု ပါမေးခွန်းကိုအသုံးပြုသုတေသနပြုလေ့လာကောက်ယူခဲ့ပါသည်။

### ၇.၂။ သင်တန်းနှင့်ဆွေးနွေးပွဲများ

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာမြေယာစီမံခန့်ခွဲမှုအကြောင်းကိုသုတေသနပြုခြင်းဖြစ်စဉ်တွင် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများစသောနည်းစနစ်များကိုအသုံးပြု၍သတင်းအချက်များကောက်ယူခြင်း၊ သုတေသနပြုခြင်းများကိုလည်းပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲနှင့်သင်တန်းများတွင် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာအကြောင်းအရာများဆွေးနွေးခြင်း၊ ၄င်းတို့၏မြေယာဆိုင်ရာစီမံခန့်ခွဲမှုအကြောင်းများဆွေးနွေးခြင်းနှင့်ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများပိုမိုအားကောင်းစေရန်နှင့်အစိုးရ၏အသိအမှတ်ပြုမှုများရရှိစေနိုင်ရေးတို့အတွက်နည်းလမ်းများကိုအတူတစ်ကွဆွေးနွေးခဲ့ပါသည်။

### ၇.၃။ ဓာတ်ပုံမှတ်တမ်းတင်ခြင်းနှင့်ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းကိုဗီဒီယိုမှတ်တမ်းတင်ခြင်း

ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းကိုမှတ်တမ်းတင်ခြင်းဖြစ်စဉ်တွင် ၄င်းတို့တွင်ရှိထားပြီးဖြစ်သော ရိုးရာဓလေ့ဆိုင်ရာမြေယာစီမံခန့်ခွဲမှုအထောက်အထားများကိုဓာတ်ပုံမှတ်တမ်းတင်ခြင်းနှင့်ဗီဒီယိုမှတ်တမ်းတင်ခြင်းနည်းလမ်းများဖြင့်ပြုလုပ်ခဲ့ပါသည်။ ထိုအထဲတွင်၄င်းတို့၏နယ်နိမိတ်ပိုင်ဆိုင်မှုမြေပုံများ၊ ကျေးရွာ

တစ်ရွာနှင့်တစ်ရွာချုပ်ဆိုထားသောသဘောတူညီမှုစာချုပ်နှင့်အငြင်းပွားမှုဖြေရှင်းခြင်းနှင့်ပတ်သက်သောအထောက်အထားများ၊ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုဆိုင်ရာအသုံးပြုသောအမှတ်အသားများနှင့်စာအထောက်အထားအားဖြင့်မှတ်တမ်းတင်ထားသောအကြောင်းရာများကိုမှတ်တမ်းတင်ခြင်းများပြုလုပ်ခဲ့ပါသည်။

## ၇.၄။ တွေ့ဆုံမေးမြန်းခြင်းများ

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ကျေးရွာတွင်ရှိသောရွာမိရွာဖများ၊ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုနားလည်သောလူကြီးများ၊ ရိုးရာဓလေ့အရသတ်မှတ်ထားသောခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးအုပ်စုများ၊ လူငယ်အုပ်စုများနှင့်တွေ့ဆုံ၍အချက်အလက်များကိုကောက်ယူခဲ့ပါသည်။ တစ်ဦးချင်းတွေ့ဆုံခြင်းများဖြင့်သော်လည်းကောင်း၊ ဦးတည်အုပ်စုများဖြင့်သော်လည်းကောင်းတွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပြီး ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှု၊ အသုံးပြုမှုတို့အပေါ်ထားရှိသောသဘောထားအမြင်များ၊ တန်ဖိုးထားမှုများ၊ စိန်ခေါ်မှုများကို၎င်းတို့နှင့်တွေ့ဆုံ၍ အချက်အလက်များကိုသုတေသနပြုမှတ်တမ်းတင်ခဲ့ပါသည်။

## ၇.၅။ ပုံပြောမှတ်တမ်းတင်ခြင်းများ

ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းကိုမှတ်တမ်းတင်ရာတွင် ဒေသခံဌာနေတိုင်းရင်းသားများထံသို့သွားရောက်လည်ပတ်၍၎င်းတို့၏ကျေးရွာနှင့်သက်ဆိုင်သောရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းပြောပြမှုကိုနားထောင်ခြင်းနည်းစနစ်ဖြင့်မှတ်တမ်းတင်ခြင်းကိုပြုလုပ်ခဲ့ပါသည်။ ဤနည်းစနစ်အားဖြင့် ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများ၊ မြေနှင့်ပတ်သက်သော၎င်းတို့၏ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများ၊ အခက်အခဲများနှင့်ကျော်ဖြတ်ခဲ့ပုံများ၊ မည်ကဲ့သို့လက်ဆင့်ကမ်းထိန်းသိမ်းလာပုံများကိုသိရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

## ၇.၆။ ဖြစ်ရပ်မှန်လေ့လာခြင်း

ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးလက်ရှိတွင်ကျင့်သုံးထိန်းသိမ်းနေဆဲဖြစ်သောကျေးရွာ၏ဖြစ်ရပ်မှန်အခြေအနေများလေ့လာပြီးသုတေသနပြု၍လေ့လာခဲ့ပါသည်။ ဤနည်းစနစ်အားဖြင့်၎င်းတို့၏ရိုးရာဓလေ့မြေယာအသုံးပြုစနစ်ကိုလေ့လာခဲ့ရုံမျှမက ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုဖြင့်နယ်နိမိတ်သတ်မှတ်ပုံ၊ ကျေးရွာ၏သဘောတူညီချက်ဖြင့်စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပုံ၊ ဓလေ့ထုံးတမ်းအားဖြင့်မြေယာလုပ်ပိုင်ခွင့်တောင်းခံခြင်း၊ လုပ်ပိုင်ခွင့်ပြုခြင်း၊ အမွေပေးခြင်းနှင့်မြေကိုစီမံခန့်ခွဲခြင်းစသောဖြစ်ရပ်မှန်များကိုလေ့လာကောက်ယူမှတ်တမ်းတင်ခဲ့ပါသည်။

## ၇.၇။ မြေပုံရေးဆွဲခြင်း

ဒေသခံဌာနေတိုင်းရင်းသားများ၏မြေကိုစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ၎င်းတို့နယ်နိမိတ်သတ်မှတ်မှုဖြစ်စဉ်ကိုလေ့လာရာတွင်ဒေသခံဌာနေတိုင်းရင်းသားများနှင့်အတူတစ်ကွ GPS ဖြင့်မြေပုံတိုင်းတာမှုပြုလုပ်ခြင်း၊ ၎င်းတို့သတ်မှတ်ထားသောနယ်နိမိတ်ပိုင်ဆိုင်မှုများ၊ အထင်ကရနေရာများနှင့်အရင်းအမြစ်များတည်ရှိမှုတို့ကို မှတ်သားခြင်းစသောမြေပုံတိုင်းတာခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက်လည်း ဒေသခံကိုယ်စားလှယ်များအား GPS အသုံးပြုခြင်းဆိုင်


ရာအကြောင်းဝေမျှခြင်း၊ ကိုယ်တိုင်လက်တွေ့တိုင်းတာခြင်းများကိုပြုလုပ်ခဲ့ပါသည်။ ထို့အပြင်၎င်းတို့၏နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးတရားဝင်မှတ်တမ်းရရှိစေရန်အတွက်လည်း မြေပုံရေးဆွဲခြင်းများကိုပြုလုပ်ခဲ့ပါသည်။

### ရ.၈။ အချက်အလက်များဆန်းစစ်ခြင်း

ဒေသနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သောသတင်းအချက်အလက်များနှင့်ပတ်သက်သောဆန်းစစ်ချက်များကိုသုတေသနပြုခြင်းစတင်ချိန်မှစတင်၍လုပ်ဆောင်ခဲ့ပါသည်။ အဓိကရည်ရွယ်ချက်မှာရရှိလာသောသတင်းအချက်အလက်များသည် တိကျမှုရှိစေရန်နှင့်မှန်ကန်မှုရှိစေရန်တို့အတွက်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် သုတေသနပြုသောအဖွဲ့ဝင်များသည် ရရှိလာသောအချက်အလက်များကိုဆန်းစစ်ခြင်းပြုလုပ်ပြီးနောက် ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုတတ်ကျွမ်းနားလည်သောပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိမြေယာအရေးလှုပ်ရှားဆောင်ရွက်နေသောလူထုအခြေပြုလူမှုအဖွဲ့အစည်းများဖြင့်တဖန်ပြန်လည်ဆန်းစစ်ခြင်းများကိုပြုလုပ်ကြပါသည်။ ထို့နောက်သုတေသနပြုခဲ့သောကျေးရွာမှကိုယ်စားလှယ်များဖြင့် သုတေသနပြုထားသောအချက်အလက်များအပေါ်ပြန်လည်ဆန်းစစ်ခြင်းကို၍ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့မှဆန်းစစ်ရရှိလာသောအချက်အလက်များအပေါ်မူတည်၍ ပြန်လည်ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်းနှင့်အတည်ပြုခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။



တွေ့ဆုံမေးမြန်းခြင်း




မြေပုံရေးဆွဲခြင်းနှင့်ဖြစ်ရပ်မှန်လေ့လာခြင်း






ပုံပြောမှတ်တမ်းတင်ခြင်းနှင့်အချက်အလက်များကောက်ယူခြင်း





နယ်နမိတ်တိုင်းတာစစ်ဆေးခြင်းနှင့်မြေပုံပူးပေါင်းရေးဆွဲခြင်း






အချက်အလက်ကောက်ယူသောဒေသပြမြေပုံ

# ၈။ အချက်အလက်ကောက်ယူသောဒေသ

ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ဤအစီရင်ခံစာထွက်ပေါ်လာစေရန်အတွက် ကယား(ကရင်နီ)ဒေသအတွင်းရှိ ဌာနေတိုင်းရင်းသားများဖြစ်သော ကယား၊ ကယန်း၊ ကယောစသောလူမျိုးစုများတို့၏ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုအကြောင်းကို သုတေသနပြုမှတ်တမ်းတင်ကောက်ယူခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ကယား(ကရင်နီ)ပြည်တစ်ခုလုံးကိုလွှမ်းခြုံကောက်ထားနိုင်ခြင်းမရှိသော်လည်း အထက်ပါမျိုးနွယ်စုများအများစုနေထိုင်သော မြို့နယ်(၃)နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၅)စုမှကျေးရွာပေါင်း (၅၂)ရွာကိုအခြေခံ၍ကောက်ယူထားခြင်းဖြစ်ပါသည်။

| စဉ် | မြို့နယ် | ကျေးရွာ<br>အုပ်စု | ကျေးရွာ | ဖြေကြား<br>သူဦးရေ | ကိုးကွယ်သည့်ဘာသာ | ကျေးရွာတွင်နေထိုင်<br>သောလူမျိုး |
|---|---|---|---|---|---|---|
| ၁. | မယ်စဲ့ | မယ်စဲ့ | ပန်တိန်း | ၁၂ | ဗုဒ္ဓဘာသာနှင့်နတ်ခြင်း | ရှမ်း၊ ကယန်း၊ ကယား |
| | | | ဟိုစဲ့ | ၉ | ဗုဒ္ဓဘာသာ၊ နတ်ခြင်း၊ | ရှမ်း၊ ကယန်း၊ ကယား |
| | | | ကျောက်စု | ၇ | ကက်သလစ်၊<br>ဗုဒ္ဓဘာသာနှင့်တံခွန်တိုင် | ရှမ်း၊ ကယန်း၊ ကယား |
| ၂. | ဒီမော့ဆို | ဆောင်ဒူလာ | ငံရိုး | ၉ | ဗုဒ္ဓဘာသာ၊ တံခွန်တိုင် | ကယန်း |
| | | | အေနောင်ပုလဲ | ၁၂ | နတ်ခြင်း | ကယန်း |
| | | | ဆောင်ပထန် | ၅ | တံခွန်တိုင်၊ | ကယန်း |
| | | | ဆောင်ဒူလာ | ၁၀ | ဗုဒ္ဓဘာသာ၊ တံခွန်တိုင်နှင့်<br>ကက်သလစ် | ကယန်း |
| ၃ | ဒီးမော့ဆို | ခူးပရာ | ဒန်တို | ၈ | ဖြမ္မာစိုရ် | ကယန်း |
| | | | သာဒေးခို | ၁၅ | နတ်ခြင်း | ကယန်း |
| | | | ဆီးပူပလော့ | ၁၀ | ဖြမ္မာစိုရ် | ကယန်း |
| | | | ခူးပရာ | ၆ | နတ်ခြင်း | ကယန်း |
| ၄ | ဒီးမော့ဆို | ဟိုဝမ် | ဟိုဝမ်အောက် | ၁၀ | တံခွန်တိုင် | ကယန်း |
| | | | ဟိုဝမ်ထက် | ၁၄ | တံခွန်တိုင် | ကယန်း |
| ၅ | ဒီးမော့ဆို | နောင်ပုလဲ | မြေနီကုန်း | ၁၀ | နတ်ခြင်း | ကယန်း |
| | | | လောစီ | ၁၀ | နတ်ခြင်း | ကယန်း |
| | | | လေးမိုင်ကဖု | ၅ | ကက်သလစ် | ကယန်း |
| | | | နောင်ပုလဲ | ၁၂ | နတ်ခြင်း | ကယန်း |
| | | | ဆိုဘောသဲ | ၈ | နတ်ခြင်း | ကယား |
| ၆ | ဒီးမော့ဆို | မြလဲ | မြလဲ | ၁၀ | နတ်ခြင်း | ကယန်း |
| | | | ဒေါဆီအိ | ၈ | နတ်ခြင်း | ကယန်း |
| | | | ဆီးပူကုန်း | ၁၀ | နတ်ခြင်း | ကယန်း |
| | | | ဆီးမိဆိုဒါး | ၅ | နတ်ခြင်း | ကယန်း |
| | | | ဆီးမိဆိုလား | ၇ | နတ်ခြင်း | ကယန်း |
| | | | လွိုင်နန်းဖ | ၅ | နတ်ခြင်း | ကယန်း |
| | | | ဆော်လဖဲခို | ၈ | နတ်ခြင်း | ကယန်း |
| | | | လိုဘောခို | ၅ | နတ်ခြင်း | ကယန်း |
| | | | လိုခိုသာ | ၉ | နတ်ခြင်း | ကယန်း |
| ၇ | ဖရူးဆိုး | ကေကော | ကေကော | ၁၅ | ကက်သလစ် | ကယော |
| ၈ | ဖရူးဆိုး | ထီးပေါ်ဆို | ဒေါကူးခူ | ၁၅ | ကက်သလစ် | ကယား |
| | | | ငွေတောင်ရွာသစ် | ၁၃ | ဗုဒ္ဓဘာသာ၊ တံခွန်တိုင် | ကယား |
| | | | ထီးသော်ကူး | ၁၀ | ကက်သလစ် | ကယား |
| ၉ | ဖရူးဆိုး | ရော်ဒေါ်ခေါ် | ရော်ဒေါ်ခေါ် | ၁၀ | ကက်သလစ် | ကယော |
| ၁၀ | ဖရူးဆိုး | သိုသီးဖို | ကေခီး | ၁၀ | ကက်သလစ် | ကယော |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁ | ဒီမော့ဆို | ပန်ပက် | ရွှမ်းကူ | ၅ | ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| | | | ဘန်းစာ | ၇ | ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| | | | ကတဲကူ | ၈ | ကက်သလစ် | ကယန်း |
| | | | ဒေါ်ကီး | ၅ | ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| | | | သန်ကူ | ၄ | ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| | | | ပင်မဆောင် | ၆ | ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| ၁၂ | ဒီမော့ဆို | ဝါဘန်းဗလို့ | လွီးကထိ | ၁၂ | နှစ်ခြင်း | ကယန်း |
| | | | ဝါဘန်းဗလို | ၁၈ | နှစ်ခြင်း | ကယန်း |
| | | | ပဆေးလာ | ၈ | နှစ်ခြင်း | ကယန်း |
| | | | ပဒန်းနို | ၁၃ | နှစ်ခြင်း | ကယန်း |
| | | | ထီးလသူးနို | ၁၅ | နှစ်ခြင်း | ကယန်း |
| ၁၃ | ဒီမော့ဆို | လိုဘာနို | ယပ်ခူ | ၆ | နှစ်ခြင်း၊ တံခွန်တိုင်၊ | ကယန်း |
| | | | လိုဘာနို | ၅ | ပြမ္မာစိုရ် | ကယန်း |
| | | | ဂါဆီဆောင် | ၄ | နှစ်ခြင်း၊ ဗုဒ္ဓတံခွန်တိုင် | ကယန်း |
| ၁၄ | ဒီမော့ဆို | ဒေါ်ကလော်ဒူ | တနီးလားလဲ | ၁၄ | ဗုဒ္ဓတံခွန်တိုင် | ကယား |
| | | | ဒေါ်ကမြေး | ၇ | ဗုဒ္ဓတံခွန်တိုင် | ကယား |
| | | | ဒေါ်တငူး | ၇ | ဗုဒ္ဓတံခွန်တိုင် | ကယား |
| | | | ဒေါ်ကလော်ဒူ | ၁၀ | ဗုဒ္ဓတံခွန်တိုင် | ကယား |
| ၁၅ | ဒီမော့ဆို | ငွေတောင် | ဒေါ်ကလော်ခူ | ၁၀ | ဗုဒ္ဓတံခွန်တိုင် | ကယား |

# ၉။ သုတေသနပြုခြင်းဖြစ်စဉ်၏အားသာချက်နှင့်အကန့်အသတ်

ဤသုတေသနပြုခြင်းဖြစ်စဉ်၏အားသာချက်မှာ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုအခြေခံ၍ယနေ့ထိတိုင်ကျင့်သုံးနေဆဲဖြစ်သော ကျေးရွာများမှအချက်အလက်များကိုသုတေသနပြုမှတ်တမ်းတင်ကောက်ယူနိုင်ခဲ့ပါသည်။ ထို့အပြင်ကျေးရွာအသီးသီးမှဌာနေတိုင်းရင်းသားခေါင်းဆောင်များ၊ ရွာမိရွာဖများ၊ ရိုးရာဓလေ့ကိုဦးဆောင်သောခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ကျေးရွာတွင်ရှိသောအမျိုးသမီးအုပ်စုများ၊ လူငယ်များတို့သည်လည်းဤသုတေသနပြုခြင်းဖြစ်စဉ်တွင်ပူးပေါင်းပါဝင်ခဲ့ပါသည်။ ထိုသို့သောကွဲပြားသည့်အုပ်စုများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအပေါ်တွင်ထားရှိသောငင်းတို့၏ကွဲပြားသောအမြင်များသဘောထားများ၊ အကြံပြုချက်များကိုလည်း ဤအစီရင်ခံစာတွင်ထည့်သွင်းမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းကိုသုတေသနပြုမှတ်တမ်းတင်ရာတွင် အချို့သောအချက်အလက်များကိုမှတ်တမ်းတင်နိုင်ခြင်းမရှိသည်မှာလည်း ဤသုတေသနပြုခြင်းဖြစ်စဉ်၏အကန့်အသတ်တစ်ခုဖြစ်ပါသည်။ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောအချက်အလက်များကို ဒေသခံဌာနေတိုင်းရင်းသားများအနေဖြင့်ပြန်လည်ပြောပြနိုင်သော်လည်း ငင်းတို့ကိုသက်သေဖြစ်စေမည့်အထောက်များမရှိခြင်း၊ မြေပုံများမရှိခြင်း၊ တစ်ရွာနှင့်တစ်ရွာအကြားတွင်သော်လည်းကောင်း၊ လူမျိုးစုတစ်စုနှင့်တစ်စုအကြားတွင်သော်လည်းကောင်းခိုင်လုံသောစာပေအထောက်အထားဖြင့်မှတ်တမ်းတင်ထားနိုင်ခြင်းများမရှိခြင်းစသောအကြောင်းအရာများသည်လည်း ဤသုတေသနပြုခြင်းဖြစ်စဉ်တွင်တွေ့ကြုံရသောအကန့်အသတ်များဖြစ်ပါသည်။ ဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်သောကိန်းဂဏန်းအချက်အလက်များကိုကောက်ယူနိုင်ခဲ့သော်လည်း အချို့သောအရည်အသွေးဆိုင်ရာအချက်အလက်များကိုဖော်ပြနိုင်ခြင်းမရှိသေးခြင်းစသောအကန့်အသတ်များရှိသော်လည်း ဤအစီရင်ခံစာအားဖြင့် ကယား(ကရင်နီ)ပြည်တွင်ရှိသောဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုအကြောင်းကိုသိရှိနိုင်မည်ဖြစ်ပြီး ***မြေယာဆိုင်ရာပေါ်လစီများ၊ ဥပဒေများပြဋ္ဌာန်းရာတွင်ငင်းတို့ကိုငင်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုထင်ဟပ်စေနိုင်မည့်အချက်အလက်များကိုထည့်သွင်းခြင်း၊ အသိအမှတ်ပြုခြင်းတို့ကို*** ပြုလုပ်နိုင်ရန်အတွက်ဖြစ်ပါသည်။

# ၁၀။ အကြံပြုချက်

ရိုးရာဓလေ့အရမြေယာပိုင်ဆိုင်လုံခြုံမှုနှင့်မြေယာစီမံခန့်ခွဲမှုများသည် ဌာနေတိုင်းရင်းသားများ၏ဘဝရှင်သန်ရပ်တည်ရန်အတွက်အလွန်အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်ပြီးငင်းတို့အတွက်အခြေခံကျသောအခွင့်အရေးတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ရေရှည်တည်တံ့သောငြိမ်းချမ်းမှုတည်ဆောက်မှုဖြစ်စဉ်အတွက်သော်လည်းကောင်း၊ ဒီမိုကရေစီနည်းကျကျတည်ဆောက်မည့် ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်မှုတို့အတွက်သော်လည်းကောင်း ဌာနေတိုင်းရင်းသားများ၏မြေ၊ နယ်နိမိတ်နှင့်သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်နှင့်စီမံခန့်ခွဲနိုင်ခွင့်တို့သည် အလွန်အရေးကြီးသောအခန်းကဏ္ဍတွင်တည်ရှိပါသည်။ ထို့ကြောင့် ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက်သည် ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ ကျေးရွာ(၅၂)ရွာမှဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုသုတေသနပြုစာတမ်းကိုအခြေခံ၍ အစိုးရနှင့်အစိုးရအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ မူဝါဒပြင်ဆင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများသို့ ဌာနေတိုင်းရင်းသားများ၏မြေယာပိုင်ဆိုင်မှုလုံခြုံစေရန်နှင့်ငင်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကို အသိအမှတ်ပြုခံရနိုင်ရန်အတွက် ဌာနေတိုင်းရင်းသားများကိုယ်စားအောက်ပါအချက်များဖြင့်အကြံပြုအပ်ပါသည်။

၁။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုနှင့်မြေပိုင်ဆိုင်မှုနှင့်နယ်နိမိတ်ပိုင်ဆိုင်မှုအခွင့်အရေးများကိုတိကျခိုင်မာသောကတိကဝတ်ပြုမှုများထားရှိ၍ ဥပဒေဖြင့်တရားဝင်အသိအမှတ်ပြုအကာအကွယ်ပေးရန်၊

၂။ ဌာနေတိုင်းရင်းသားများ၏မြေ၊ နယ်နိမိတ်နှင့်အရင်းအမြစ်များပိုင်ဆိုင်မှု၊ လွတ်လပ်စွာစီမံခန့်ခွဲမှုတို့ကိုအဟန့်အတားဖြစ်စေသော မူဝါဒများ၊ ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်ပြဌာန်းခြင်းများပြုလုပ်၍ တရားဝင်အကာအကွယ်ပေးခြင်းများကိုပြုရန်၊

၃။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများ၏ မြေနှင့်အသက်မွေးဝမ်းကျောင်းပေါ်သို့သက်ရောက်မှုရှိစေမည့်လုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုများသည် လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူတာဝန်ခံမှုများတိကျသေချာစွာရှိစေရန်၊

၄။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများ၏မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာရှိစံချိန်စံညွှန်းများဖြစ်သောကမ္ဘာ့ကုလသမဂ္ဂ၏စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာရှိအစိုးရများလိုက်နာရန်ကတိကဝတ်ပြုထားသည့် မြေယာနှင့်သား၊ ငါးကဏ္ဍအခွင့်အရေးဆိုင်ရာလမ်းညွှန်မှုများနှင့်ကမ္ဘာ့ကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်းနှင့်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ဌာနေမျိုးနွယ်စုဆိုင်ရာသဘောတူညီချက်အမှတ်( ILO.169) ပါလမ်းညွှန်ချက်တို့ဖြင့်အကာအကွယ်ပေးရန်၊

၅။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများနှင့်သက်ဆိုင်သော မူဝါဒများပြဌာန်းခြင်းနှင့်အကောင်အထည်ဖော်နိုင်ရန်အတွက်ကောင်းမွန်သောယန္တရားများပြင်ဆင်ခြင်းနှင့်ငင်းတို့အပေါ်သို့တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းသက်ရောက်စေမည့်လုပ်ငန်းများအတွက်ပြန်လည်ကုစားခြင်း၊ နစ်နာမှုများအတွက်အစားထိုးလျော်ပေးခြင်းများပြုလုပ်ရာတွင်နိုင်ငံတကာရှိအကောင်းဆုံးလုပ်ထုံးလုပ်နည်းများဖြင့်ပြုလုပ်ရန်နှင့် တရားဥပဒေအရခိုင်လုံသောအကာအကွယ်ပေးမှုများပြုလုပ်ရန်၊

၆။ နိုင်ငံအတွင်းရှိဒေသခံဌာနေတိုင်းရင်းသားများ၏မြေနှင့်အရင်းအမြစ်ဆိုင်ရာသိမ်းပိုက်မှုများအတွက်ထိရောက်သောအရေးယူမှုများပြုလုပ်ရန်၊

၇။ ကျေးရွာနှင့်ဒေသအဆင့်တွင် ဌာနေတိုင်းရင်းသားနှင့်ဒေသခံတိုင်းရင်းသားများ ငင်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန်အတွက်ဌာနေတိုင်းရင်းသားများအားပံ့ပိုးခြင်းနှင့်ငင်းတို့၏မြေ၊ အရင်းအမြစ်နှင့်အသက်မွေးဝမ်းကျောင်းမှုအပေါ်သို့ထိခိုက်စေမည့်ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းများအတွက် လွတ်လပ်သောကြိုတင်အကြောင်းကြားခြင်းနှင့်သဘောတူညီမှုရယူခြင်း(FPIC)လမ်းညွှန်မှုများအတိုင်းပြုလုပ်ရန်၊

၈။ ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများ၏ လူ့အခွင့်အရေးကိုလေးစားလိုက်နာခြင်းနှင့်မြှင့်တင်ခြင်းရှိရန်၊

၉။ ဌာနေတိုင်းရင်းသားများ၏မြေနှင့်နယ်နိမိတ်နှင့်ပတ်သက်သောတရားရေးဆိုင်ရာလုံခြုံစိတ်ချမှုရှိစေရန်အတွက် ၎င်းတို့အားလုံးပါဝင်နိုင်မည့်အပြုသဘောဆောင်သောအားပေးမှုများနှင့်ကောင်းမွန်သောအလေ့အကျင့်ဖြစ်စဉ်များ တည်ဆောက်ပေးရန်၊

၁၀။ ဌာနေတိုင်းရင်းသားများကိုယ်တိုင်၎င်းတို့၏ဖွံ့ဖြိုးမှုရေရှည်တည်တံ့မှုရှိစေနိုင်ရေးတို့အတွက် ၎င်းတို့ကိုယ်တိုင်ပါဝင်ဆုံးဖြတ်ခွင့်ပြုခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ၎င်းတို့၏အခွင့်အရေးကိုလေးစားခြင်းဖြင့်အသိအမှတ်ပြုရန်၊

၁၁။ ဌာနေတိုင်းရင်းသားများ ၎င်းတို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုကိုအားကောင်းလာစေရန်အတွက်ကျေးရွာအဆင့်တွင်သာမက အုပ်စုအဆင့်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်နှင့်ပြည်ထောင်စုအဆင့်စသည်ဖြင့် အဆင့်တိုင်းတွင်ပံ့ပိုးပေးခြင်းနှင့်ပါဝင်ခွင့်ပေးရန်၊

၁၂။ ဌာနေတိုင်းရင်းသားများ၏မြေနှင့်အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှုများကိုပြုလုပ်ရာတွင် ဗဟိုချုပ်ကိုင်မှုစနစ်မဟုတ်ဘဲသက်ဆိုင်ရာဒေသအသီးသီးရှိ ဌာနေတိုင်းရင်းသားများ၏ကိုယ်ပိုင်စီမံခန့်ခွဲမှုအခွင့်အရေးကိုအခြေခံ၍လုပ်ဆောင်ရန်။

# ၁၁။ နိဂုံး

**ကျွန်ုပ်တို့၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်အစီရင်ခံစာအရ** ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိဒေသခံဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာပိုင်ဆိုင်မှုများ၊ မြေယာစီမံခန့်ခွဲမှုများသည် အသိအမှတ်ပြုမှုမခံရခြင်း၊ လစ်လျူရှုထားမှုခံရခြင်းစသောခြိမ်းခြောက်မှုများအောက်တွင်တည်ရှိနေပါသည်။ အကျိုးဆက်အားဖြင့် ၎င်းတို့၏မြေများကိုဆုံးရှုံးရသည်သာမကဘိုးဘွားစဉ်ဆက်အသုံးပြုလာခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လူ့အခွင့်အရေးများ၊ လူမှုတရားမျှတမှုနှင့်လွတ်လပ်စွာစီမံခန့်ခွဲမှုစသောအခွင့်အရေးများပါဆုံးရှုံးရပါသည်။ ထို့ကြောင့် ၎င်းတို့၏ဘဝလုံခြုံမှုနှင့်လူနေမှုဘဝတည်ငြိမ်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အေးချမ်းတည်ငြိမ်သောလူမှုအသိုက်အဝန်းတည်ထောင်မှုတို့အတွက်အဟန့်အတားဖြစ်စေပါသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုလုံခြုံမှုရှိစေရေး၊ ရေရှည်တည်တံ့သောပတ်ဝန်းကျင်တည်ရှိစေရေးနှင့်အနာဂတ်တွင်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်သောဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် ဌာနေတိုင်းရင်းသားများ၏ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုစနစ်သည် အဓိကအရေးပါသောအခန်းကဏ္ဍတစ်ခုတွင်တည်ရှိနေပြီး ၎င်းတို့၏အခြေခံအခွင့်အရေးများကိုအသိအမှတ်ပြုခြင်း၊ ပူးပေါင်းပါဝင်ခွင့်ပြုခြင်းနှင့်အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သောလူ့ဘောင်အဖွဲ့အစည်းတစ်ခုကိုဦးတည်သွားနိုင်မည်ဖြစ်ပါသည်။

## နောက်ဆက်တွဲ(က)

### ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအသုံးပြုမှု/စီမံခန့်ခွဲမှုအကြောင်းဆန်းစစ်လေ့လာခြင်းပုံစံ

အကြောင်းအရာ - ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှု/စီမံခန့်ခွဲမှုအခြေအနေ စစ်တမ်းကောက်ယူခြင်း

နေ့ရက် -

ကျေးရွာ - ၊ ကျေးရွာအုပ်စု၊ မြို့နယ်။

| | |
|---|---|
| ၁ | ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှုအရ သတ်မှတ်ထားသောမြေအမျိုးအစား နှင့် အဓိပ္ပါယ်သတ်မှတ်ချက်များ |
| ၂ | ရိုးရာဓလေ့အရမြေပိုင်ဆိုင်ခွင့်ပြုခြင်းဖြစ်စဉ် |
| ၃ | ရိုးရာဓလေ့အရမြေယာလုပ်ပိုင်ခွင့်ပြုခြင်း ဖြစ်စဉ် |
| ၄ | ရိုးရာဓလေ့အရမြေယာအသုံးပြုခွင့်ရရှိသူ၏ အခွင့်အရေးများ |
| ၅ | ရိုးရာဓလေ့အရမြေယာအသုံးပြုခွင့်ရသူများ လိုက်နာရသည့်စည်းမျဉ်းစည်းကမ်းများ |
| ၆ | ရိုးရာဓလေ့အရမြေယာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းဖြစ်စဉ်များ |
| ၇ | ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှုအရ စည်းကမ်းချက်များလိုက်နာမှုပျက်ကွက်လျှင် အရေးယူခြင်းဖြစ်စဉ် |
| ၈ | ရိုးရာဓလေ့အရမြေယာလုပ်ပိုင်ခွင့်အငြင်း ပွားမှုများအတွက်ဖြေရှင်းနည်းများ |
| ၉ | ရိုးရာဓလေ့အရမြေယာနှင့်ပတ်သက်သော နစ်နာကြေး၊ လျော်ကြေးများ |
| ၁၀ | ရိုးရာဓလေ့အရမြေယာကိုအသုံးချခြင်း |
| ၁၁ | ရိုးရာဓလေ့အရမြေယာကို စီမံခန့်ခွဲခြင်း |
| ၁၂ | ဓလေ့ထုံးတမ်းမြေယာအသုံးပြုမှုအရ သတ်မှတ်ထားသော ပြစ်မှုနှင့်ပြစ်ဒဏ်များ(စီရင်ထုံးများ) |
| ၁၃ | ရိုးရာဓလေ့အရမြေယာအသုံးပြုမှု/စီမံခန့်ခွဲမှုဖြစ်စဉ် |
| ၁၄ | အထွေထွေ |

## နောက်ဆက်တွဲ(ခ) ကျေးရွာနယ်နမိတ်အတွင်းရှိလယ်ယာမြေနှင့်သက်ဆိုင်သောအချက်အလက်များကောက်ယူမှုပုံစံ

ကျေးရွာနယ်နမိတ်အတွင်းရှိ လယ်ယာမြေ နှင့်သက်ဆိုင်သောအချက်အလက်များ

ကျေးရွာ : ________ ကျေးရွာအုပ်စု : ________ မြို့နယ် : ________

| စဉ် | မြေ အမျိုး အစား | ပိုင်ဆိုင်မှု (ဧက) | တရားဝင်ပိုင်ဆိုင်မှု အမျိုးအစား (ဧက) | | | | | | ကျေးရွာမှ ပိုင်ဆိုင် သောမြေ ပမာဏ (ဧက) | ပြင်ပမှပိုင် သော မြေ ပမာဏ | အစိုးရ ဌာန/ အဖွဲ့ အစည်းတစ်ခု ခုမှ ပိုင်သော မြေ | မှတ်ပုံတင်ရရှိရန် အတွက် ကုန်ကျစရိတ်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အစိုးရမှ မှတ်ပုံ တင်ရရှိ ပြီး | လျှောက် ထားဆဲ | မှတ်ပုံ မတင် ရသေး | ဓလေ့ ထုံးတမ်း အရ | တိုင်းရင်း သားအဖွဲ့ အစည်း လက်မှတ်ရရှိ | မှတ်ပုံ တင်ခွင့် မရ | | | | |
| 1 | လယ် | | | | | | | | | | | |
| 2 | ယာ | | | | | | | | | | | |
| 3 | ဥယျာဉ် | | | | | | | | | | | |
| 4 | တောင်ယာ | | | | | | | | | | | |
| 5 | ရွှေ့ပြောင်း တောင်ယာ | | | | | | | | | | | |
| 6 | သစ်တော | | | | | | | | | | | |
| 7 | တောရိုင်း | | | | | | | | | | | |
| 8 | ရေထွက် | | | | | | | | | | | |
| 9 | တောင် | | | | | | | | | | | |
| 10 | သင်္ချိုင်း | | | | | | | | | | | |
| 11 | ဘုံမြေ | | | | | | | | | | | |
| 12 | စားကျက်မြေ | | | | | | | | | | | |
| 13 | ရွာမြေ | | | | | | | | | | | |
| 14 | ဓမ္မမြို့ရေမြေ | | | | | | | | | | | |
| 15 | | | | | | | | | | | | |
| | စုစုပေါင်း | | | | | | | | | | | |

စာမျက်နှာ(၁)

ကျေးရွာနယ်နမိတ်အတွင်းရှိ လယ်ယာမြေ နှင့်သက်ဆိုင်သောအချက်အလက်များ

ကျေးရွာ : ________ ကျေးရွာအုပ်စု : ________ မြို့နယ် : ________

| စဉ် | မြေ အမျိုးအစား | မြေခွန်ပေးဆောင် ရမှု တစ်ဧကနှုန်း | | ကျေးရွာတွင် မြေယာဓလေ့ထုံးတမ်း အသုံးပြုမှုအခြေအနေ | | | မှတ်ပုံတင်ရရှိပြီးသော လယ်ယာမြေတစ်ဧကအတွက် ရရှိသော | | | ကျေးရွာတွင် လယ်ယာ မြေနှင့်ပတ်သက် သောအဖွဲ့အစည်း (ရှိ/မရှိ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင် | ယခု | ရှိ (မှတ် တမ်း ဖြင့်) ✓ | ရှိ (နှုတ် ဖြင့်) ✓ | မရှိ ✗ | ဈေးငွေ | အတိုး | ကာလ | | |
| 1 | လယ် | | | | | | | | | | |
| 2 | ယာ | | | | | | | | | | |
| 3 | ဥယျာဉ် | | | | | | | | | | |
| 4 | တောင်ယာ | | | | | | | | | | |
| 5 | ရွှေ့ပြောင်း တောင်ယာ | | | | | | | | | | |
| 6 | သစ်တော | | | | | | | | | | |
| 7 | တောရိုင်း | | | | | | | | | | |
| 8 | ရေထွက် | | | | | | | | | | |
| 9 | တောင် | | | | | | | | | | |
| 10 | သင်္ချိုင်း | | | | | | | | | | |
| 11 | ဘုံမြေ | | | | | | | | | | |
| 12 | စားကျက်မြေ | | | | | | | | | | |
| 13 | ရွာမြေ | | | | | | | | | | |
| 14 | ဓမ္မမြို့ရေမြေ | | | | | | | | | | |
| 15 | | | | | | | | | | | |
| | | | | | | | | | | | |

စာမျက်နှာ(၂)

## နောက်ဆက်တွဲ(ဂ) ကျေးရွာ၏လယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာမေးခွန်းပုံစံ(နမူနာ)

မြို့နယ်၊ ____________ ကျေးရွာအုပ်စု ____________ ကျေးရွာလယ်ယာမြေပိုင်ဆိုင်မှုဆိုင်ရာမေးခွန်းများ

| စဉ် | အကြောင်းအရာ | ရှင်းလင်းချက် |
|---|---|---|
| ၁ | မြေပိုင်ဆိုင်ကြောင်းအထောက်အထားမည်သည့်အရာရှိထားသနည်း။<br>☐ ဘာတစ်ခုမှမရှိပါ။<br>☐ အစိုးရမှထုတ်ပေးထားသော မြေဂရန်/လက်မှတ်ရှိသည်။<br>☐ တိုင်းရင်းသားအဖွဲ့အစည်းမှထုတ်ပေးသောမြေဂရန်ရှိပါသည်။<br>☐ မြေပိုင်ရှင်ဖြစ်ကြောင်းဖော်ပြပေးသော့လူထုအသိအမှတ်ပြုမြေကိုသည်။<br>☐ ဓလေ့ထုံးတမ်းအရသာ အသိအမှတ်ပြုထားသည်။ | |
| ၂ | သင်မြေပိုင်ဆိုင်နိုင်ရန်အတွက် မည်သို့လုပ်ဆောင်၊ ကုန်ကျစရိတ်သနည်း။ | |
| ၃ | လက်ရှိသင်တို့ပိုင်ဆိုင်သောမြေကို မည်သို့ပိုင်ဆိုင်ရရှိခဲ့သနည်း။<br>☐ ဝယ်ယူ<br>☐ အမွေ<br>☐ ရှုတ်ထွင်ရှင်းလင်းယူ<br>☐ အခြားနည်း | |
| ၄ | သင်၏ကျေးရွာတွင် မြေယာနှင့်ပတ်သက်သော အငြင်းပွားမှုကိစ္စများ အကြောင်းပြောပြပေးပါ။<br>☐ မရှိပါ။<br>☐ မြင်ပနှင့်<br>☐ ကျေးရွာအတွင်းရှိ အချင်းချင်း<br>☐ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း | |

စာမျက်နှာ(၁)

| စဉ် | အကြောင်းအရာ | ရှင်းလင်းချက် |
|---|---|---|
| ၅ | ကျေးရွာအနေဖြင့် မိမိတို့ပိုင်ဆိုင်သော မှတ်ပုံတင်ခွင့်မရသေးသော လယ်ယာမြေများကိုတရားဝင်ပိုင်ဆိုင်ရေး မည်သို့လုပ်ဆောင်ရန်ရှိသနည်း။<br>☐ ပြဋ္ဌာန်းဥပဒေအရ<br>☐ ဓလေ့ထုံးတမ်းအရ<br>☐ အခြားနည်း | |
| ၆ | ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ကြုံတွေ့ရသော အခြေအနေ၊ အခက်အခဲများကိုဖော်ပြပေးပါ။<br>☐ ငွေကြေးကုန်ကျမှု<br>☐ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်မှု<br>☐ အခြား | |
| ၇ | သင့်ကျေးရွာနယ်နမိတ်အတွင်းတွင်ရှိမြေပေါ်တွင် အစိုးရဌာန/အဖွဲ့အစည်း/ စီးပွားရေးလုပ်ငန်း စသောလုပ်ငန်းများလုပ်ဆောင်ရန်အတွက် မြေနေရာများ လာရောက်ယူထားမှုများအကြောင်းရှိလျှင်ပြောပြပေးပါ။<br>☐ အစိုးရဌာန၊ အဖွဲ့အစည်း<br>☐ စီးပွားရေးလုပ်ငန်း<br>☐ အခြား | |
| ၈ | ပြဋ္ဌာန်းမြေယာဥပဒေပါအချက်အလက်နှင့်နှင့်ပတ်သက်ပြီး သိရှိမှုအခြေအနေကိုဖော်ပြပေးပါ<br>☐ မသိပါ<br>☐ တစ်စိတ်တစ်ပိုင်းသာသိသည်။<br>☐ အများစုသိသည်။ | |
| ၉ | သင်၏ကျေးရွာမြေနယ်နမိတ်အတွင်းတွင်လာရောက်လုပ်ကိုင်မည့် ဖွံ့ဖြိုးရေး စီမံကိန်းကြီးများရှိပါသလားနှင့်၎င်းတို့နှင့်ပတ်သက်ပြီးမည်သို့သိရှိထားသနည်း။<br>☐ မသိပါ<br>☐ တစ်စိတ်တစ်ပိုင်းသာသိသည်။ ဖော်ပြပေးပါ။ | |

စာမျက်နှာ(၂)



ကယားပြည်လူ့အခွင့်အရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာအခွင့်အရေး
လှုပ်ရှားဆောင်ရွက်မှုကွန်ယက်

**Kayah Earthrights Action Network**